

# ပြည်သူလူထုနှင့် မဲဆန္ဒရှင် အသိပညာပေးခြင်း

သင်ကြားရေးလမ်းညွှန်

(ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေခြင်း)

# Civic & Voter Education

# နိဒါန်း

ဤ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း သင်ကြားရေးလမ်းညွှန်စာအုပ်သည် မြန်မာနိုင်ငံသားများအနေနှင့် ဒီမိုကရေစီ စနစ်အားဆွေးနွေးခြင်းနှင့် နိုင်ငံရေးတွင် ပါဝင်ခြင်း အားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်လာစေရန် ရည်ညွှန်းလျက် ပြုစုထားပါသည်။ ဤသင်ခန်းစာတွင် ခေါင်းစဉ်များစွာ ပါဝင်ပြီး၊ ၎င်းတို့မှာ - မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်စဉ် သမိုင်းနောက်ခံ၊ ဒီမို ကရေစီနည်းဖြင့် အုပ်ချုပ်သည် နိုင်ငံ၏ စရိုက်လက္ခဏာများ၊ ရွေးကောက်ပွဲစနစ်များ၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းစဉ်များနှင့် တက်ကြွသည့် နိုင်ငံသား များ၏ စောင့်ကြည့်ကြပ်မတ်ခြင်း စသည်တို့ ဖြစ်ကြပါသည်။

နည်းစနစ်များနှင့် နည်းလမ်းများပိုင်နိုင်စွာဆွေးနွေးခြင်းအားဖြင့် လေ့လာသူများအတွက် ဒီမိုကရေစီအရကိုယ်စားပြုခြင်း၊ မြန်မာနိုင်ငံရှိ မဲပေးသည့်စနစ်နှင့် နိုင်ငံရေးတွင် နိုင်ငံသားများ တက်ကြွစွာ ပါဝင်ခြင်းကိုနားလည်စေမည် ဖြစ်ပါသည်။ စာဖတ်သူအနေနှင့်လည်းမိမိကိုမိမိမည် သည့် အနေထားကို ရွေးချယ်ရမည်၊ အတိမ်းစောင်းမခံသော်လည်း ဒေသအခြေအနေပေါ်မူတည်၍ ငြိမ်းချမ်းစွာ ဒီမိုကရေစီတည်ဆောက်ခြင်းအတွက် အထောက်အကူဖြစ်စေမည့် နည်းလမ်းရွေး ချယ်မှုကို တွေ့ရှိနိုင်မည်ဖြစ်သည်။

သင်တန်းလမ်းညွှန် တစ်ခုအနေနှင့် ဤသင်ခန်းစာသည် ဗဟုသုတနှင့် အရည်ချင်းများ ကိုဖော်ဆောင်ပေးသည့် အရာနေဖြင့်လည်းကောင်း၊ နိုင်ငံသားနှင့် မဲအသိပညာပေးသင်တန်း နည်းပြများအတွက် ပြန်လည်စမ်းသစ်သည့်အတွေးများကို ဆောင်ကျဉ်းပေးမည်ဖြစ်သည်။ ဤသင်ကြားရေး လမ်းညွှန်စာအုပ်အား ဒီမိုကရေစီဆိုင်ရာ သင်ခန်းစာများ၊ သတင်းအချက် အလက် သင်ကြားနည်းများနှင့် သရုပ်ပြများဖြင့် ရေးဆွဲထားပါသည်။ ဤလမ်းညွှန်စာအုပ်တွင် ပြည်သူလူထုနှင့်

မဲဆန္ဒရှင်အသိပညာပေးခြင်းကို ထိရောက်ပြီးပျော်ရွှင်စရာကောင်းသည့် အပြန်အလှန်သင်တန်းပို့ချခြင်းနည်းစနစ်များ ပါဝင်ပါသည်။ ရတနာသိုက်တစ်ခုသဖွယ်ဖြစ်ပြီး သင်တန်း ဆရာများသည် သင်တန်းသားများ၏လိုအပ်ချက်များအပေါ်မူတည်၍ ခေါင်းစဉ်နှင့် ပို့ချနည်းများကို လွပ်လပ်စွာရွေးချယ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ရေခံမြေခံများပေါ်မူတည်၍ ပိုမိုကောင်းမွန် သည့် ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေး ဦးဆောင်လုပ်ငန်းများအတွက် ဤလမ်းညွှန် စာအုပ်အားပိုမိုတိုးတက်ကောင်းမွန်စေရန်လုပ်ဆောင်ခြင်းကို မိမိတို့မှ အလွန်ကြိုဆိုပါသည်။

**ရှေ့သို့ မြန်မာ၊ ဩဂုတ် ၂၀၁၅**

# Introduction

This Civic and Voter Education module has been written to encourage Myanmar citizens to become part of building their country through discussing democracy and engage in politics. It contains a number of topics: the historical background of democratization in Myanmar, characteristics of a state governed by democracy, electoral systems, voting and counting procedures, and active citizen monitoring.

Mastering the techniques and methods discussed will enable users to understand democratic representation; Myanmar's voting system, and active citizen participation in politics. The reader will also find options how to position him-or herself as critical yet supportive of peaceful democracy building in the local setting.

As a training manual, this module may serve as a knowledge and skill builder as well as a refresher for any trainer of civic end voter education. It is enriched with information, activities and simulations on democracy. It offers interactive training techniques that can increase the effectiveness and fun in conducting civic and voter education. As such it is a treasure box, from which the trainers are given the freedom to select topics and methodology according to the needs of the audience. We very much welcome further development of this module so that it can better serve civic and voter education initiatives in Myanmar in specific contexts.

**Shaetho Myanmar, August 2015**

## သင်တန်း ပထမနေ့ အချိန်ဇယား

| အချိန် | သင်ကြားချိန် | ဘာသာရပ် |
|---|---|---|
| နံနက် ၈:၃၀ – ၉:၃၀ | ၃၀ မိနစ် | အမည်စာရင်းတင်သွင်းခြင်းနှင့် စစ်တမ်းကောက်ယူခြင်း |
| နံနက် ၉:၀၀ – ၉:၃၀ | ၃၀ မိနစ် | မိတ်ဆက်ခြင်းနှင့် Icebreakers ကစားခြင်း |
| နံနက် ၉:၃၀ – ၁၀:၁၅ | ၄၅ မိနစ် | မြန်မာ့နိုင်ငံရေးသမိုင်း |
| နံနက် ၁၀:၁၅ – ၁၀:၃၀ | ၁၅ မိနစ် | အားလပ်ချိန် |
| နံနက် ၁၀:၃၀ – ၁၁:၃၀ | ၆၀ မိနစ် | ဒီမိုကရေစီအားအဓိပ္ပါယ် ဖွင့်ဆိုခြင်း |
| နံနက် ၁၁:၃၀ – မွန်းတည့် ၁၂:၀၀ | ၃၀ မိနစ် | ဒီမိုကရေစီနှင့် လူ့အခွင့်အရေး |
| မွန်းတည့် ၁၂:၀၀ – နေ့လည် ၁:၀၀ | ၆၀ မိနစ် | နေ့လည်စာစားချိန် |
| နေ့လည် ၁:၀၀ – ၂:၁၅ | ၇၅ မိနစ် | မဲဆန္ဒရှင်များသိမှတ်ဖွယ်ရာ - မြန်မာဖွဲ့စည်းပုံအခြေခံဥပဒေမိတ်ဆက်၊ မဏ္ဍိုင်သုံးရပ်နှင့် အစိုးရဖွဲ့စည်းပုံမိတ်ဆက် |
| နေ့လည် ၂:၁၅ – ၃:၁၅ | ၆၀ မိနစ် | မဲဆန္ဒရှင်များသိမှတ်ဖွယ်ရာ - အများစုအနိုင်ရသည့်စနစ် (FPTP) နှင့် အချိုးကျကိုယ်စားပြုသည့် စနစ် (PR) |
| နေ့လည် ၃:၁၅ – ၃:၃၀ | ၁၅ မိနစ် | အားလပ်ချိန် |
| နေ့လည် ၃:၃၀ – ညနေ ၄:၃၀ | ၆၀ မိနစ် | ကိုယ်စားလှယ်လောင်းအားအကဲဖြတ်ခြင်း |
| ညနေ ၄:၃၀ – ၅:၀၀ | ၃၀ မိနစ် | မဲပေးသူများမှတ်ပုံတင်ခြင်းနှင့် မဲပေးသူများစာရင်း |

## သင်တန်း ဒုတိယနေ့ အချိန်ဇယား

| အချိန် | သင်ကြားချိန် | ဘာသာရပ် |
|---|---|---|
| နံနက် ၉:၀၀ – ၉:၃၀ | ၃၀ မိနစ် | Icebreaker နှင့် ပထမနေ့ သင်ခန်းစာအား ပြန်လည်သုံးသပ်ခြင်း |
| နံနက် ၉:၃၀ – ၁၀:၃၀ | ၆၀ မိနစ် | ရွေးကောက်ပွဲအားပုံဖော်ခြင်း - ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများ၏ တာဝန်နှင့် ဝတ္တရားများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း |
| နံနက် ၁၀:၃၀ – ၁၀:၄၅ | ၁၅ မိနစ် | အားလပ်ချိန် |
| နံနက် ၁၀:၄၅ – မွန်းတည့် ၁၂:၀၅ | ၇၅ မိနစ် | ရွေးကောက်ပွဲအားပုံဖော်ခြင်း - Role Play ဖြင့် ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ၏ တာဝန်နှင့် ဝတ္တရားများကိုလေ့လာခြင်း |
| မွန်းတည့် ၁၂:၀၅ – နေ့လည် ၁:၀၀ | ၆၀ မိနစ် | နေ့လည်စာစားချိန် |
| နေ့လည် ၁:၀၀ – ၂:၀၀ | ၆၀ မိနစ် | နိုင်ငံရေးတွင် နိုင်ငံသားများ၏ ပါဝင်မှု - စောင့်ကြည့်လေ့လာခြင်း (Monitoring)နှင့် တက်ကြွ နိုင်ငံသား |
| နေ့လည် ၂:၀၀ – ၃:၃၀ | ၉၀ မိနစ် | နိုင်ငံရေးတွင် နိုင်ငံသားများ၏ပါဝင်မှု - တစ်ဦးချင်းစီအတွက် လုပ်ငန်းစဉ်များရေးဆွဲခြင်း |
| နေ့လည် ၃:၃၀ – ၃:၄၅ | ၁၅ မိနစ် | အားလပ်ချိန် |
| နေ့လည် ၃:၄၅ – ညနေ ၄:၁၅ | ၃၀ မိနစ် | နိဂုံးချုပ် - မဲပေးခြင်းနှင့် ပြည်သူလူထု၏ပါဝင်မှု အရေးပါပုံ |
| ညနေ ၄:၁၅ – ၄:၃ | ၁၅ မိနစ် | သင်တန်း ၂ ရက်တာကာလအား စစ်တမ်းပုံစံဖြင့်စွက်ခြင်းဖြင့် လေ့လာ သုံးသပ်ခြင်း |

# အခန်း(၁)
# မြန်မာ့နိုင်ငံရေးသမိုင်း




မြန်မာနိုင်ငံသည် လွတ်လပ်ရေးမရခင် အချိန်အထိပီပြင်သော ခေတ်သစ်နိုင်ငံတော်ကိုမတည် ဆောက်နိုင်ခဲ့ပေ။ လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် ဒီမိုကရေစီနိုင်ငံတစ်ခု တည် ဆောက်ရန် ကြိုးပမ်းခဲ့သည်။ သို့သော်လည်း ဒီမိုကရေစီသက်တမ်းနုစဉ်မှာပင် ပြည်တွင်းစစ်နှင့် ကြုံတွေ့ခဲ့ရပြီး ဒီမိုကရေစီခရီးလည်းနောက်ပြန်လန်ခဲ့ရသည်။ ၁၉၇၄ ခုနှစ်နောက်ပိုင်းတွင် ဆိုရှယ်လစ် စနစ်ကိုအကောင်အထည်ဖော် ကြိုးပမ်းခဲ့သည်။ သို့ရာတွင်အောင်မြင်မှုမရှိခဲ့ပေ။ ၎င်း၏ အကျိုးဆက် ကြောင့် ၁၉၈၈ တွင် တော်လှန်ရေးအရေးတော်ပုံဖြစ်ပွားခဲ့ပြီး ဆိုရှယ်လစ်စနစ်လည်းနိဂုံးချုပ်ခဲ့ရသည်။ ထို့နောက် ၁၉၉၀ ခုနှစ်မှစတင်၍ ၂၀၁၀ ခုနှစ်အထိတပ်မတော်အစိုးရအုပ်ချုပ်ခဲ့သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲဖြင့် မြန်မာနိုင်ငံသည် ဒီမိုကရေစီခရီးသို့ ပြန်လည်တက်လှမ်းလာခဲ့ပြီဖြစ်သည်။

ဤအခန်းတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနောက်ပိုင်းမှစတင်၍

လက်ရှိအချိန်ကာလ အတွင်း ကျင့်သုံးခဲ့သောနိုင်ငံရေးစနစ်များကို မိတ်ဆက်တင်ပြ ဆွေးနွေးထားပါသည်။

### ရည်ရွယ်ချက်

လွတ်လပ်ရေးနောက်ပိုင်းမှ စတင်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ် သမိုင်းကြောင်းကို သိရှိစေရန်။

### သင်ကြားနည်းစနစ်

အပြန်အလှန် ဆွေးနွေးပို့ချခြင်း။

### လိုအပ်သော ပစ္စည်းများ

Projector, Flip Charts, Marker Pens

### သင်ကြားချိန်

(၄၅) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**၁။ သင်တန်းခေါင်းစဉ်ကိုမိတ်ဆက်ခြင်း။**

- နည်းလမ်း - ပို့ချခြင်း။
- ပြုလုပ်ပုံ - သင်တန်းနည်းပြမှ သင်ခန်းစာ၏ခေါင်းစဉ်နှင့် ရည်ရွယ်ချက်ကို ရှင်းပြပါ။ သင်တန်း သားများကိုလည်းမှတ်သားပါဝင်ရန် ပြောကြားပါ။

သင်ကြားချိန် ၅ မိနစ်

**၂။ မြန်မာ့နိုင်ငံရေးသမိုင်း။**

- နည်းလမ်း - အပြန်အလှန်ဆွေးနွေးခြင်း။
- ပြုလုပ်ပုံ - သင်တန်းနည်းပြမှ သင်တန်းသားများကို အောက်ပါမေးခွန်းကိုမေးပါ။
  - မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနောက်ပိုင်းမှစတင်၍ မည်သည့်နိုင်ငံရေး စနစ်များကို ကျင့်သုံးခဲ့သနည်း။
  - မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သောဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ရွေးကောက်ပွဲ များကိုသင်သိသမျှပြောပြပါ။

သင်ကြားချိန် ၅ မိနစ်

**၃။ မြန်မာ့နိုင်ငံရေးသမိုင်း။**

- နည်းလမ်း - ပို့ချခြင်း။
- ပြုလုပ်ပုံ - သင်တန်းနည်းပြမှ မြန်မာ့နိုင်ငံရေးသမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြပါ။

သင်ကြားချိန် ၃၀ မိနစ်

**၄။ အနှစ်ချုပ်ခြင်း။**

- နည်းလမ်း - အမေး၊ အဖြေ
- ပြုလုပ်ပုံ - ယခုသင်ခန်းစာနှင့် ပတ်သက်၍ သင်တန်းသားများအနေဖြင့် သိလိုသည်များ ကိုမေးမြန်းစေပြီး သင်တန်းနည်းပြနှင့် အပြန်အလှန် ဆွေးနွေးပါ။

သင်ကြားချိန် ၅ မိနစ်

## သင်ခန်းစာလမ်းညွှန်

### မြန်မာ့နိုင်ငံရေးသမိုင်း

မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်တွင် ကျင့်သုံးခဲ့သောအခြေခံဥပဒေများ၊ ရွေးကောက်ပွဲများနှင့် နိုင်ငံရေးစနစ်တို့ကို

အနည်းငယ်တင်ပြလိုသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမတိုင်ခင် ကာလကတည်းက အခြေခံဥပဒေများ၊ ရွေးကောက်ပွဲများ ရှိခဲ့သည်။

## မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သောအခြေခံဥပဒေများ

• The Constitution of the Union of Burma, (1947–1958/1960 – 1962) • The Constitution of the Socialist Republic of the Union of Burma, (1974 – 1988) • The Constitution of the Republic of the Union of Myanmar, (2008 – Present)

ရွေးကောက်ပွဲသမိုင်းကြောင်း

လွတ်လပ်ရေးအကြိုခေတ် (၁ ကြိမ်)၊ လွတ်လပ်ပြီးခေတ် (၇ ကြိမ်) ▯ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ - ၁၉၄၇၊

▯ ဖဆပလ (၃ ကြိမ်) - ၁၉၅၁၊ ၁၉၅၆၊ ၁၉၆၀

▯ မဆလ (၄ ကြိမ်) - ၁၉၇၄၊ ၁၉၇၈၊ ၁၉၈၁၊ ၁၉၈၅

▯ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ (၂ ကြိမ်) - ၁၉၉၀ (မေ)၊ ၂၀၁၀ (နိုဝင်ဘာ)

ပါလီမန်ဒီမိုကရေစီ (၁၉၄၇ - ၁၉၆၂)

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်လွတ်လပ်ရေးရရှိခဲ့သည်။ ထို့နောက် ဖဆပလဦးဆောင်မှုဖြင့် ပါလီမန်ဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်ကျင့်သုံးခဲ့ကြသည်။

သို့သော်လည်းလွတ်လပ်ရေးရပြီး ၃ လခန့်အကြာမှာပင် ပြည်တွင်းစစ်နှင့်ကြုံခဲ့ရ၍ ဒီမိုကရေစီခရီးထင်တိုင်းမပေါက်ခဲ့ရပေ။ ၁၉၅၈ ခုနှစ် စက်တင်ဘာ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သောအိမ်စောင့်အစိုးရတက်လာခဲ့သည်။ ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလတွင် အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ ဦးနုမှ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ သို့သော် နှစ်နှစ်သက်တမ်းမျှအကြာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေး ကောင်စီမှ အာဏာသိမ်းယူခဲ့သည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၆၂ - ၁၉၇၄)

အတိအကျဆိုရလျှင် ၁၉၆၂ နောက်ပိုင်းတော်လှန်ရေးကောင်စီခေတ်နှင့် ၁၉၇၄ နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် ဖြစ်ပါသည်။ ထိုခေတ်မြန်မာ့ခေါင်းဆောင်များကစျေးကွက်နှင့် ဒီမိုကရေစီကိုပယ်ပြီးစီမံကိန်းနှင့် တစ်ပါတီစနစ်ဘက် ဦးလှည့်ခဲ့ကြသည်။ ဦးဆောင်ပါတီမှလွဲ၍ မည်သည့်နိုင်ငံရေးပါတီမှ တည်ရှိခွင့်မရှိတော့သလို၊ ဥပဒေတွင်း နိုင်ငံရေးလှုပ်ရှားမှုများ လည်း ဆုံးခန်းတိုင်သွားခဲ့တော့သည်။

## စစ်အုပ်ချုပ်ရေး (၁၉၉၀ - ၂၀၁၀)

မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်က တော်လှန်ရေးတစ်ရပ်အဖြစ် ရှစ်လေးလုံးအရေးတော်ပုံ (၈.၈.၈၈) ဖြစ်ပွားခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်စောမောင်မှ အာဏာသိမ်းယူ၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) ကိုဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ခုနှစ် မေလတွင် အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ စုစုပေါင်းအမတ် နေရာ ၄၉၂ အနက် ၃၉၂ နေရာကိုအနိုင်ရရှိခဲ့သည်။ သို့သော် နဝတအစိုးရမှ အာဏာလွှဲပြောင်းခဲ့ခြင်းမရှိပေ။

ထိုနောက် အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရန် ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် အမျိုးသားညီလာခံတစ်ရပ်ကို စတင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် နဝတအစိုးရကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အဖြစ် ပြင်ဆင် ဖွဲ့စည်းခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၎င်းဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့သည်။



• ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲ မြင်ကွင်း



- ၂၀၁၀ အထွေထွေရွေးကောက်ပွဲ မြင်ကွင်း

## အခန်း(၂)
## ဒီမိုကရေစီအား အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲနေသော မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီ အကြောင်းကို ပိုမိုရှင်းလင်းစွာ သိရှိထားခြင်းဖြင့် နိုင်ငံသားများအကြား ဒီမိုကရေစီ၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို ကောင်းမွန်စွာနားလည်သဘောပေါက်လာမည် ဖြစ်ပါသည်။ ဒီမိုကရေစီဆိုင်ရာ အသိ ပညာဗဟုသုတများ တိုးပွားလာသည့်အလျောက် ဒီမိုကရေစီယဉ်ကျေးမှုနှင့် ဓလေ့များလည်း မြန်မာ့ လူ့အဖွဲ့အစည်းအတွင်း ပိုမိုတွင်ကျယ်လာမည်ဖြစ်ပါသည်။ ယခုသင်ရိုးညွှန်းတမ်းသည် သင်ကြားပို့ချခြင်း သီးသန့်ကို ရည်ရွယ်ခြင်းမျိုးမဟုတ်ဘဲ သင်တန်းသားများ၏ အဖွဲ့လိုက်ဆောင်ရွက်ဆွေးနွေးမှုအပေါ် အခြေခံ၍ ဒီမိုကရေစီနှင့် လိုက်လျောညီထွေဖြစ်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခုအား မည်ကဲ့သို့ဖန်တီး ပုံဖော်ရမည်ဆိုသည်ကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာသည့်ပုံစံဖြင့် သင်ကြားသင်ယူမှုဖြစ်စဉ်အား ပုံဖော် သွားပါမည်။

နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီကို သစ်ပင်တစ်ပင်အဖြစ်ပုံဖော်ကြည့်၍ အဆိုပါ ဒီမိုကရေစီသစ်ပင် ရှင်သန်ကြီးထွား ဖွံ့ဖြိုးနေအောင် မည်ကဲ့သို့လုပ်ဆောင်သွားမည်၊ အကိုင်းအခက် ပင်စည် ရေသောက်မြစ် များ မည်သို့အားကောင်းအောင်လုပ်ဆောင်မည်၊ ပြင်ပမှသက်ရောက်မှုများကို မည်သို့တုန့်ပြန်မည် မည်သည့် အသီးအပွင့်များ ဖြစ်ပေါ်လာအောင် မည်သို့လုပ်ဆောင်မည် စသည်ဖြင့် စဉ်းစားကြခြင်းဖြင့် ဒီမိုကရေစီ ရှင်သန်ရေးအတွက် မည်သို့လုပ်ဆောင်သွားမည်ကို ဝိုင်းဝန်းဆွေးနွေးကြကာ တိုင်းပြည်၏ ဒီမိုကရေစီစနစ်အား မည်ကဲ့သို့ အဆင့်ဆင့်ပျိုးထောင်ရမည်ကို အတူတကွအဖြေရှာခြင်းဖြင့် အပြန် အလှန် ဆွေးနွေးသွားပါမည်။

ရည်ရွယ်ချက်

ဒီမိုကရေစီ၏ အခိပ္ပာယ်နှင့် အကျိုးကျေးဇူးများကို သိရှိစေရန်

### သင်ကြားနည်းစနစ်

ဦးနှောက်မုန်တိုင်းဆင်ခြင်း။

အပြန်အလှန် ဆွေးနွေးခြင်း

အဖွဲ့လိုက် ဆောင်ရွက်ခြင်း။

### လိုအပ်သော ပစ္စည်းများ

Flipcharts, markers, handouts

### သင်ကြားချိန်

(၆၀) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

## ၁။ သင်ခန်းစာအား မိတ်ဆက်ခြင်း ဒီမိုကရေစီ၏အဓိပ္ပာယ်ကို ရှာဖွေခြင်း။

သင်ကြားချိန် ၁၅ မိနစ်

- နည်းလမ်း - အပြန်အလှန်ဆွေးနွေးခြင်း။
- ပြုလုပ်ပုံ - သင်တန်းနည်းပြမှ အပြန်အလှန်မေးခွန်းများဖြင့်သင်ခန်းစာကို စတင်ရပါမည်။ မေးမြန်းရမည့် မေးခွန်းများမှာ -

  (က) ဒီမိုကရေစီကို သင်မည်ကဲ့သို့ နားလည်ထားသနည်း။

  (ခ) နိုင်ငံ တစ်နိုင်ငံတွင် ဒီမိုကရေစီ ထွန်းကားမှုရှိ၊ မရှိကို သင်မည်သို့သိရှိနိုင်သနည်း။ မည်သည့်အချက်များကို ကြည့်မည်နည်း။

  သင်တန်းနည်းပြမှ ပြောကြားချက်များကိုစုစည်း၍ သင်တန်းသားများအားလုံး၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များပါဝင်သော ဘုံအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ရှင်းလင်းပါ။ ထို့နောက် သင်ခန်းစာမှပေးလိုသည့် အဓိကအချက်မှာ ဒီမိုကရေစီစနစ်ဆိုသည်မှာ အမြင်မတူ ကွဲပြားမှုများကြားတွင် ဘုံသဘောတူညီချက်ရရှိရန် ညှိနှိုင်းအဖြေရှာနေကြရခြင်းဖြစ်ကြောင်း ပြောကြားပါ။

## ၂။ ဒီမိုကရေစီ၏ အကျိုးကျေးဇူးရလဒ်များအား ဖော်ထုတ်ခြင်း။

သင်ကြားချိန် ၃၀ မိနစ်

- နည်းလမ်း - ဒီမိုကရေစီသစ်ပင်ရေးဆွဲခြင်း။
- ပြုလုပ်ပုံ - အဆင့်(၁) သစ်ပင်တစ်ပင်၏ အစိတ်အပိုင်းများကို ရှင်းပြရပါမည်။ ထို့နောက် သစ်ပင်ကို ဥပမာထား၍ ဒီမိုကရေစီကိုပုံဖော်ရမည်ဖြစ်ကြောင်းရှင်းလင်းပါ။ သစ်ပင်၏အစိတ်အပိုင်းများအနက် အသီးအပွင့်၊ အရွက်များသည် ဒီမိုကရေစီစနစ်ကြောင့်ပေါ်ထွက်လာသည့် အကျိုးရလဒ်များအဖြစ် ပုံဖော်ထားကြောင်း ရှင်းလင်းပါ။ ထို့နောက် အမြစ်၊ အကိုင်း၊ ပင်စည်များကို မည်သို့ပုံဖော်ရမည်ဖြစ်ကြောင်းနှင့် သစ်ပင်အစိတ်အပိုင်းများအားလုံးကို ဖြည့်စွက်စဉ်းစားရမည်ဖြစ်ကြောင်းပြောကြားပါ။ ဒီမိုကရေစီ သစ်ပင်တစ်ပင်ကို မည်သို့ရေးဆွဲရမည်ဆိုသည်ကို ရှင်းလင်းပါ။ ဒီမိုကရေစီစနစ်မှ ရရှိမည့် အကျိုးရလဒ်များ အဓိပ္ပါယ်၊ အခန်းကဏ္ဍနှင့် မည်သို့အကျိုးပြုသည် ဆိုသည်ကို ရှင်းလင်းပါ။ (သစ်ပင်အား နမူနာယူ၍ သင်ကြားခြင်းဖြစ်ရာ မိမိတို့ဒေသတွင်ရှိသော သစ်ပင်တစ်မျိုးမျိုး ဥပမာ- ချယ်ရီပင်၊ ပိတောက်ပင် စသည်ဖြင့် ရေးဆွဲနိုင်ကြောင်း ပြောပါ)။

  အဆင့်(၂) အဖွဲ့လိုက် အပြန်အလှန်ဆွေးနွေး၍ အဖွဲ့တစ်ဖွဲ့လျှင် ဒီမိုကရေစီ သစ်ပင်ပုံတစ်ပုံရေးဆွဲ၍ မိမိတို့အဖွဲ့မှ စဉ်းစားနိုင်သရွေ့ ဒီမိုကရေစီ၏ အကျိုးရလဒ်များကိုစာရင်းပြုစုပြီး သစ်ပင်၏ အသီး၊ အရွက်များနေရာတွင် ရေးသားစေပါ။

  အဆင့်(၃) ထို့နောက်ရေးဆွဲထားသော သစ်ပင်ပုံများကိုနံရံတွင် ကပ်၍ ကိုယ်စားလှယ်တစ်ဦးမှ တင်ပြခြင်းဖြင့် အဖွဲ့လိုက်အပြန်အလှန်ဆွေးနွေးပါ။

သင်ကြားချိန် ၁၅ မိနစ်

**၃။ အနှစ်ချုပ်ခြင်း။**

- နည်းလမ်း - အပြန်အလှန်ဆွေးနွေးခြင်း။
- ပြုလုပ်ပုံ - အုပ်စုလိုက်သစ်ပင်များတွင် အများဆုံးရေးသားထားသည့် အကျိုးရလဒ်များကို အနှစ်ချုပ်ပြောကြား၍ သင်ခန်းစာ၏ အဓိကအချက်ကို ပြောကြားရာတွင်

နိုင်ငံရေးစနစ်အမျိုးမျိုး သမိုင်းကြောင်းတလျှောက်တွင် ပေါ်ပေါက်ခဲ့ သော်လည်း လူတိုင်း၏တန်းတူညီမျှမှု၊ လွတ်လပ်မှုတို့ကို အာမခံပေးနိုင်သည့် စနစ်မှာ ဒီမိုကရေစီဖြစ်ခြင်းကြောင့် ကမ္ဘာ့လားရာသည် ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံများ၏ အနေအထား၊ ဖွဲ့စည်းပုံနှင့် လိုအပ်ချက်များ တူညီခြင်းမရှိသောကြောင့် ဒီမိုကရေစီစနစ်မှ မိမိတို့မျှော်မှန်းသည့် အကျိုးရလဒ်များကို နိုင်ငံသားများအနေဖြင့် သိရှိမှသာ မိမိတို့နှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပါ။ ထို့ပြင် အကျိုးရလဒ်များသည် သစ်သီး၊ သစ်ရွက်များဖြစ်သည့်အလျောက် ကြွေကျသည့်အခါ သစ်ပင်အတွက် လိုအပ်သော မြေဩဇာဓါတ်အဖြစ် သံသရာလည်ရပုံနှင့် တခါတရံတွင် ဒီမိုကရေစီ၏ အကျိုးရလဒ်များသည် ဒီမိုကရေစီအတွက် လိုအပ်သည့် စံနှုန်းများဖြစ်နေတတ်ကြောင်း၊ စံနှုန်းများကို လေ့ကျင့် မွေးမြူရင်း အကျိုးရလဒ်များပေါ် ထွက်စေရန်လုပ်ဆောင်ရသည်ဖြစ်ရာ ဒီမိုကရေစီဆိုသည်မှာ ဖြစ်စဉ်တခုဖြစ်ကြောင်း၊ စိတ်ရှည်ရှည်ဖြင့် တည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြောကြား၍ နိဂုံးချုပ်ပါ။

# သင်ခန်းစာလမ်းညွှန်

## ဒီမိုကရေစီ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုခြင်း

ဒီမိုကရေစီဟူသောစကားလုံးသည် “Demos” နှင့် “Kratos” ဟူသောဂရိစကားလုံးနှစ်ခုမှ ဆင်းသက်လာသည်။ “Demos” ဟူသောဂရိစကားလုံးသည် “လူထု” (People) ဟု အဓိပ္ပာယ်ရှိပြီး၊ “Kratos” သည် “အုပ်ချုပ်ခြင်း” (Rule) ဟူ၍ အဓိပ္ပာယ်ရသည်။ ထိုစကားလုံးနှစ်ခုကိုပေါင်းစပ်သောအခါ ဒီမိုကရေစီကို “လူထုအုပ်ချုပ်ခြင်းစနစ်” ဟုအဓိပ္ပာယ်ဖွင့်ဆို နိုင်ပါသည်။

ဒီမိုကရေစီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ - ပြည်သူ လူထုသာလျှင် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ရှင်များ ဖြစ်သည်။ နိုင်ငံတော် အချုပ်အခြာအာဏာကိုပိုင်ဆိုင်ခြင်းဆို ရာ၌ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ရေသောက်မြစ် သုံးသွယ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်သူလူထုကမိမိတို့ဆန္ဒအ တိုင်းလွတ်လပ်စွာကျင့်သုံးပိုင်ခွင့်နှင့် စီမံပိုင်ခွင့် အခွင့်အာဏာ များရရှိခြင်းကို ဆိုလိုသည်။ ထိုသို့ ကျင့်သုံးရာတွင်သော် လည်းကောင်း၊ စီမံခန့်ခွဲရာတွင်သော်လည်းကောင်း၊ လွတ် လပ်စွာတာဝန်ယူပိုင်ခွင့်နှင့် တာဝန်ခံပိုင်ခွင့် အစရှိသည့် လုပ်ပိုင်ခွင့်များကိုလည်း ပြည်သူလူထုက လက်ဝယ်ပိုင်ဆိုင် ထားကြသည်။ ယင်းသည် "အုပ်ချုပ်ခြင်း" သာမက နိုင်ငံရေး အာဏာတစ်ရပ်လုံးကို လူထုက လက်ဝယ်ပိုင်ဆိုင်ထားသော ကြောင့် ဒီမိုကရေစီစနစ်ကို "လူထုထံတွင် အာဏာရှိသော စနစ်"ဟုလည်း အချို့သောပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆို ကြသည်။

မျက်မှောက်ခေတ်ကာလတွင် နိုင်ငံရေးအာဏာ များကို လက်ဝယ်ပိုင်ဆိုင်ကျင့်သုံးရာ၌ ရှေးခေတ် ဂရိမြို့ပြ နိုင်ငံတွင် ကျင့်သုံးခဲ့သော နိုင်ငံရေးများနှင့်မတူပေ။ လူထုက တိုက်ရိုက်အုပ်ချုပ်ခြင်းထက် ရွေးကောက်ပွဲများ ကျင်းပ၍ ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်သော စနစ်ကို ကျင့်သုံးသည်ကပိုများသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို "လူထုအုပ်ချုပ်ခြင်း" ဆိုသောအဓိပ္ပာယ်ထက် "လူထုထံတွင် အာဏာရှိခြင်း" ဟူသောအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုအများကပို၍ လက်ခံလာကြပါသည်။ သို့ရာတွင် အဆိုပါ အဓိပ္ပာယ်ဖွင့်ဆို ချက်နှစ်မျိုးစလုံးသည် အနက်အဓိပ္ပာယ်အားဖြင့် အတူတူပင် ဖြစ်သည်။

## ဒီမိုကရေစီ၏ အရေးကြီးသောအင်္ဂါရပ်များ

ဒီမိုကရေစီစနစ်တွင် နိုင်ငံတော်အချုပ်အခြာအာဏာကို ပြည်သူလူထုကပိုင်ဆိုင်သည်။

• ဒီမိုကရေစီစနစ်တွင် နိုင်ငံတော် အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်သူလူထုက လွတ်လပ်စွာကျင့်သုံးပိုင်ခွင့် ရှိသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သည် ပြည်သူလူထု၏ လက်ထဲတွင် နိုင်ငံရေးအာဏာများကို ထားရှိသော စနစ် ဖြစ်ပါသည်။

• ဒီမိုကရေစီစနစ်တွင် အစိုးရသည် ပြည်သူလူထုက မိမိတို့ပိုင်ဆိုင်ထားသော နိုင်ငံရေးအာဏာများကိုကန့် သတ်ထားသော သက်တမ်းကာလတစ်ခုအတွင်း ကျင့် သုံးခွင့်ပေးထားခြင်းခံရသော အုပ်ချုပ်ရေးအဖွဲ့ တစ်ဖွဲ့ မျှသာ ဖြစ်သည်။

• ဒီမိုကရေစီစနစ်တွင် အစိုးရသည် ပြည်သူလူထု၏ အပေါ်တွင် မရှိ။ အစိုးရသည် ပြည်သူလူထုကိုအစေခံ ရမည့် သို့မဟုတ် ဝန်ဆောင်မှုပေးရမည့် ပြည်သူ့ ဝန်ထမ်းများသာဖြစ်သည်။

• ဒီမိုကရေစီစနစ်တွင် အစိုးရနှင့် နိုင်ငံတော်အချုပ်အခြာ အာဏာတို့ကိုထပ်တူထပ်မျှ သဘောမထားသင့်ပေ။ အစိုးရသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ရေ သောက်မြစ် သုံးသွယ်အနက်မှ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ် ကျင့်သုံးရန် တာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံတော် ယန္တရားတစ်ခုမျှသာ ဖြစ်သည်။

### ဒီမိုကရေစီ သစ်ပင်ရေးဆွဲခြင်း

ဒီမိုကရေစီသစ်ပင်ဟု အဘယ့်ကြောင့် ခေါ်ဆိုသနည်း။

သစ်ပင်တစ်ပင်ကိုလေ့လာလျှင်ယေဘုယျအားဖြင့် -

၁။ အရွက်၊ အသီးအပွင့်များ

၂။ အကိုင်းအခက်များ

၃။ ပင်စည်

၄။ ရေသောက်မြစ်

၅။ မြေဆီမြေသြဇာ နှင့်

၆။ ပတ်ဝန်းကျင်ရာသီဥတု စသည်ဖြင့် တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

သစ်ပင်၏ ဥပမာကိုယူ၍ ဒီမိုကရေစီ ဖြစ်စဉ်နှင့် ဆက်စပ်နားလည်နိုင်ရန် ပုံတူပေးထားသော သစ်ပင်ကို “ဒီမို ကရေစီသစ်ပင်” ဟုတင်စားခေါ်ဆိုခြင်းဖြစ်ပါသည်။

ဒီမိုကရေစီသစ်ပင်တွင်ပါဝင်ရမည့် အစိတ်အပိုင်းများ

ဒီမိုကရေစီသစ်ပင်တွင် -

၁။ အရွက်၊ အသီးအပွင့်များ = အကျိုးရလဒ်များ

၂။ အကိုင်းအခက်များ = အကျိုးရလဒ်များကို ပေါ် ပေါက်စေမည့် နည်းလမ်းများ

၃။ ပင်စည် = အင်စတီကျူးရှင်းများ

၄။ ရေသောက်မြစ် = ဒီမိုကရေစီ၏ အခြေခံမူများ

၅။ မြေဆီမြေသြဇာ = စံနှုန်းတန်ဖိုးများ

၆။ ပတ်ဝန်းကျင်ရာသီဥတု = အထောက်အပံ့ (သို့) ခြိမ်းခြောက်မှုများ စသည့် အစိတ်အပိုင်းများ ပါဝင်ပါသည်။

## အစိတ်အပိုင်းတစ်ခုချင်းစီ၏ ဆက်စပ်မှု

သစ်ပင်တစ်ပင်ရှင်သန်ဖြစ်ထွန်းရန်အတွက် မြေဆီ လွှာပါဝှသော ရေခံမြေခံ အခြေအနေကောင်းများ ရှိရန်လိုအပ် ပါသည်။ အဆိုပါ မြေဆီမြေကောင်းပေါ်တွင် ရှင်သန်ပေါ် ပေါက်လာမည့် ဒီမိုကရေစီသစ်ပင်ကို မည်သို့ရှင်သန်အောင် ပျိုးထောင်မည်ကို စဉ်းစားနိုင်ရန် ရည်ရွယ်ပါသည်။ သစ်ပင်တစ်ပင်သည် ပြင်ပမှသက်ရောက်လာမည့် လေဒဏ်မိုးဒဏ် များကို ကြံ့ကြံ့ခံနိုင်ရန်အတွက် မြေပြင်ပေါ်တွင် ဟန်ချက် ညီညီဖြစ်တည်နေရန် လိုအပ်သည်။ ထိုသို့သစ်ပင်တစ်ပင် ဟန်ချက်ညီညီ ရှင်သန်နိုင်ရန်အတွက် ပင်စည်ခိုင်မာအောင် မည်သို့လုပ်ဆောင်မည်၊ အကိုင်းအခက်များ လိုက်လျော ညီထွေမှုရှိအောင် မည်သို့လုပ်ဆောင်မည် စသည့်အချက် များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ရေသောက် မြစ်များ အစဉ်ရှင်သန်နေရန်လည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

အဆိုပါ သဘောသဘာဝ အပေါ်အခြေခံ၍ နိုင်ငံ တစ်နိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ရှင်သန်အောင် မည်သို့ လုပ်ဆောင်ရမည်ဆိုသည်ကို ထည့်သွင်း၍ ဆက်စပ်စဉ်းစား ရမည် ဖြစ်ပါသည်။ မြေဆီနှင့်တူသော ဒီမိုကရေစီတန်ဖိုးများ ရှင်သန်အောင် မည်သို့လုပ်ဆောင်မည်၊ ရေသောက်မြစ်နှင့် တူသော ဒီမိုကရေစီ၏ အခြေခံမှုများ အားကောင်းအောင် မည်သို့လုပ်ဆောင်မည်၊ ပင်စည်နှင့်တူသော အင်စတီကျူးရှင်း များ အားကောင်းခိုင်မာအောင် မည်သို့လုပ်ဆောင်မည်၊ အကိုင်အခက်နှင့်တူသော နည်းလမ်းများကို မည်သို့ဖော် ဆောင်မည်၊ ထိုသို့ဖော်ဆောင်ခြင်းဖြင့် ဒီမိုကရေစီ၏ အကျိုး အာနိသင်ဖြစ်သော အသီးအပွင့်များ မည်သို့ဖြစ်ပေါ်စေမည် စသည့်သဘောတရားများ ချိတ်ဆက်နေပါသည်။

သစ်ပင်တစ်ပင် ဟန်ချက်ညီရှင်သန်နိုင်ဖို့အတွက် အဆိုပါသစ်ပင်

တည်မှီရာနှင့်တူသော သစ်ပင်အတွက် အစာ
အဟာရဖြစ်သောမြေဆီလွှာသည်အရေးကြီးသကဲ့သို့ အဆိုပါ အစာအာဟာရတို့ကို
စုပ်ယူမည့် ရေသောက်မြစ်များသည် လည်း အရေးကြီးပါသည်။ ထို့ပြင်အဆိုပါ
သစ်ပင်ကြီး၏ ပင်စည် ခိုင်မာမှု၊ သက်ရောက်လာသော လေဒဏ် မိုးဒဏ် များကို
အလိုက်သင့် ခံနိုင်စွမ်းရှိမှု၊ အပြင်မှ ရရှိလာမည့် အကျိုးကျေးဇူး အခွင့်အလမ်းများကို
လက်ခံရယူရမည့် အကိုင်းအခက်များ၏ အခန်းကဏ္ဍသည် လည်းကောင်း၊
အရေးပါပါသည်။ အဆိုပါ မြေဆီလွှာ၊ ရေသောက်မြစ်၊ ပင်စည်၊ အကိုင်းအခက်များ
ဟန်ချက်ညီမှသာ မိမိတို့ လိုချင် သော အသီးအပွင့်များ မှန်ကန်စွာဖြစ်ထွန်းပြီး
ဖြစ်ထွန်းလာ သမျှသော အသီးအပွင့်များလည်း အပင်ပေါ်တွင် ရှင်သန်ပွား
များလာမည် ဖြစ်ပါသည်။ သင်တန်းနည်းပြအနေဖြင့် အဆိုပါ
သဘောတရားအပေါ်အခြေခံပြီး ဒီမိုကရေစီဝန်းကျင်ကောင်း တစ်ခုကို
မည်သို့ဖော်ဆောင်မည်ကို ဆက်စပ်ရှင်းလင်း ပို့ချ သွားရမည် ဖြစ်ပါသည်။

## ဒီမိုကရေစီ သစ်ပင် နမူနာပုံစံငယ်




အကျိုးရလဒ်များ = အရွက်၊ အသီး၊ အပွင့်များ

ဖြစ်နိုင်ချေရှိသော အကျိုးရလဒ်များ

• ငြိမ်းချမ်းရေး

- ရေရှည်တည်တံ့မှု
- သာယာဝပြောမှု
- ဆင်းရဲမွဲတေမှုလျှော့ချနိုင်ခြင်း
- အကြမ်းဖက်မှုများကို လျှော့ချနိုင်ခြင်း
- သက်ဝင်လှုပ်ရှားသော လူ့အဖွဲ့အစည်း
- လူသားဂုဏ်သိက္ခာ၊ လူ့အခွင့်အရေးကို အာမခံနိုင်ခြင်း
- လွတ်လပ်မှု
- လူနေမှုအဆင့်အတန်းမြင့်မားခြင်း

အရွက်၊ အသီး၊ အပွင့်များကြွေကျသောအခါ မြေဆီမြေသြဇာပြန်ဖြစ်သည့် သဘောသဘာဝ ရှိသကဲ့သို့ ဒီမို ကရေစီမှ မိမိတို့မျှော်မှန်းသော အကျိုးရလဒ်များသည် ဒီမိုကရေစီ၏ တန်ဖိုးများ ဖြစ်နေတတ်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

### တန်ဖိုးစံနှုန်းများ=မြေဆီမြေသြဇာ

ဖြစ်နိုင်ချေရှိသော အဖြေများ

- အမှန်တရား
- နိုင်ငံသားကြန်အင်လက္ခဏာ။မျိုးချစ်စိတ်
- တရားမျှတမှု
- တန်းတူညီမျှမှု
- မတူညီကွဲပြားမှုများကို အသိအမှတ်ပြု လက်ခံနိုင်မှု

- လူတစ်ဦးချင်းစီ၏ အခွင့်အရေး
- လူ့အခွင့်အရေး
- တာဝန်ယူမှု။ တာဝန်ခံမှု
- မတူညီမှုများအပေါ်စိတ်ရှည်သည်းခံနိုင်မှု
- ဆွေးနွေးညှိနှိုင်းနိုင်မှု
- အပေးအယူ၊ အလျှော့အတင်းပြုလုပ်နိုင်မှု
- ပူးပေါင်းဆောင်ရွက်နိုင်မှု

## ဒီမိုကရေစီ၏ အခြေခံမှုများ=ရေသောက်မြစ်

ဒီမိုကရေစီ၏ အခြေခံမှုများကို အဖွဲ့အစည်း အသီး သီးမှ အမျိုးမျိုးအဓိပ္ပါယ်ဖွင့်ဆိုထားရာ ဤစာအုပ်တွင် ယင်း အဓိပ္ပါယ်ဖွင့်ဆိုမှုများကို ခြုံငုံ၍ အခြေခံမှု (၄)ရပ်ကို ဖော်ပြထား ပါသည်။ ၎င်းတို့မှာ-

(၁) လူများစု၏ သဘောဆန္ဒဖြင့် အုပ်ချုပ်မှု (Popular Control) (၂) နိုင်ငံသားများအားလုံး တန်းတူအခွင့်အရေးရရှိမှု (Popular Equality)

(၃) လူတစ်ဦးစီ၏ လွတ်လပ်မှုကို အာမခံပေးနိုင်မှု (Individual Freedom)

(၄) အခြေခံဥပဒေအရ အုပ်ချုပ်မှု (Constitutional Government) စသည်တို့ဖြစ်ပါသည်။

ယင်းအခြေခံမှုများကို အခြေခံ၍ ဒီမိုကရေစီ၏ အနှစ်သာရများအား အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ၁။ လူများစု၏ သဘောဆန္ဒဖြင့် အုပ်ချုပ်မှုဆိုသည်မှာ အာဏာသည် လူထုထံမှဆင်းသက်သည်ဆိုသည့် သဘောတရားကို

ဆိုလိုခြင်းဖြစ်ပါသည်။

၂။ နိုင်ငံသားများအားလုံး နိုင်ငံရေးအရ တန်းတူညီမျှ အခွင့်အရေးရမှသာလျှင် ဒီမိုကရေစီ၏ အခြေခံမှု ဖြစ်သော တန်းတူညီမျှမှုကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

၃။ ဒီမိုကရေစီသည် လူသားအားလုံး၏ ရပိုင်ခွင့်နှင့် အခြေခံအခွင့်အရေးများကို အသိအမှတ်ပြုသည်။ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း သည် ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုဖြစ်သည်။

၄။ အချုပ်အခြာအာဏာ(၃)ရပ်ကို တရားဝင်မှုရှိသော အခြေခံဥပဒေဖြင့် ကန့်သတ်ထားခြင်းဖြင့် လူထုထံ တွင် အာဏာတည်စေသည်။

## အင်စတီကျူးရှင်း = ပင်စည်

၁။ ဖွဲ့စည်းပုံ ဒီဇိုင်းနှင့် ပြုပြင်ပြောင်းလဲမှုများ

၂။ ရွေးကောက်ပွဲဖြစ်စဉ်များ

၃။ ပါလီမန် လုပ်ငန်းစဉ်များ

၄။ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှု

၅။ လွတ်လပ်စွာဖော်ထုတ်ခွင့် လွတ်လပ်စွာ ဖွဲ့စည်းခွင့် စသည့် လူ့အခွင့်အရေးများ

၆။ လူထုအခြေပြုအဖွဲ့အစည်းများတွင် ပါဝင်မှု

၇။ နိုင်ငံရေးပါတီများ၏ ရပ်တည်ပိုင်ခွင့်

၈။ သတင်းအချက်အလက်များကို အလွယ်တကူ ရယူ နိုင်မှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း

၉။ တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍနှင့် ပြည်သူ့ ရေးရာ စီမံအုပ်ချုပ်ခြင်း

## နည်းလမ်းနှင့်ဖြစ်စဉ်= အကိုင်းအခက်များ

အောက်ပါ အချက်အလက်များသည် အစိုးရ အုပ်ချုပ်ရေးယန္တရားနှင့်ဖြစ်စဉ်များဖြစ်သည်။ ၎င်းတို့သည် ပြည်သူ လူထုကို ဝန်ဆောင်မှုပေးခြင်း၊ တရားဥပဒေ စိုးမိုးရေးကို အသက်ဝင်စေခြင်းနှင့် အကျင့်ပျက်ခြစားမှုကို တွန်လှန်းခြင်း တို့အတွက် အဓိကကျပါသည်။ ၎င်းတို့တွင်

- ခိုင်မာသော ဥပဒေ မူဘောင်များရှိခြင်း
- တက်ကြွသော အရပ်ဘက်လူထုအခြေပြု အဖွဲ့ အစည်းများ
- ခိုင်မာအားကောင်းသော အမျိုးသမီး အဖွဲ့အစည်း များ အစရှိသည်တို့ ပါဝင်ပါသည်။

သစ်ပင်ရေးဆွဲခြင်း လုပ်ငန်းစဉ် ပြီးဆုံးပြီးနောက် သင်တန်းနည်းပြသည် သစ်ပင်တစ်ခုလုံး၏ အစိတ်အပိုင်း များကို အရောင်ခြယ်သပေးရမည်ဖြစ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးရမည် ဖြစ်ပါသည်။

*********

# အခန်း(၃)
# ဒီမိုကရေစီနှင့် လူ့အခွင့်အရေး

လူ့အခွင့်အရေးသည် လူသားတိုင်း၏ လူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှု တို့ပေါ်တွင် အခြေခံသည်။ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်ပြီး လူသား အချင်းချင်းကြား လူ့ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားရမည်။ လူ့အခွင့်အရေးသည် လူသားအားလုံးအတွက် မွေးရာပါအခွင့်အရေးဖြစ်သည်။ လူ့အခွင့်အရေးသည် မိမိ၏ နေ့စဉ်အသက်ရှင် နေထိုင်မှုဘဝနှင့် ဆက်စပ်နေသည်။ မည်သည့် လူ့အဖွဲ့အစည်းတွင်မဆို လူ့အခွင့်အရေး၏ အခြေခံ အနှစ်သာရများကိုကျင့်သုံးနိုင်ရမည်။ ထို့အပြင် လူ့အခွင့်အရေးကိုလေးစားလိုက်နာရန်မှာလည်း လူသား တိုင်း၏ တာဝန်ဖြစ်သည်။ လူအခွင့်အရေးကို သဘောသဘာဝ အားဖြင့် အမျိုးအစားသုံးမျိုး ခွဲနိုင်သည်။ ပထမတစ်မျိုးမှာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေး (Civil and Political Rights)၊ ဒုတိယ တစ်မျိုးမှာ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေး (Economic, Social and Cultural Rights) နှင့် တတိယအမျိုးအစားမှာ အုပ်စုလိုက်အခွင့်အရေး (Collective/Group Rights) တို့ဖြစ်သည်။ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများမှာ နိုင်ငံရေးစနစ်နှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ဒီမို ကရေစီစနစ်ကို မကျင့်သုံးသောနိုင်ငံတွင် ၎င်းအခွင့်အရေးများကို ရနိုင်မည်မဟုတ်ပါ။ဤအခန်းတွင် လူ့အခွင့်အရေး၏ အနှစ်သာရ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းနှင့် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအကြောင်းကို ဆွေးနွေးထားပါသည်။

ရည်ရွယ်ချက်

လူ့အခွင့်အရေး၏ အခြေခံအနှစ်သာရကို နားလည်စေရန်နှင့်
နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးများကို သိရှိနားလည် ကျင့်သုံးနိုင်စေရန်

### သင်ကြားနည်းစနစ်

ဦးနှောက်မုန်တိုင်းဆင်ခြင်း။

အပြန်အလှန် ဆွေးနွေးပို့ချခြင်းခြင်း

### လိုအပ်သော ပစ္စည်းများ

Flipcharts, markers, handouts

### သင်ကြားချိန်

(၃၀) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**၁။ လူ့အခွင့်အရေး၏ အဓိပ္ပါယ်ကို ရှင်းလင်းဆွေးနွေးခြင်း။**

သင်ကြားချိန် ၁၀ မိနစ်

- နည်းလမ်း - ဦးနှောက်မုန်တိုင်းဆင်ခြင်းနှင့် ပို့ချခြင်း။
- မြုလုပ်ပုံ - သင်တန်းနည်းပြမှ သင်တန်းသား (၅)ဦး သို့မဟုတ် (၁၀)ဦးထံမှ လူ့အခွင့်အရေးကို ၎င်းတို့မည်သို့နားလည်သည်ကို မိမိ၏ကိုယ်ပိုင်စကားလုံးဖြင့်ဖော်ပြရန်ပြောပါ။ ထို့နောက် လူ့အခွင့်အရေး၏ အဓိပ္ပါယ်နှင့် အခြေခံအချက်များကို ရှင်းလင်းတင်ပြပါ။ လူ့အခွင့်အရေး၏ အဓိပ္ပါယ်ကို မိမိကိုယ်တိုင် ပြန်လည်ဖွင့်ဆိုတတ်ရန်နှင့် အဓိပ္ပါယ်ကောက် မလွဲစေရန် ဂရုတစိုက်ရှင်းပြပါ။

**၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းမှ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးအကြောင်းကို ရှင်းလင်းတင်ပြခြင်း**

သင်ကြားချိန် ၂၀ မိနစ်

- နည်းလမ်း - ပို့ချခြင်း
- မြုလုပ်ပုံ - သင်တန်းနည်းပြမှ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းမှ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများအကြောင်းကို ထုတ်နုတ်တင်ပြဆွေးနွေးပါ။

## သင်ခန်းစာလမ်းညွှန်

### လူ့အခွင့်အရေးဆိုသည်မှာ အဘယ်နည်း

လူသားတိုင်းတွင် လူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှုတို့ရှိသည်။ လူ့အခွင့်အရေးသည် လူသားအားလုံးနှင့်သက်ဆိုင်သည်။ လူသားတိုင်း၏ ဂုဏ် သိက္ခာကို လေးစားတန်ဖိုးထားဆက်ဆံရမည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ ခွဲခြားဆက်ဆံခြင်းမပြုရ။

ဂုဏ်သိက္ခာ (Dignity)

လူသားတစ်ယောက်၏ ဂုဏ်သိက္ခာဆိုသည်မှာ အခြေခံ အဆင့် (fundamental levels)) များ၌ အများနည်းတူ တန်းတူညီမျှဆက်ဆံခံရခြင်းကို

ဆိုလိုသည်။

**(Michael J. Meyer)**

ခွဲခြားဆက်ဆံခြင်း (Discrimination)

လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို ၎င်း တို့၏ အသက်၊ လူမျိုး၊ မျိုးနွယ်စု၊ ကိုးကွယ်ယုံကြည်မှု၊ အသား အရောင်၊ လိင်၊ မသန်စွမ်းမှု၊ ကျား။မ အစရှိသဖြင့်တို့အပေါ် မူတည်၍ သာမန်နိစ္စဓူဝ လုပ်ငန်းဆောင်တာများပေါ်တွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်ခွင့် ပိတ်ပင်တားမြစ်ခံရခြင်းကို ဆိုလိုသည်။

## လူ့အခွင့်အရေး၏ သမိုင်းကြောင်း

လူ့အခွင့်အရေးဆိုသောစကားလုံးကို ဒုတိယကမ္ဘာ စစ်နောက်ပိုင်းမှစ၍ တွင်တွင်ကျယ်ကျယ် သုံးလာကြသော် လည်း ရှေးပဝေသဏီကတည်းကပင် ဘာသာတရား အသီး သီးက သွန်သင်ဆုံးမခဲ့ပြီးဖြစ်သည်။ လူ့သမိုင်းတစ်ခေတ်စီ တိုင်းတွင်လည်း လူ့အခွင့်အရေးဆိုသော ဝေါဟာရကို တိုက် ရိုက်မသုံးသော်လည်း လူ့အခွင့်အရေး၏ အခြေခံအယူအဆ များကို အခြားသော ဝေါဟာရများဖြင့် အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရသည်။

## လူ့အခွင့်အရေး၏ အခြေခံအတွေးအခေါ်များ

- လူ့အခွင့်အရေး၏ အခြေခံကို ဗုဒ္ဓ၏ တရားတော်၊ သမ္မာကျမ်းစာ၊ ဟိန္ဒူဝေဒကျမ်း၊ ကိုရမ်ကျမ်းစာ၊ ကွန်ဖြူးရှပ်၏ အဆိုအမိန့်တို့တွင် တွေ့ရှိနိုင်သည်။
- ဃ၄-၅ ရာစုက အရစ္စတိုတယ်၊ ပလေတို
- ၁၂၁၅ မဂ္ဂနာကာတာစာချုပ် ( အင်္ဂလန် ) Magna Carter

- ၁၆၈၉ အင်္ဂလိပ်လူ့အခွင့်အရေးဥပဒေ England Bill of rights
- ၁၆၉၀ ဂျွန်လော့၏ အတွေးခေါ် ( အသက်ရှင်ခွင့်၊ လွတ်လပ်ခွင့် ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်) သဘာဝ အခွင့်အရေး (Natural Rights)
- ၁၇၈၉ ပြင်သစ်နိုင်ငံသားနှင့် လူ့အခွင့်အရေးဥပဒေ French Declaration of the Rights of Man
- ၁၇၇၆ အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်း US Declaration of Independence
- ၁၇၉၁ အမေရိကန် လူ့အခွင့် အရေး ဥပဒေ US Bill of Rights

## လူ့အခွင့်အရေး၏ အခြေခံအချက်များ

၁။ မွေးရာပါအခွင့်အရေးဖြစ်သည် (Human rights are inherent)

၂။ လူသားအားလုံးနှင့်သက်ဆိုင်သည် (Human rights are universal)

၃။ မည်သူကမှယူဆောင်သိမ်းပိုက်ခွင့်မရှိ (Human rights are inalienable)

၄။ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်နေသည် (Human rights are indivisible)

## အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း

ကမ္ဘာ့ကုလသမဂ္ဂ၏ လူ့အခွင့်အရေးကော်မရှင်မှ ဦးဆောင်၍ နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံနိုင်သော လူ့ အခွင့်အရေးစံချိန်စံညွှန်းတစ်ရပ် ပေါ်ပေါက်လာစေရန် ကြိုးစား ခဲ့သည်။ အမေရိကန် သမ္မတကတော်

အယ်လီနာရုစဘဲ့ (Eleanor Roosevelt) ၏ ဦးဆောင်မှုဖြင့်ရေးဆွဲခဲ့သော ထို စာတမ်းအပေါ် ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်စားခဲ့ကြသည်။ ၁၉၄၈ ခုနှစ် ဇွန်လတွင် ၎င်းစာတမ်းကို အပြီးသတ်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့တွင်ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ မှနေ၍ ထိုကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

နိုင်ငံပေါင်း (၄၈) နိုင်ငံက ထောက်ခံခဲ့ကြသည်။ ဘဲလ်လာရုစ်၊ ချက်ကိုစလိုဗေးကီးယား၊ ပိုလန်၊ ဆော်ဒီ အာရေး ဗီးယား၊ တောင်အာဖရိက၊ ယူကရိန်း၊ ဆိုဗီယက် ပြည်ထောင်စုနှင့် ယူဂိုစလားဗီးယားစသည့် နိုင်ငံ(၈)နိုင်ငံ တို့က မဲမပေးဘဲ ကြားနေခဲ့ကြသည်။ မြန်မာနိုင်ငံမှလည်း ထောက်ခံခဲ့သည်။ ကန့်ကွက်သည့် နိုင်ငံလုံးဝမရှိဘဲ အတည် ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ၎င်းကြေညာစာတမ်းသည် လူ့အခွင့် အရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ပထမဦးဆုံးပေါ်ပေါက် လာသော စာတမ်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးကြေညာစာတမ်းတွင် အပိုဒ်ပေါင်း (၃၀) ပါဝင်သည်။ ယင်းတို့အနက် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး များမှာ -

အပိုဒ် ၁

လူတိုင်းသည် တူညီလွတ်လပ်သောဂုဏ်သိက္ခာဖြင့် လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့် လည်းကောင်း၊ မွေးဖွားလာသူများဖြစ်သည်။ ထိုသူတို့၌ ပိုင်းခြားဝေဖန်တတ်သော ဉာဏ်နှင့် ကျင့်ဝတ်သိတတ်သော စိတ်တို့ရှိကြ၍ ထိုသူတို့သည် အချင်းချင်း မေတ္တာထား၍ ဆက်ဆံကျင့်သုံးသင့်၏ ။




အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့်အတူ တွေ့ရသော Eleanor Roosevelt

အပိုဒ် ၂

လူတိုင်းသည် လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးအားလုံး၊ လွတ်လပ်ခွင့်အားလုံး တို့ကို ပိုင်ဆိုင်ခံစားခွင့်ရှိသည်။ လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့် ဖြစ်စေ၊ နိုင်ငံရေးယူဆချက် သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့်ဖြစ်စေ၊ အခြား အဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ။ ထို့ပြင် လူတစ်ဦးတစ်ယောက်နေထိုင်ရာ နိုင်ငံ၏ သို့တည်းမဟုတ် နယ်မြေဒေသ၏ နိုင်ငံရေးဆိုင်ရာဖြစ်စေ၊ စီရင်ပိုင်ခွင့်ဆိုင်ရာ ဖြစ်စေ၊ တိုင်းပြည်အချင်းချင်းဆိုင်ရာဖြစ်စေ၊ အဆင့်အတန်း တစ်ခုခုကိုအခြေပြု၍ သော်လည်းကောင်း၊ ဒေသနယ်မြေ တစ်ခုသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နယ်မြေ သို့တည်းမဟုတ် ကုလသမဂ္ဂထိန်းသိမ်းစောင့်ရှောက်

ထားရသည့် နယ်မြေ သို့တည်းမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အာဏာတို့ တစ်စိတ်တစ်ဒေသလောက်သာရရှိသည့် နယ်မြေ စသဖြင့် ယင်းသို့သောနယ်မြေများဖြစ်သည်ဟူသော အ ကြောင်းကို အထောက်အထားပြု၍ သော်လည်းကောင်း ခွဲခြား ခြင်းလုံး၀ မရှိစေရ။

အပိုဒ် ၃

လူတိုင်း၌ အသက်ရှင်ရန် လွတ်လပ်ခွင့်နှင့် လုံခြုံ စိတ်ချခွင့်ရှိသည်။

အပိုဒ် ၄

မည်သူ့ကိုမျှ ကျေးကျွန်အဖြစ် သို့တည်းမဟုတ် အစေအပါးအဖြစ်၊ နိုင်ထက်စီးနင်း စေခိုင်းခြင်းမပြုရ၊ လူကို ကျေးကျွန်သဖွယ် အစမ္ဗခိုင်းစေခြင်း၊ အရောင်းအ၀ယ်ပြုခြင်း နှင့်ထိုသဘောသက်ရောက်သော လုပ်ငန်းဟူသမျှကို ပိတ်ပင် တားမြစ်ရမည်။

အပိုဒ် ၅

မည်သူ့ကိုမျှ ညှဉ်းပန်း နှိပ်စက်ခြင်း သို့တည်း မဟုတ် ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ၊ ဂုဏ်ငယ်စေ သော ဆက်ဆံမှုမပြုရ၊ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ။

အပိုဒ် ၉

မည်သူမျှ ဥပဒေအရ မဟုတ်သော ဖမ်းဆီးခြင်းကို ဖြစ်စေ၊ ချုပ်နှောင်ခြင်းကို ဖြစ်စေ၊ ပြည်နှင်ခြင်းကိုဖြစ်စေ မခံ စေရ။

အပိုဒ် ၁၂

မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ် စွာ နေထိုင်ခြင်းကို သော်လည်းကောင်း၊ မိမိ၏ မိသားစုကို သော်လည်းကောင်း၊ မိမိ၏ နေအိမ် အသိုက်အ၀န်းကိုသော် လည်းကောင်း၊ စာပေးစာယူကိုသော်လည်းကောင်း၊ ဥပဒေ

အရ မဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်းမခံစေရ။ ထို့ပြင် မိမိ၏ ဂုဏ်သိက္ခာကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်း မခံစေရ။ လူတိုင်းတွင် ထိုသို့ဝင်ရောက်စွက်ဖက်ခြင်းမှသော် လည်းကောင်း၊ ပုတ်ခတ်ခြင်းမှသော်လည်းကောင်း ဥပဒေ အရ ကာကွယ်ပိုင်ခွင့်ရှိသည်။

အပိုဒ် ၁၃

လူတိုင်းတွင်မိမိနိုင်ငံ၏ နယ်နိမိတ်အတွင်း၌ လွတ် လပ်စွာသွားလာ ရွှေ့ပြောင်းနိုင်ခွင့် နေထိုင်ခွင့်ရှိသည်။ လူတိုင်းတွင် မိမိနေထိုင်ရာ တိုင်းပြည်မှလည်းကောင်း အခြား တိုင်းပြည်မှ လည်းကောင်း ထွက်ခွာသွားပိုင်ခွင့်ရှိသည့် အပြင် မိမိတိုင်းပြည်သို့ ပြန်လာပိုင်ခွင့်လည်းရှိသည်။

အပိုဒ် ၁၈

လူတိုင်းတွင် လွတ်လပ်စွာ ခံယူရပ်တည်နိုင်ခွင့်နှင့် လွတ်လပ်စွာသက်ဝင်ကိုးကွယ်နိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့် အရေးများ၌ မိမိကိုးကွယ်သည့်ဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည်ချက်ကိုလွတ်လပ်စွာပြောင်းလဲနိုင်ခွင့် ပါဝင် သည့်အပြင် မိမိတစ်ယောက်ချင်းဖြစ်စေ အခြားသူများနှင့် စုပေါင်း၍ ဖြစ်စေ ပြည်သူအများ ရှေ့မှောက်တွင် သော်လည်း ကောင်း ရှေ့မှောက်တွင် မဟုတ်ဘဲ သော်လည်းကောင်း မိမိ ကိုးကွယ်သောဘာသာကို သို့တည်းမဟုတ် သက်ဝင်ယုံကြည် ချက်ကို လွတ်လပ်စွာ သင်ပြနိုင်ခွင့်၊ ကျင့်သုံးနိုင်ခွင့်၊ ဝတ်ပြု ကိုးကွယ်နိုင်ခွင့်နှင့်ဆောက်တည်နိုင်ခွင့်တို့လည်း ပါဝင်သည်။ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့် အရေးများ၌ အနှောက်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင် ယူဆနိုင်ခွင့်ပါဝင်သည့်အပြင် နိုင်ငံနယ်နိမိတ်များကို ထောက် ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရား များကို တနည်းနည်းဖြင့်လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်တို့လည်း ပါဝင်သည်။

အပိုဒ် ၂၀

လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့် နှင့် ဖွဲ့စည်းနိုင်ခွင့်တို့ ရှိသည်။မည်သူ့ကိုမျှ အဖွဲ့အစည်းတစ်ခုသို့ ဝင်စေရန် အတင်းအကျပ်မပြုရ။

အပိုဒ် ၂၁

(၁) လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ် တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ် များမှ တစ်ဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(၂) လူတိုင်းတွင် မိမိ၏ နိုင်ငံရှိ ပြည်သူ့ဝန်ထမ်း အဖွဲ့၌ ဝင်ရောက်နိုင်ရန် တူညီသည့်အခွင့်အရေးရှိသည်။

(၃) အစိုးရ၏ အာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ်တွင် အခြေခံဖြစ်ရမည်။ အဆိုပါဆန္ဒကို အချိန် ကာလပိုင်းခြားလျက် စစ်မှန်သော ရွေးကောက်ပွဲများဖြင့် ထင်ရှားစေရမည်။ ရွေးကောက်ပွဲများတွင်လည်း လူတိုင်း အညီအမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိရမည့်အပြင်၊ ထိုရွေးကောက်ပွဲ များကို လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ် သော မဲပေးစနစ်ဖြင့်ဖြစ်စေ၊ ကျင်းပရမည်။

အပိုဒ် ၂၃

(၁) လူတိုင်းတွင် အလုပ်လုပ်ရန်လည်းကောင်း၊ မိမိနှစ်သက်ရာ အသက်မွေးမှု အလုပ်အကိုင်ကို လွတ်လပ်စွာ ရွေးချယ်ရန် လည်းကောင်း၊ တရားမျှတ၍ လုပ်ပျော်သော အလုပ်ခွင်၏ အခြေအနေကိုရရှိရန်လည်းကောင်း၊ အလုပ် လက်မဲ့ဖြစ်ရခြင်းမှ အကာအကွယ်ရရှိရန် လည်းကောင်း အခွင့်အရေးရှိသည်။

(၂) လူတိုင်းတွင် ခွဲခြားခြင်းမခံရစေဘဲ တူညီသော အလုပ်အတွက်

တူညီသော အခကြေးငွေရနိုင်ခွင့် ရှိသည်။ (၃) အလုပ်လုပ်ကိုင်သည့် လူတိုင်းတွင်၊ မိမိနှင့် မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့် ညီအောင်နေထိုင် စားသောက်နိုင်ရန်၊ စိတ်ချလောက်သည့်ပြင်၊ တရားမျှတ၍ လုပ်ပျော်သည့် လစာကြေးငွေရပိုင်ခွင့်ရှိသည်။ လိုအပ်ခဲ့လျှင် အခြားနည်းလမ်းများမှ လူမှုရေး အထောက်အပံ့ကိုလည်း ထပ်မံ၍ ရနိုင်ခွင့်ရှိသည်။

(၄) လူတိုင်းတွင် မိမိအကျိုး ခံစားခွင့်ကို ကာကွယ် ရန် အလုပ်သမားအစည်းအရုံးများ ဖွဲ့စည်းခွင့်၊ ပါဝင် ဆောင် ရွက်ခွင့်ရှိသည်။

အပိုဒ် ၂၄

လူတိုင်းတွင် သင့်မြတ်လျော်ကန်စွာကန့်သတ်ထား သည့် အလုပ်လုပ်ချိန် အပြင်၊ လစာနှင့်တကွ အခါကာလ အားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များ ပါဝင်သည့် အနားယူခွင့်နှင့် အားလပ်ခွင့် ခံစားပိုင်ခွင့်ရှိသည်။

အပိုဒ် ၂၅

(၁) လူတိုင်းတွင် မိမိနှင့်တကွ မိမိ၏ မိသားစု ကျန်းမာရေးနှင့်တကွ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာနေထိုင် နိုင်ရေးအတွက် အစာအဟာရ၊ အဝတ်အထည် နေအိမ်၊ ဆေးဝါးအကူအညီနှင့် လိုအပ်သည့် လူမှု အထောက်အပံ့ များပါဝင်သော သင့်တော်လျောက်ပတ်သည့် လူမှုအဆင့် အတန်းကို ရယူခံစားခွင့်ရှိသည်။ ထို့ပြင် အလုပ်လက်မဲ့ဖြစ် သောအခါ၌ သော်လည်းကောင်း၊ မကျန်းမမာဖြစ်သော အခါ၌ သော်လည်းကောင်း၊ ကိုယ်အင်္ဂါမစွမ်းမသန်ဖြစ်သောအခါ၌ သော်လည်းကောင်း၊ မုဆိုးမဖြစ်သောအခါ၌ သော်လည်း ကောင်း၊ အသက်အရွယ်အိုမင်းသော အခါ၌ သော်လည်း ကောင်း၊ မိမိကိုယ်တိုင်က မတတ်နိုင်သော အကြောင်းကြောင့် ဝမ်းစာရှာမှီးနိုင်သော နည်းလမ်းမရှိသောအခါ၌ သော်လည်း ကောင်း၊ နေထိုင်စားသောက်ရေးအတွက်

လုံခြုံစိတ်ချရမှု အခွင့်အရေးရှိသည်။

(၂) သားသည်မိခင်များနှင့် ကလေးများသည် အထူးစောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းကို ရခွင့်ရှိ သည်။ ဥပဒေအရ ထိမ်းမြားခြင်းဖြင့်ဖြစ်စေ အခြားနည်းဖြင့် ဖြစ်စေ မွေးဖွားသောကလေးအားလုံးသည် တူညီသောလူမှု ကာကွယ်စောင့်ရှောက်ရေးကို ရယူခံစားကြရမည်။

အပိုဒ် ၂၆

(၁) လူတိုင်းသည် ပညာသင်ယူနိုင်ခွင့်ရှိသည်၊ အနည်းဆုံးမူလတန်းနှင့် အခြေခံအဆင့်အတန်းများတွင် ပညာသင်ကြားရေးသည် အခမဲ့ဖြစ်ရမည်။ မူလတန်းပညာ သည် မသင်မနေရပညာဖြစ်ရမည်။ စက်မှုလက်မှု ပညာနှင့် အသက်မွေးမှုပညာများကို ယေဘူယျအားဖြင့် သင်ကြားရယူ နိုင်စေရမည်။ ထို့ပြင် အထက်တန်းပညာအတွက် အရည် အချင်းကို အခြေခံပြု၍ တူညီသောအခွင့်အရေးရရှိစေရမည်။

(၂) ပညာသင်ကြားရေးကို လူသားတို့၏ စရိုက် လက္ခဏာအပြည့်အဝတိုးတက်မှုအပြင်၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်၊ ရိုသေလေးစားမှုတို့ကို ရှင်သန်ဖွံ့ဖြိုး လာစေရန်ရည်ရွယ်၍ သင်ကြားစေရမည်။ ပညာသင်ကြားရေး သည် နိုင်ငံအားလုံးတို့တွင်လည်းကောင်း၊ လူမျိုးစုများတွင် လည်းကောင်း၊ ဘာသာရေးအသင်းအဖွဲ့များတွင်လည်းကောင်း၊ အချင်းချင်းနားလည်းမှု၊ သည်းခံမှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို အားပေးရမည်။ ထို့ပြင် ငြိမ်းချမ်းရေးတည်တံ့အောင် ဆောင် ရွက်ရန် အလို့ငှါ၊ ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများကိုလည်း ဖြစ်မြောက်အောင် အားပေးရမည်။

(၃) မိဘတို့တွင်၊ မိမိတို့၏ ကလေးများ သင်ယူ ရမည့် ပညာအမျိုးအစားကို ရွေးချယ်နိုင်သောလက်ဦး အခွင့် အရေးရှိသည်။

*********

# အခန်း(၄)
# မဲဆန္ဒရှင်များ သိမှတ်ဖွယ်ရာ

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် အခြေခံအကျဆုံးအဖြစ် ပါဝင်နေသည်။ နိုင်ငံ တစ်ခု၏ ရွေးကောက်ပွဲကျင်းပပုံ နည်းစနစ်များကို လေ့လာခြင်းဖြင့် ထိုနိုင်ငံ၏ ဒီမိုကရေစီ အလေ့အထနှင့် ဒီမိုကရေစီရေချိန်ကို တိုင်းတာနိုင်ပါသည်။ ယေဘုယျအားဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံများသည် ရွေးကောက်ပွဲများကိုကျင်းပရာတွင် ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများအပေါ်အခြေခံ၍ ကျင်းပပြုလုပ်ကြပါသည်။ နိုင်ငံတစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်း ထားသော နိုင်ငံသားတစ်ယောက်၏ တာဝန်နှင့် ရပိုင်ခွင့်ဆိုင်ရာဥပဒေများသည် ယင်းနိုင်ငံ၏ ဒီမိုကရေစီ အုပ်ချုပ်မှုနှင့် ဒီမိုကရေစီယဉ်ကျေးမှုတို့ကို ညွှန်းဆိုနေခြင်းပင် ဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုသည်မှာ နိုင်ငံတော်၏ အချုပ်အခြာ အာဏာကြီး (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြား၍ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်း အကောင်အထည်ဖေါ်ဆောင်ရွက်နိုင်ရန် ဥပဒေစည်းမျဉ်းများ ပြဋ္ဌာန်းပေး ထားသော ပဋိညာဉ် တစ်ရပ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အာဏာ(၃) ရပ်တစ်ခုနှင့်တစ်ခု အပြန်အလှန် ထိန်းကျောင်းနိုင်ရန် စည်းမျဉ်းမူဘောင် (Rule of the Game) ကို ဖေါ်ဆောင်ပေးပြီး တစ်ခုနှင့်တစ်ခုအကြား လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက်မှုမဖြစ်စေရန် ဆုံးဖြတ်ပေးသော ပင်ရင်း ဥပဒေပင်ဖြစ်သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ အုပ်ချုပ်သူအစိုးရနှင့် ပြည်သူလူထု အကြား ချုပ်ဆိုထားသော လူမှုပဋိညာဉ်(Social Contract) လည်းဖြစ်သည်။

ဤအခန်းတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် သက်ဆိုင်သည့်အချက်များ၊

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲ စနစ်များနှင့် စည်းမျဉ်းစည်းကမ်းများအကြောင်းကို ဆွေးနွေး ထားပါသည်။

## ရည်ရွယ်ချက်

မြန်မာနိုင်ငံ၏ အာဏာ (၃) ရပ်ဖွဲ့စည်းတည်ဆောက်ပုံနှင့် အပြန်အလှန်ထိန်းကျောင်းပုံတို့ကို သိရှိနားလည် နိုင်စေရန်။

မြန်မာနိုင်ငံ၏ လက်ရှိ ရွေးကောက်ပုံ စနစ်အကြောင်းကို သိရှိနားလည် နိုင်စေရန်

ဒီမိုကရေစီ စနစ်တွင် မိမိဆန္ဒမဲ တစ်မဲ၏ အကျိုးသက်ရောက်ပုံကို သိရှိနားလည်နိုင်စေရန်

## သင်ကြားနည်းစနစ်

အပြန်အလှန် ဆွေးနွေးခြင်း

အဖွဲ့လိုက်ဆွေးနွေးခြင်း

## လိုအပ်သော ပစ္စည်းများ

Flipcharts, markers, handouts

## သင်ကြားချိန်

(၁၃၅) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**၁။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲနည်းစနစ်များအကြောင်း ဆွေးနွေးခြင်း။**

သင်ကြားချိန် ၉၀ မိနစ်

- နည်းလမ်း - ပို့ချခြင်း။
- ပြုလုပ်ပုံ - သင်တန်းနည်းပြ အနေဖြင့် အောက်ပါတို့ကို အပိုင်းလိုက်ရှင်းလင်းဆွေးနွေးပါ။
  (၁) ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အဓိပ္ပါယ်
  (၂) နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေများ
  (၃) ရွေးကောက်ပွဲစနစ်များ
  (၄) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ
  (၅) အာဏာ (၃)ရပ် အပြန်အလှန်ထိန်းကျောင်းပုံ

**၂။ အဖွဲ့လိုက်ဆွေးနွေးခြင်း။**

သင်ကြားချိန် ၄၅ မိနစ်

- နည်းလမ်း - အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် ပြန်လည်တင်ပြခြင်း
- ပြုလုပ်ပုံ - အဖွဲ့ (၅)ဖွဲ့ခွဲပါ။ ထို့နောက် တစ်ဖွဲ့ချင်းအလိုက် လက်ရှိမြန်မာနိုင်ငံ၏ ပြည်ထောင်စုအဆင့် မဏ္ဍိုင် (၃) ရပ် ဖွဲ့စည်း တည်ဆောက်ပုံနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မဏ္ဍိုင် (၃) ရပ် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ရေးဆွဲနိုင်းရန်။ ထို့နောက် တစ်ဖွဲ့ချင်းစီအလိုက် ပြန်လည်တင်ပြစေ၍ သင်တန်းနည်းပြမှ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးပါ။

## သင်ခန်းစာလမ်းညွှန်

### ၄.၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုခြင်း

နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်တိုင်းပြည်များတွင် ပြည်သူထံမှဆင်းသက်သည့် အချုပ်အခြာအာဏာကို အုပ်ချုပ် ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဟူ၍ ပိုင်းခြားကျင့်သုံးပါသည်။ အပြန်အလှန်ထိန်းကျောင်းမှုစနစ် ကောင်းမွန်စွာလည်ပတ်နိုင် ရေးတွင် အာဏာခွဲဝေကျင့်သုံးခြင်းသည် အရေးကြီးပါသည်။

စီအက်ဖ်စထရောင်း(C.F Strong) က ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုသည်ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အစိုးရ၏ အာဏာနှင့် ပြည်သူတို့၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို စုစည်းဖော်ပြထားသော အစိုးရနှင့် ပြည်သူ အကြား ဆက်ဆံရေးကောင်းမွန်စေရန် ညှိနှိုင်းသတ်မှတ်ထားသော မူများဖြစ်သည်။ ထို့ပြင်နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ခွဲဝေကျင့်သုံးရန် နိုင်ငံတော်ကိုမည်သည့်အဖွဲ့အစည်းများဖြင့် မည်သို့ဖွဲ့စည်းတည်ဆောက်မည်၊ ထိုအဖွဲ့ အစည်းများကို မည်သည့်အာဏာများအပ်နှင်းမည်၊ ယင်းတို့ကအပ်နှင်းထားသော လုပ်ပိုင်ခွင့်အာဏာအရ မည်သို့ကျင့်သုံး မည် စသည်တို့ပါရှိသော သဘောတူစာချုပ်ကြီးဖြစ်သည်။

ရည်ညွှန်း ။ ။ အခြေခံ ဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ခုံရုံးများ

(ပါမောက္ခ ဒေါက်တာတင်အောင်အေး)

ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိကအားဖြင့် အချက်သုံးချက်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

၁။ အခြေခံ ဥပဒေသည် ဥပဒေပြု အာဏာ၊ အုပ်ချုပ်ရေး အာဏာ၊ တရားစီရင်ရေးအာဏာ ဟူသည့် အချုပ်အခြာ အာဏာသုံးရပ်ကိုပိုင်းခြား၍ အပြန်အလှန်ထိန်းကျောင်း ရန် ပြဋ္ဌာန်းသည်။

၂။ အခြေခံဥပဒေသည် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံများ အကြား ပဋိညာဉ်ကို ပြဋ္ဌာန်းသည်။

၃။ အခြေခံ ဥပဒေသည် အချုပ်အခြာအာဏာသုံးရပ် အပြန် အလှန်ထိန်းကျောင်းရန် ဥပဒေများမည်သို့ ပြဋ္ဌာန်းရ မည်ကို စည်းကမ်းပြဋ္ဌာန်းသည်။ ထိုအချုပ်အခြာအာ ဏာရပ်ကြီးသုံးရပ်ကိုပေါင်း၍

လူတစ်ဦး တစ်ယောက် တည်းကသာ ချုပ်ကိုင်သောစနစ် (ဥပမာ- ပဒေသရာဇ် စနစ်)နှင့်လူတစ်စုတစ်ဖွဲ့က ချုပ်ကိုင်သောစနစ် (အာဏာ ရှင်စနစ်)များကိုသွေဖယ်၍ ပြည်သူများ ပါဝင်အုပ်ချုပ် သောစနစ်ကို အကောင်အထည်ဖော်ခြင်းပင် ဖြစ်သည်။ ထိုအချုပ်အခြာ အာဏာ သုံးရပ်အား ဖွဲ့စည်းပုံအခြေခံ ဥပဒေက သတ်မှတ်ထားသော ကာလသက်တမ်း အကန့်အသတ်ဖြင့် ပြည်သူလူထုမှ ပုံမှန်ရွေးချယ်၊ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ် များမှ ပါဝင်အုပ်ချုပ်သောစနစ်ကို ဆိုလိုရင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ ထိုအာဏာသုံးရပ် ကို ပိုင်းခြား၍ အာဏာသုံးရပ်ကို ကျင့်သုံးမည့် ပြည်သူ့ ကိုယ်စားလှယ်များ အဖွဲ့အစည်းများ ရွေးကောက်တင် မြှောက်ခန့်အပ်မှု ဥပဒေများ၊ အာဏာတစ်ခုချင်းစီ၏ လုပ်ပိုင်ခွင့် တာဝန်ဆိုင်ရာ ဥပဒေများ၊ အာဏာတစ်ခုနှင့် တစ်ခုအကြား အပြန်အလှန် ထိန်းကြောင်းစောင့်ကြည့် စစ်ဆေးရန်ဥပဒေများ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ဥပဒေများ ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုဆိုင်ရာ ဥပဒေများကို စုစည်းပြဋ္ဌာန်း ထားခြင်း ပင် ဖြစ်ပါသည်။

## မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေများအား လေ့လာခြင်း။

မြန်မာနိုင်ငံ၏ ပြောင်းလဲဖြစ်ပေါ်လာသော နိုင်ငံရေး ဖြစ်စဉ် တစ်လျှောက်တွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၃)ခုကို ကျင့်သုံးခဲ့သည်ကို လေ့လာတွေ့ရှိရပါ သည်။ ၎င်းတို့မှာ ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ ဖြစ်ပါသည်။

### (၁) ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၁၉၄၇ မှ ၁၉၆၂ အထိ)

၁၉၄၇ တွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်တွင်ပြီး

ဝန်ကြီးချုပ် ဦးဆောင် သော ပါလီမန်အစိုးရစနစ် ကျင့်သုံးကာ လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ရှိပြီး ပါတီစုံရွေးကောက်ပွဲ ကျင့်သုံးခဲ့သည်။ ပါလီမန်စနစ်ကို အခြေခံသောဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ပါသည်။

(၂) ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၁၉၇၄ မှ ၁၉၈၈ အထိ)

၁၉၇၄ တွင် ပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဟုခေါ်တွင်ပြီး တစ်ပါတီ စနစ်ကိုကျင့်သုံးကာ ပြည်သူ့လွှတ်တော်တစ်ရပ်သာ ရှိပါ သည်။ ဆိုရှယ်လစ်နစ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဖြစ်ပါသည်။

(၃) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ မှ ယနေ့အထိ)

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံ တော် ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်တွင်ပြီး အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်ရှိပြီး သမ္မတစနစ် ကိုကျင့်သုံးသည်။ သမ္မတစနစ်ကို အခြေခံသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ပါသည်။

၁၉၅၀ မှစတင်၍ ဒီမိုကရေစီ စံနှုန်းများနှင့် တည်ဆောက်နိုင်ခဲ့သော ဒီမိုကရေစီ (၂၂) နိုင်ငံ

ဩစတြေးလျ၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ ကော့စတာရီကာ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အိုက်စလန်၊ အိုင်ယာလန်၊ အစ္စရေး၊အီတလီ၊ ဂျပန်၊ လူဇင်ဘတ်၊ နယ်လ်သာလန်၊ နယူဇီလန်၊ နော်ဝေ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စု။

## ၄.၂။ နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေများအား လေ့လာခြင်း

နိုင်ငံတကာတွင်ပြဌာန်းကျင့်သုံးနေသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို အဓိကအားဖြင့် အပိုင်းသုံးပိုင်းဖြင့် လေ့လာ နိုင်ပါသည်။ ၎င်းတို့မှာ-

(၁) Structure (ဖွဲ့စည်းတည်ဆောက်မှု ပုံစံ) - ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်ကဲ့သို့ ဖွဲ့စည်းတည်ဆောက်ထားသည်။ (ဖက်ဒရယ်စနစ်အပေါ် အခြေခံသလား၊ တစ်ပြည်ထောင်စနစ်အပေါ် အခြေခံသလား စသဖြင့်)

(၂) Power (အာဏာခွဲဝေ ကျင့်သုံးမှု) - ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အာဏာများကို မည်ကဲ့သို့ ပိုင်းခြားခွဲဝေ ကျင့်သုံးထားသည်။ (အာဏာသုံးရပ်အကြား မည်သို့ အာဏာခွဲဝေ ပိုင်းခြားကျင့်သုံးသနည်း။)

(၃) Rights (အခွင့်အရေး၊ ရပိုင်ခွင့်များ) - ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် နိုင်ငံသား၊ လူနည်းစု၊ အမျိုးသမီးများ၏ အခွင့်အရေး စသည့် အခြေခံလူ့အခွင့်အရေးများကို မည်ကဲ့သို့ကာကွယ်ခွင့်အာမခံချက်ပေးထားသည် ဟူ၍ ဖြစ်ပါသည်။



ဖွဲ့စည်းပုံအခြေခံဥပဒေများကို အပိုင်း (၃)ပိုင်းဖြင့်ခွဲခြားလေ့လာပုံ

Constitutional Arrangement (သို့မဟုတ်) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရကို တိုင်းတာသောအချက်များ

နိုင်ငံတကာတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေများ၏ အဓိက အနှစ်သာရကို အချက်(၁၀)ချက် ဖြင့်တည်ဆောက်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးသားပြဋ္ဌာန်းထားခြင်း ရှိ။ မရှိ (Written or unwritten)

၂။ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ(Bill of Rights)

၃။ ပြည်ထောင်စုစနစ် (သို့ မဟုတ်) တစ်ပြည်ထောင်စနစ်(Federal or unitary)

၄။ လွှတ်တော် တစ်ရပ် (သို့မဟုတ်) လွှတ်တော်နှစ်ရပ်(Unicameral or Bicameral Legislature)

၅။ တရားစီရင်ရေး အာဏာမှ စောင့်ကြည့်လေ့လာခြင်း(Judicial review)

၆။ တရားသူကြီးများ ရာထူးသက်တမ်း(Tenure of judges for life or limited term)

၇။ လူထုဆန္ဒ ခံယူပွဲ (Referenda)

၈။ သမ္မတ စနစ် (သို့မဟုတ်) ပါလီမန်စနစ်(Presidential or Parliamentary)

၉။ ရွေးကောက်ပွဲစနစ်(Electoral System) တို့ဖြစ်သည်။

## ၄.၃။ ရွေးကောက်ပွဲ စနစ်များ

ရွေးကောက်ပွဲစနစ်များဟူသည် အထွေထွေရွေး ကောက်ပွဲမှ ဆုံးဖြတ်မဲများကို ပါတီများနှင့် ကိုယ်စားလှယ် လောင်း အသီးသီး၏ အနိုင်ရသည့် လွှတ်တော်အမတ်နေရာများ အဖြစ်သို့ ကူးပြောင်းပေးခြင်းဖြစ်သည်။ (စာ-၇) ရွေးကောက်ပွဲ စနစ်များက အထွေထွေရွေးကောက်ပွဲတစ်ခုမှ ပေးလိုက်သော မဲများကို ပါတီအလိုက်နှင့် ကိုယ်စားလှယ်အလိုက်ရရှိသောမဲ များဟု သတ်မှတ်ပေးသည်။

ရွေးကောက်ပွဲစနစ်တစ်ခု ဒီဇိုင်းဆွဲခြင်းသည် မဲဆန္ဒ နယ်များ၏ ဘောင်ကိုသတ်မှတ်ခြင်း၊ မဲစာရွက်များ၏ ဒီဇိုင်း၊ မဲများကို ရေတွက်ပုံနှင့် ရွေးကောက်ပွဲဖြစ်စဉ်၏ အခြားအခြင်း အရာတို့အပေါ်တွင် သက်ရောက်မှုများရှိသည်။ မဲဆန္ဒရှင်များ ပေးသော မဲများ၏ အရေအတွက်သည် ရွေးကောက်ပွဲစနစ် အပေါ်တွင်မူတည်ကာ ရွေးကောက်ပွဲရလာဒ်များ ပြောင်းလဲသွားနိုင်သည်။ ရွေးချယ်ထားသော ရွေးကောက်ပွဲစနစ် အပေါ်မူတည််၍ ညွန့်ပေါင်းအစိုးရ (သို့) လူနည်းစု အစိုးရ ဖြစ်သွားနိုင်သကဲ့သို့ ပါတီတစ်ခုတည်းမှအများစု ချုပ်ကိုင်သွား စေနိုင်ခြင်းသည်လည်း ဖြစ်နိုင်သည်။

ရွေးကောက်ပွဲစနစ်တစ်ရပ်တွင် ထည့်သွင်းစဉ်းစား ရန်လိုသော အရေးအကြီးဆုံး ကိန်းရှင်(၃)ခုမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(၁) ရွေးကောက်ပွဲဖော်မြူလာ (အများစုစနစ်။အချိုးကျ စနစ်။ အရောစနစ်။ကိုယ်စားလှယ် နေရာချပုံကို တွက်ချက်သော ပုံသေနည်း)

(၂) မဲပေးပုံ (မဲပေးသူက ကိုယ်စားလှယ်ကိုပေးခြင်း ။ ပါတီ ကို ပေးခြင်း၊ မဲပေးသူက အကြိုက်ဆုံးတစ်ခုကို ရွေးချယ်မဲပေးခြင်း ။ အကြိုက်ဆုံးများကို အစဉ်

လိုက် မဲပေးခြင်း)

(၃) ကိုယ်စားပြုမှုကိန်း (ခရိုင်ကိန်း) (လွှတ်တော်သို့ မဲဆန္ဒနယ်တစ်ခုမှ ကိုယ်စားလှယ်မည်မျှ ရွေး ကောက်သနည်းကို ဆိုလိုသည်)

ရွေးကောက်ပွဲစနစ် အမျိုးအစားများ

နိုင်ငံတကာတွင် ကျင့်သုံးသော ရွေးကောက်ပွဲ စနစ်များကို အောက်ပါအတိုင်း အုပ်စု(၃)စု ခွဲခြားနိုင်သည်။

၎င်းတို့မှာ-

၁။ အများစုအနိုင်ရသည့်စနစ်။ထက်ဝက်ကျော် အနိုင် ရသည့်စနစ် (Plurality System / Majority System)

၂။ အချိုးကျကိုယ်စားပြုသည့်စနစ် (PR-Proportional Representation System)

၃။ အထက်ပါ ရွေးကောက်ပွဲစနစ်နှစ်မျိုးအား ရောပြွန်း ကျင့်သုံးသည့်စနစ် (Semi–PR or Mixed System) တို့ဖြစ်သည်။

၁။ အများစုအနိုင်ရသည့်စနစ်။ ထက်ဝက်ကျော် အနိုင်ရသည့်စနစ် Plurality System / Majority System)

အများစုအနိုင်ရသည့်စနစ်။ ထက်ဝက်ကျော် အနိုင် ရသည့်စနစ်တွင် မဲအများဆုံး ရရှိသောပါတီ (သို့) ကိုယ်စား လှယ်လောင်းများကို အောင်နိုင်သူဟု သတ်မှတ်သည်။

အထက်ပါရွေးကောက်ပွဲစနစ်အုပ်စုတွင် အောက်ပါ ရွေးကောက်ပွဲစနစ်များပါဝင်ပါသည်။ ၎င်းတို့မှာ-

(၁.၁) နိုင်သူအကုန်ယူစနစ် (FPTP – First Past the Post)

(၁.၂) ကိုယ်စားလှယ်အများအပြားအား ကိုယ်စားပြုသည့် လူဦးရေပမာဏ အချိုးအစားအရ မဲတင်းပေးသော ရွေးကောက်ပွဲစနစ် Block Vote (BV) (အဆိုပါစနစ်နှစ်မျိုးသည် အများစုအနိုင်ရသည့် စနစ် (Plurality System) များဖြစ်သည်။ ရွေးချယ် ခံရသည့်ကိုယ်စားလှယ်သည် မဲဆန္ဒရှင်၏ ထက်ဝက်ကျော်ထောက်ခံမဲ ရစရာမလိုဘဲ မဲအများဆုံး ရရှိသူသာ ဖြစ်ဖို့လိုသည်။ လက်ရှိမြန်မာနိုင်ငံတွင် အသုံးပြုသောစနစ်မှာ အဆိုပါစနစ်ပင်ဖြစ်သည်။ ရွေးကောက်ပွဲဥပဒေတွင် မဲဆန္ဒနယ်တစ်နယ်လျှင် တစ်ယောက်ရွေးချယ်မည်ဖြစ်ကြောင်းသာ ပြဋ္ဌာန်း ထားပြီး အဆိုပါကိုယ်စားလှယ်သည် မဲဆန္ဒရှင် ထက်ဝက်ကျော်၏ ထောက်ခံမဲရရမည်ဟု ပြဋ္ဌာန်း ထားခြင်းမရှိပါ။ မဲဆန္ဒနယ်တစ်နယ်လျှင် တစ် ယောက်သာ ရွေးချယ်မည်ဟုသတ်မှတ်ထားသဖြင့် FPTP စနစ်အား ကျင့်သုံးထားသည်ဟု သတ်မှတ်ရမည် ဖြစ်သည်။)

(၁.၃) မဲအရေအတွက် ၅၀ ရာခိုင်နှုန်း မကျော်လျှင် နောက်ထပ်တစ်ကြိမ် မဲပေးရသော နှစ်ကျော့ပြိုင် စနစ် (Two Rounds)

(၁.၄) မိမိအနှစ်သက်ဆုံး ကိုယ်စားလှယ်လောင်း တစ်ဦး မကကို အစဉ်လိုက်ရွေးချယ်၍ ဦးစားပေးအစဉ် လိုက်မဲပေးရသည့် စနစ် (Alternative Vote) ဟူ၍ (၄) မျိုးခွဲခြားထားပါသည်။

(အထက်ပါ စနစ်နှစ်မျိုးသည် ထက်ဝက်ကျော် မဲရရှိမှ အနိုင်ရရှိသော စနစ်များဖြစ်ကြသည်။Majority System တွင်ႀ ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်း အနေဖြင့် မဲပေးသူများ၏ ထက်ဝက်ကျော် ထောက်ခံမဲရှိမှ ရွေးကောက်ခံရမည် ဖြစ်သည်။)

အဆိုပါ ရွေးကောက်ပွဲစနစ်များတွင် မဲဆန္ဒရှင် အနေဖြင့်

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းကိုရည်ရွယ်၍ မဲပေးရသည်။ အထက် ပါ ရွေးကောက်ပွဲစနစ်များအား သမ္မတရွေးချယ်ရာတွင် အသုံးပြုကြသည်။

၂။ အချိုးကျကိုယ်စားပြုသည့်စနစ် (PR-Proportional Representation System)

ပါတီတစ်ခုမှ ရရှိသော မဲများနှင့် လျော်ညီစွာ ဥပဒေပြုလွှတ်တော်တွင် နေရာများချပေးနိုင်ရန် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ဒီဇိုင်းဆွဲထားခြင်းဖြစ်သည်။ မဲဆန္ဒနယ် တစ်ခုတွင် ရွေးကောက်ခံ ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်ရမည် ဖြစ်သည်။

အချိုးကျကိုယ်စားပြုသည့်စနစ်အုပ်စုအောက်တွင် အောက်ပါရွေးကောက်ပွဲစနစ်ခွဲများပါဝင်ပါသည်။ ၎င်းတို့မှာ-

(၂.၁) စာရင်းလိုက်မဲပေး၍ အချိုးကျကိုယ်စားပြုသည့် စနစ်(List Proportional Representation)

(၂.၂) ရွေးကောက်ပွဲစနစ်ရောနှောကျင့်သုံးသည့် အချိုး ကျ ကိုယ်စားပြုသသည့်စနစ် (MMP – Mixed Member Proportion)

(၂.၃) လွှဲပြောင်း၍ ရသော တစ်မဲပေးစနစ် (STV – Single Transferable Vote) တို့ဖြစ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် ၂၀၁၅ ရွေးကောက်ပွဲ အတွက် ဆွေးနွေးနေကြသော PR သည် အတိအကျဆိုရလျှင် စာရင်းလိုက်မဲပေး၍ အချိုးကျကိုယ်စားပြုသည့်စနစ် (List Proportional Representation) ကိုပြောဆိုနေကြခြင်းဖြစ် သည်။ အဆိုပါစနစ်တွင်လည်း -

၁။ အပိတ်စနစ် (Closed List PR) နှင့်

၂။ အဖွင့်စနစ် (Opened List PR) ဟူ၍ ထပ်မံခွဲခြား ထားပါသည်။

အထက်ပါစနစ်များသည် အများစုအနိုင်ရသည့် စနစ်။ ထက်ဝက်ကျော်အနိုင်ရသည့်စနစ် (Plurality System/ Majority System) ထက် ထူးခြားသည်မှာ ကိုယ်စားပြုမှုအား ခွဲဝေရန် တွက်ချက်နည်းစနစ်များကိုအသုံးပြုခြင်းဖြစ်သည်။

၃။ ရောပြွန်းသုံးသည့်စနစ် (Semi – PR or Mixed System)

ရောပြွန်းသုံးသည့်စနစ် (Semi – PR or Mixed System) ရွေးကောက်ပွဲစနစ် အုပ်စုအောက်တွင် အောက်ပါ ရွေးကောက်ပွဲစနစ်များပါဝင်ပါသည်။

(၁) အပြိုင်စနစ် (Parallel System)

(၂) တစ်မဲပေးလွှဲပြောင်း၍ မရသောမဲပေးစနစ် (Single non transferable vote) စသည်တို့ ဖြစ်ပါသည်။

အပြိုင်စနစ်(Parallel System)ဆိုသည်မှာ- အများစု အနိုင်ရသည့်စနစ်။ ထက်ဝက်ကျော် အနိုင်ရသည့် စနစ် (Plurality System / Majority System)နှင့် အချိုးကျ ကိုယ်စားပြုသည့်စနစ် (PR-Proportional Representation System) တို့အားရောပြွန်း၍ အပြိုင်သုံးသည့်စနစ်ဖြစ်သည်။

အများအားဖြင့် (FPTP + List PR)၊ (TRS + List PR) ပုံစံမျိုး ရောပြွန်းကြလေ့ရှိသည်။ ဥပမာ၊ ထိုင်းနိုင်ငံအောက် လွှတ်တော်တွင် ကိုယ်စားလှယ် ၅၀၀ ဦးရှိရာ ၁၂၅ ဦးအား (List PR) စနစ်ဖြင့်ရွေးချယ်ပြီး ၃၇၅ ဦးအား (FPTP) စနစ်ဖြင့် လွှတ်တော်တစ်ရပ်တည်းအတွက် ရွေးကောက်ပွဲစနစ်နှစ်မျိုး စလုံးအား အပြိုင်သုံးထားသည်ကိုတွေ့ရသည်။ (Parallel System) အဆိုပါရွေးကောက်ပွဲစနစ်(Parallel System) အား အရှေ့တောင်အာရှ (၁၀) နိုင်ငံတွင် ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် အသုံးပြုနေကြသည်ကို

တွေ့ရသည်။

မြန်မာနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲများတွင် လည်း အဆိုပါစနစ်အား ပြောင်းလဲကျင့်သုံးရန် အမျိုးသား လွှတ်တော်တွင် အဆိုတင်သွင်းအောင်မြင်ထားပြီး၊ ဆက် လက်လေ့လာရန် ကော်မရှင်တစ်ရပ် ဖွဲ့စည်းထားသည်ကို တွေ့ရသည်။

အဆိုပါစနစ်သည် အချိုးကျ ကိုယ်စားပြုသည့်စနစ် အုပ်စု(PR-Proportional Representation System) တွင် ပါဝင်သော ရွေးကောက်ပွဲစနစ် ရောနှောကျင့်သုံးသည့် အချိုးကျကိုယ်စားပြုသည့်စနစ် (MMP – Mixed Member Proportion)နှင့်ဆင်တူသည့်သဘောကိုတွေ့ရသည်။ သို့သော် မဲဆန္ဒနယ် သတ်မှတ်ပုံနှင့် မဲများခွဲဝေပုံကွာခြားသည်။

## ၄.၄။ ၂၀၀၈ ဖွဲ့စည်းပုံအခြေဉပဒေ

မြန်မာနိုင်ငံတော်၏ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ တည်ဆောက်ပုံကိုလေ့လာခြင်း။

မြန်မာနိုင်ငံတွင် အသစ်ပြဋ္ဌာန်း ကျင့်သုံးသော အခြေခံဉပဒေအရ အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စု အဆင့်၊ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး အဆင့်ဟူ၍ အာဏာခွဲဝေကျင့်သုံးရန် ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ပြည်ထောင်စုနှင့် ပြည်နယ်။ တိုင်းဒေသကြီးအဆင့်တို့တွင် လုပ်ပိုင်ခွင့်ရှိသည့် အာဏာရပ်များဖြစ်သည့် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဉပဒေပြု ရေးအာဏာရပ်များကို သီးခြားစီကျင့်သုံးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။



ပုံ (၁) ပြည်ထောင်စုအဆင့် ဖွဲ့စည်းအုပ်ချုပ်ပုံ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအဖွဲ့အစည်းများအား အချုပ်အခြာအာဏာ(၃)ရပ်အရ ပြည်ထောင်စု ဥပဒေပြုအာဏာတွင် ပြည်ထောင်စုလွှတ်တော် (ပြည်သူ့လွှတ်တော်+အမျိုးသားလွှတ်တော်)၊ ပြည်ထောင်စု အုပ်ချုပ်ရေး အာဏာတွင် သမ္မတ၊ ဒုတိယသမ္မတများ၊ ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ပြည်ထောင်စု တရားစီရင်အာဏာတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟူ၍ တွေ့ရှိရသည်။



ပုံ (၂) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ

၄.၄.၁။ ပြည်ထောင်စု ဥပဒေပြုအာဏာ

ပြည်ထောင်စုဥပဒေပြုအာဏာတွင် တစ်နည်းအားဖြင့် ပြည်ထောင်စုလွှတ်တော်ကို -

- တစ်မြို့နယ်လျှင် တစ်ယောက် ရွေးကောက်တင်မြှောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၃၀) ဦး

- တိုင်းဒေသကြီး။ပြည်နယ်အားလုံးမှ ၁၂ ဦးစီ အညီအမျှစေလွှတ်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၆၈)ဦး

- လွှတ်တော်နှစ်ရပ်လုံးအတွက် တပ်မတော်သားကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်း ဖြစ်သည့် ပြည်သူ့လွှတ်တော်အတွက် တပ်မတော်သား ကိုယ်စားလှယ် (၁၁၀)ဦး နှင့် အမျိုးသား လွှတ်တော်အတွက် တပ်မတော်သား ကိုယ်စားလှယ် (၅၆) ဦး (စုစုပေါင်း တပ်မတော်သား ကိုယ်စားလှယ် ၁၆၆ဦး)

ပါဝင်သည့် စုစုပေါင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၆၄) ဦးဖြင့် ဖွဲ့စည်းသည်။ ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းမှာ (၅) နှစ်ဖြစ်သည်။ (လက်ရှိ လွှတ်တော်ကိုယ်စားလှယ် ဖွဲ့စည်းပုံသည် ပြည်သူများ လိုလားချက်ကို ထင်ဟပ်ခြင်း ရှိ၊ မရှိ သုံးသပ်ခြင်းလည်း ပါဝင်သင့်ပါသည်)

**ပြည်ထောင်စုအဆင့် လွှတ်တော်နှစ်ရပ်**

| | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | (နှစ်ခုပေါင်း) ပြည်ထောင်စုလွှတ်တော် |
|---|---|---|---|
| ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်များ | ၃၃၀ | ၁၆၈ | ၄၉၈ |
| တပ်မတော်သား ကိုယ်စားလှယ်များ | ၁၁၀ | ၅၆ | ၁၆၆ |
| | ၄၄၀ | ၂၂၄ | ၆၆၄ |

ပုံ (၃) ပြည်ထောင်စု လွှတ်တော်၏ ဖွဲ့စည်းပုံ

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်အား အောက်ပါအခွင့်အာဏာများကို အပ်နှင်းထားပါသည်။

(၁) ရွေးကောက်တင်မြှောက်ခွင့်အာဏာ (Electoral Power)

ပြည်ထောင်စု လွှတ်တော်သည် အောက်ဖော်ပြပါ ပြည်ထောင်စုအဆင့် ရာထူးများကို ခန့်အပ်ခွင့်အာဏာကို ရရှိ ပါသည်။

- နိုင်ငံတော်သမ္မတနှင့် ဒုသမ္မတများ
- ပြည်ထောင်စုဝန်ကြီးများ
- ပြည်ထောင်စုရှေ့နေချုပ်
- ပြည်ထောင်စုစာရင်းစစ်ချုပ်
- ပြည်ထောင်စုတရားသူကြီးချုပ်
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
- နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ အပါအဝင်

အဖွဲ့ဝင်(၉)ဦး

• ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အပါ အဝင် အနည်းဆုံး (၅)ဦး

(၂) အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ခွင့်အာဏာ (Constituent Power)

ပုဒ်မ (၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆)

(၃) လွှတ်တော်တွင်း တရားစီရင်ခွင့်အာဏာ (Judicial Power)

• နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများနှင့်

• ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအား အခြေခံဥပဒေပုဒ်မ(၇၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြစ်တင်စွဲဆိုနိုင်သည်။

(၄) ဥပဒေပြုခွင့်အာဏာ (Legislative Power)

ပြည်ထောင်စု ဥပဒေအားလုံးပြဋ္ဌာန်းခြင်း၊ ပြင်ဆင် ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ရသုံးမှန်းချေငွေစာရင်းကို ဆုံးဖြတ်ခြင်း တို့တွင် ဥပဒေပြုပိုင်ခွင့်ရှိပါသည်။

(၅) စောင့်ကြည့်စစ်ဆေးခွင့်အာဏာ (Survelliance Power)

ကော်မတီများဖွဲ့စည်း၍ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာများကိုစောင့်ကြည့်ခြင်း၊ အပြန်အလှန် ထိန်းကျောင်းခြင်းများ ပြုလုပ်ပိုင်ခွင့်အာဏာကို ရရှိသည်။

ထို့ပြင် လွှတ်တော်များတွင် သက်ဆိုင်ရာ နယ်ပယ် ကဏ္ဍအလိုက် ကော်မတီ၊ ကော်မရှင်များ၊ ပူးပေါင်းကော်မတီ များဖွဲ့စည်း၍ အပြန်အလှန် ထိန်းကျောင်းမှု ပြုလုပ်နိုင်ရန် စီမံ ဆောင်ရွက်ထားပါသည်။

၄.၄.၂။ ပြည်ထောင်စု အုပ်ချုပ်ရေးအာဏာ

ပြည်ထောင်စု အုပ်ချုပ်ရေးအာဏာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၂၀၀)အရ ဖွဲ့စည်းသည့် ပုဂ္ဂိုလ်များပါဝင် ပါသည်။

(က) နိုင်ငံတော်သမ္မတ၊

(ခ) ဒုတိယသမ္မတများ၊

(ဂ) ပြည်ထောင်စုဝန်ကြီးများ၊

(ဃ) ပြည်ထောင်စုရှေ့နေချုပ်။

(နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၆၀) တွင် ဖော်ပြ ထားသည်။)




ပုံ (၄) နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပုံ

အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာတို့၏လုပ်ငန်းဆောင်ရွက်ပုံကို အောက်ပါအတိုင်းလေ့လာနိုင်ပါသည်။




ပုံ (၅) အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာတို့၏ လုပ်ငန်းဆောင်ရွက်ပုံ

၄.၄.၃။ ပြည်ထောင်စု တရားစီရင်ရေးအာဏာ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၉၄) အရ နိုင်ငံတော် တွင် စစ်ဘက်ဆိုင်ရာတရားရုံးများနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာများကို မထိ ခိုက်စေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံ တော်၏ အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။

နိုင်ငံတော်သမ္မတသည် မိမိစိတ်ကြိုက်တရား သူကြီးများအား ပြည်ထောင်စုလွှတ်တော်တွင် တင်ပြအတည် ပြုချက်ရယူပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဖွဲ့စည်း နိုင်ပါသည်။ တရားသူကြီးဦးရေ အနည်းဆုံး ၇ ဦးမှ အများဆုံး၁၁ ဦးထိ ခန့်ထားနိုင်ပြီး တရားသူကြီးများ၏ သက်တမ်းသည် အသက် (၅၀) မှ အသက် (၇၀) အထိ လုပ်ကိုင်ခွင့်ရှိပါသည်။

၄.၄.၄။ အခြားပြည်ထောင်စုအဖွဲ့အစည်းများ

(၁) အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(က) နိုင်ငံတော်သမ္မတဦးသိန်းစိန် (၂၀၁၀ မှ ၂၀၁၅)

(ခ) ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၂၀၁၀ မှ ၂၀၁၅)

(ဂ) ဒုတိယသမ္မတ ဦးဉာဏ်ထွန်း (၂၀၁၀ မှ ၂၀၁၅)

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း( ၂၀၁၀ မှ ၂၀၁၅)

(င) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ဦး (၂၀၁၀ မှ ၂၀၁၅)

(စ) တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၀၁၀ မှ ၂၀၁၅)

(ဆ) ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ( ၂၀၁၀ မှ ၂၀၁၅)

(ဇ) ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင် ( ၂၀၁၀ မှ ၂၀၁၅)

(ဈ) နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏမောင်လွင်(၂၀၁၀ မှ ၂၀၁၅)

(ည) ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ( ၂၀၁၀ မှ ၂၀၁၅ )

(ဋ) နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ( ၂၀၁၀ မှ ၂၀၁၅ )

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ တာဝန်နှင့်အခန်းကဏ္ဍကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁၁) “အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များ” အခန်းတွင် လေ့လာတွေ့ရှိနိုင်ပါသည်။

(၂) ဘဏ္ဍာရေးကော်မရှင်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၂၉ (က) အရ ဘဏ္ဍာရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း ထားပါ သည်။

(၁) နိုင်ငံတော်သမ္မတ - ဥက္ကဋ္ဌ

(၂) ဒုတိယသမ္မတများ - ဒုတိယဥက္ကဋ္ဌများ

(၃) ပြည်ထောင်စုရှေ့နေချုပ် - အဖွဲ့ဝင်

(၄) ပြည်ထောင်စုစာရင်းစစ်ချုပ် - အဖွဲ့ဝင်

(၅) တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် - အဖွဲ့ဝင်များ ပြည်နယ်ဝန်ကြီးချုပ်များ

(၆) နေပြည်တော်ကောင်စီဥက္ကဋ္ဌ - အဖွဲ့ဝင်

(၇) ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး - အတွင်းရေးမှူး

(၃) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ လွှတ် တော် ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကိုဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းများ ပြုစု ခြင်းနှင့် ပြင်ဆင်ခြင်း အစရှိသည့်ကိစ္စရပ်များ ဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အနည်းဆုံး

၅ ဦးကို ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ (၃၉၈) အရ ဖွဲ့စည်းထားသည်။

(၃.၅.၄) ပြည်ထောင်စုရာထူးဝန်အဖွဲ့

နိုင်ငံတော်သမ္မတသည် နိုင်ငံ့ဝန်ထမ်းများရွေးချယ် ရေး၊ လေ့ကျင့်ရေးတာဝန်နှင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း စည်းကမ်းသတ်မှတ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၄၆) အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းထားသည်။

(၄) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၃၂၂ အရ ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် နိုင်ငံတော်သမ္မတမှ ရွေးချယ်ထားသောအဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်ထားသော အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ရွေးချယ်ထားသော အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း ကိုးဦး၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းသဘောတူညီချက်ရယူလျက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ဖွဲ့စည်းထားသည်။ နိုင်ငံ တော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ (နှုတ်ထွက်သွားသော နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်ကို လေ့လာသင့်ပါသည်)




ပုံ(၆) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းပုံ



ပုံ(၇) နေပြည်တော်ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းများကို လေ့လာခြင်း

နိုင်ငံတော်၏ အချုပ်အခြာအာဏာ(၃)ရပ်အရ တိုင်း ဒေသကြီး။ ပြည်နယ် အဖွဲ့အစည်းများကို အောက်ပါအတိုင်း ပုံ(၈) တွေ့ရသည်။




ပုံ (၈) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် အဖွဲ့အစည်းများ

| | ပြည်နယ် လွှတ်တော် |
|---|---|
| တစ်မြို့နယ်လျှင် နှစ်ဦး | မြို့နယ် x ၂ |
| လူဦးရေ၏ ၀•၁%(၅၁၀၀၀ဦး)ရှိသော တိုင်းရင်းသားများ၏ကိုယ်စားလှယ် ၁ ဦးကျ | |
| တပ်မတော်သား ၂၅ % | |

ပုံ (၉) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်၏ ဖွဲ့စည်းမှုပုံစံ

၄.၄.၅။ တိုင်းဒေသကြီး၊ပြည်နယ် ဥပဒေပြုအာဏာ

တိုင်းဒေသကြီး၊ပြည်နယ်လွှတ်တော်ကို ယင်းတိုင်း ဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ် လျှင်နှစ်ဦးစီ ရွေးကောက်တင်မြှောက်သော လွှတ်တော် ကိုယ်စားလှယ်များ၊ ယင်းတိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသော တိုင်းရင်း သားလူမျိုးများမှအပ ကျန်လူမျိုးများအနက် နိုင်ငံတော်ရှိ လူဦး ရေစုစုပေါင်း၏ ၀.၁ ရာခိုင်နှုန်းအထက်ရှိသော တိုင်းရင်းသား လူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက် တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ ထို ကိုယ်စားလှယ်အားလုံး၏ သုံးပုံတစ်ပုံဖြစ်သော တပ်မတော် သားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်အား

- ရွေးကောက်တင်မြှောက်ခွင့်အာဏာ(Electoral Power)
- လွှတ်တော်တွင်း တရားစီရင်ခွင့်အာဏာ (Judicial Power)
- ဥပဒေပြုခွင့်အာဏာ (Legislative Power)

• စောင့်ကြည့်စစ်ဆေးခွင့်အာဏာ (Survelliance Power)

စသည့် အာဏာများကို အခြေခံဥပဒေအရ အပ်နှင်းထား သည်။

သို့သော် ပြည်ထောင်စုလွှတ်တော် ကဲ့သို့သော အခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ခွင့်အာဏာ (Constituent Power)ကိုကား တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ် တော်များသို့ ပေးအပ်ထားခြင်းမရှိပေ။ (အမေရိကန်နိုင်ငံတွင် မူအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ခွင့်အာဏာကို ပြည်ထောင်စု အဆင့်ဖြစ်သော အထက်လွှတ်တော်၊ အောက်လွှတ်တော် များကိုသာမက ပြည်နယ်လွှတ်တော်များကိုပါ အပ်နှင်းထား သည်။)

၄.၄.၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးအာဏာ

တိုင်းဒေသကြီး။ပြည်နယ် အစိုးရအဖွဲ့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၂၄၈ အရ ဖွဲ့စည်းသည်။ ပြည်ထောင်စု အဆင့်တွင် သမ္မတစနစ်ကိုကျင့်သုံးသော်လည်း တိုင်းဒေသ ကြီး။ပြည်နယ်အဆင့်တွင်မူ ဝန်ကြီးချုပ်စနစ်ကို ကျင့်သုံးသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဖွဲ့စည်းပုံကို အောက်ပါ (ပုံ-၁၀) အတိုင်း လေ့လာနိုင်သည်။

တိုင်းဒေသကြီး။ပြည်နယ်၏ ဥပဒေပြုရေးအာဏာ နှင့် အုပ်ချုပ်ရေးအာဏာတို့၏ အပြန်အလှန် လုပ်ငန်းဆောင် ရွက်ပုံကို (ပုံ-၁၁)အတိုင်းတွေ့ရှိနိုင်သည်။

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဥပဒေပြုရေး နှင့် အုပ်ချုပ်အာဏာတို့သည် ပြည်ထောင်စုရသုံးမှန်းခြေ ငွေ စာရင်းမှ ထောက်ပံ့ငွေနှင့် ဇယား ၅ အရ ကောက်ခံရရှိ သောသည် အခွန်အခများကိုလည်း စီမံခန့်ခွဲရသည်။

၄.၄.၇။ တိုင်းဒေသကြီး။ပြည်နယ် တရားစီရင်ရေးအာဏာ

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု တရားသူကြီး ချုပ်၊ သက်ဆိုင်ရာ

တိုင်းဒေသကြီး။ပြည်နယ် ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းပြီး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တရားသူကြီး ချုပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး။ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်အပ်နိုင်သည်။

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ် သည် တိုင်းဒေသကြီး။ ပြည်နယ် တရားသူကြီးများ၏ အမည် စာရင်းအား ပြည်ထောင်စုတရားသူကြီးချုပ်နှင့်ညှိနှိုင်းပြီး သက် ဆိုင်ရာတိုင်းဒေသကြီး။ ပြည်နယ် လွှတ်တော်သို့ပေးပို့ အတည် ပြုချက်ရယူရသည်။ တိုင်းဒေသကြီး။ ပြည်နယ် လွှတ်တော်၏ အတည်ပြုချက် ရယူပြီးသောပုဂ္ဂိုလ်များအား တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တရားသူကြီးများအဖြစ် နိုင်ငံတော် သမ္မတမှ ခန့်အပ်သည်။ တိုင်းဒေသကြီး။ပြည်နယ်တရားလွှတ် တော်တွင် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်တရားသူကြီး ချုပ် အပါအဝင် အနည်းဆုံး (၃) ဦးမှ အများဆုံး (၇) ဦးထိ ခန့်အပ်နိုင်သည်။



ပုံ (၁၀) တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ဖွဲ့စည်းပုံ




ပုံ (၁၁) တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့အကြား လုပ်ငန်းဆောင်ရွက်မှုပုံစံ

ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ဇယား(၅) ဆိုသည်မှာ -

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက ကောက်ခံပိုင်ခွင့်ရှိသည့် အခွန်အခများကို ဖော်ပြထားသည့် ဇယားကို ဆိုလိုခြင်း ဖြစ်ပါသည်။

## ၄.၅ အပြန်အလှန် ထိန်းကျောင်းမှု (Check and Balance) သဘောတရားကို ဆွေးနွေးခြင်း

အပြန်အလှန်ထိန်းကျောင်းမှု ဆိုသည်မှာ နိုင်ငံတော် အချုပ်အခြာအာဏာ သုံးရပ်ကို တာဝန်ယူဆောင်ရွက်နေရသည့် မဏ္ဍိုင်များအကြား လုပ်ငန်းစဉ်များကို စောင့်ကြပ်ကြည့်ရှုခြင်းတည့်မတ်ခြင်း လုပ်ဆောင်နိုင်သည့် ယန္တရား (Mechanism) တစ်ရပ်ဖြစ်ပါသည်။ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့မှ အုပ်ချုပ်ရေးမဏ္ဍိုင်ကို စောင့်ကြပ်ကြည့်ရှုမှု

အပြစ်တင်စွဲဆိုမှုပြုနိုင်သည်။ အဆိုပါ အပြန်အလှန်ထိန်းကျောင်းမှုလုပ်ငန်းစဉ်ပီပြင်စေရန် အခြေခံဥပဒေတွင်ပြဋ္ဌာန်းကာ အာမခံချက်ပေးထား သည်။ အမေရိကန်နိုင်ငံ၏ အာဏာကြီးသုံးရပ်၏ အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance)ပြုလုပ်ထားပုံအဆင့် ဆင့်ကို လေ့လာမည်ဆိုပါက ပုံ(၁၂) တွင်ဖော်ပြထားသည့်အတိုင်း တွေ့မြင်နိုင်ပါသည်။



ပုံ (၁၂) အမေရိကန် ပြည်ထောင်စု၏ အပြန်အလှန် ထိန်းကျောင်းမှုပုံစံ

---

သင်တန်းနည်းပြမှ အမေရိကန်နိုင်ငံ၏ အပြန်အလှန်ထိန်းကျောင်းမှုစနစ်အကြောင်း ရှင်းလင်းဆွေးနွေးပြီးနောက် လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းအရ ပေါ်ပေါက်လာသော အာဏာသုံးရပ် (ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ် ရေး)အကြား ဖြစ်ပေါ်နေသော အပြန်အလှန်ထိန်းကျောင်းမှုပုံစံကို သင်တန်းသားများအား အုပ်စုဖွဲ့ဆွေးနွေးစေရမည်ဖြစ်ပြီး သင်တန်းနည်းပြမှ ပြန်လည်သုံးသပ်ဆွေးနွေးပေးရမည် ဖြစ်ပါသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာ၊

အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ အကြား ဖြစ်ပေါ်နေသော အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance System) ကို အောက်ပါအတိုင်း တွေ့နိုင်သည်။




ပုံ (၁၃) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာသုံးရပ်အကြား အပြန်အလှန်ထိန်းကျောင်းမှု ပုံစံ

*********

# အခန်း(၅ - က)
# ကိုယ်စားလှယ်လောင်းအား အကဲဖြတ်ခြင်း

## ကိုယ်စားလှယ်လောင်း တစ်ဦးအား အကဲဖြတ်သည့် အဆင့် ၇ ဆင့်

**- နိဒါန်း *(၅ မိနစ်)***

ရွေးကောက်ပွဲများသည် မဲပေးသူများအတွက် အရေးကြီးသော ရွေးချယ်မှုများ ပြင်ဆင်ပေး ပါသည်။ မိမိတို့ လူမှုပတ်ဝန်းကျင်ကို အကျိုးသက်ရောက် ပြောင်းလဲစေမည့် ဒေသတွင်းရွေးကောက် ယှဉ်ပြိုင်မှု (သို့) တစ်နိုင်ငံလုံး၏ ဦးတည်ချက်ကို အကျိုးသက်ရောက် ပြောင်းလဲစေမည့် နိုင်ငံအဆင့် ရွေးကောက်ယှဉ်ပြိုင်မှု ဖြစ်ပါစေ မိမိ ဂရုစိုက်အလေးထားသည့် အခက်ခဲများနှင့် မိမိထောက်ခံအားပေးမည့် ကိုယ်စားလှယ်လောင်းအတွက် စဉ်းစားဆုံးဖြတ်ရန် အချိန်တစ်ခုဖြစ်ပေသည်။

သို့သော်၊ မဲပေးသူများအနေနှင့် ကိုယ်စားလှယ်လောင်းများအား မည်သို့နှိုင်းယှဉ် အကဲဖြတ်ရ မည်နည်း။ ပုံမှန်အားဖြင့်ဆိုသော် ဆောင်ပုဒ်များ၊ အမည်နာမ အသိမှတ်ပြုခြင်းနှင့် ကိုယ်ရည်ကိုယ်သွေး စသည့်အချက်များသည် ရွေးကောက်ပွဲလှုံ့ဆော်မှုဆိုင်ရာဆောင်ရွက်မှုများတွင် ပါဝင်ပေသည်။ ရုပ်မြင်သံကြားအစီစဉ်နှင့် တစ်နေ့နှင့်တစ်နေ့ ဖြန့်ကျက်လာသည့် အင်တာနက်သည် နိုင်ငံရေး ရွေးကောက်ပွဲ လှုံ့ဆော်မှုများတွင် ဆက်လက်လွှမ်းမိုးလျှက်ရှိသောကြောင့် ကိုယ်စားလှယ်လောင်း၏ ဂုဏ်ပုဒ်ထက် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု၏ အနှစ်သာရကိုရရှိရန် ခက်ခဲလှပေသည်။

မည်သို့ပင်ဆိုစေ၊ အပြင်ပန်းသဏ္ဍာန်ထက် အနှစ်သာရကိုရရှိရန် ဖြစ်နိုင်ပေသည်။ အောက် ဖော်ပြပါ အဆင့် ၇ ဆင့်သည် မိမိရွေးချယ်မည့် ကိုယ်စားလှယ်လောင်းအားအကဲဖြတ်ရန် ကူညီပေးမည့် အချက်များ ဖြစ်ပါသည်။

## ရည်ရွယ်ချက်

ကိုယ်စားလှယ်လောင်းတစ်ဦးအား အကဲဖြတ်ရာတွင် လျှောက်ပတ်ကိုက်ညီသော စံသတ်မှတ်ချက်များကို နားလည်ရန်။

ရွေးကောက်ပွဲကာလအတွင်း ဝါဒဖြန့်မှုပုံစံအမျိုးမျိုးအား ဖော်ထုတ်ခွဲခြားတတ်ရန်။

## သင်ကြားနည်းစနစ်

အစုဖွဲ့လိုက် ဆွေးနွေးခြင်း

လက်တွေ့လုပ်ဆောင်ခြင်း

## လိုအပ်သော ပစ္စည်းများ

နိုင်ငံရေးသမားများ၏ ဝါဒဖြန့်ခြင်းကို အကဲဖြတ်ပုံဖော် သရုပ်ပြသည့်ကဒ်များ၊ ဝါဒဖြန့် အမည်နာမ အမျိုးမျိုးပါဝင်သည့် Flipcharts များ၊ သင်တန်းသားများ အားလုံးအတွက် ကိုယ်စားလှယ်လောင်းအကဲဖြတ် မှတ်တမ်းများ

## သင်ကြားချိန်

(၆၀) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**သင်ကြားချိန် ၄၀ မိနစ်**

### ၁။ ကိုယ်စားလောင်းအား အကဲဖြတ်နည်း။

- ပြုလုပ်ပုံ
  - သင်တန်းသားများအား ကိုယ်စားလှယ်လောင်းများ အကဲဖြတ်ရာ အဆင့် ၇ ဆင့်ကိုရှင်းပြရင်း ကိုယ်စားလှယ်လောင်း အကဲဖြတ်ကတ်များအား ဖြည့်စွက်သည့် လေ့ကျင့်ခန်းအား လုပ်ဆောင်စေရင်း သင်တန်းဆရာမှ သင်တန်းသားများကြား လမ်းလျှောက်သွားရန်။
  - သင်တန်းဆရာမှ သင်တန်းသားအချို့အား အခြားခေါင်းဆောင်မှု အရည်အသွေးများနှင့်မိမိတို့မျှော်မှန်းထားသည့်ခေါင်းဆောင်ကောင်းတစ်ဦး၏ စရိုက်လက္ခဏာများကို ဖော်ထုတ်မှတ်သားစေမည်။ ၅ မိနစ် အချိန်ယူ၍ အကြံဉာဏ်များပေးပါ။
  - သင်တန်းသားများ ၎င်းတို့၏ ကိုယ်စားလှယ်လောင်း အကဲဖြတ်သည့်ကတ်အား သင်တန်းဆရာမှ ကူညီဖြည့်စွက်ပေးရမည်။
- **လိုအပ်သည့်ပစ္စည်းများ -** နိုင်ငံရေးသမားများ၏ ပါဝါဖြန့်ခြင်းကို ပုံဖော်သရုပ်ပြသည့် ကတ်များ။ ပါဝါဖြန့် အမည်နာမအမျိုးမျိုးပါဝင်သည့် Flipchart များ။

**သင်ကြားချိန် ၂၀ မိနစ်**

### ၂။ ပါဝါများအား အကဲဖြတ်သည့် လေ့ကျင့်ခန်း။

- ပြုလုပ်ပုံ
  - အထက်ဖော်ပြပါ အချက်အလက် ("ပြည့်ဝမှန်ကန်မှု မရှိခြင်း/ပါဝါဖြန့်ခြင်း" အကွက်)အား ဥပမာများနှင့်လေ့လာပြီး အောက်ဖော်ပြပါအချက်များကို စက္ကူရွက်ကြီးပေါ်တွင် ဖော်ပြပါ။
    - o အမည်တပ်ခြင်း
    - o ကောလဟာလ
    - o အဖွဲ့အစည်း မှန်ကန်မှုမရှိခြင်း
    - o ပါဝါဖြန့်သည့် စကားလုံးများ
    - o သူတစ်ပါးကို အပြစ်ပုံချခြင်း
    - o မဖြစ်နိုင်သည့် ကတိများပေးခြင်း
    - o လက်တွေ့ပြဿနာများအား ရှောင်လွှဲခြင်း
  - ◦ မိမိဆန္ဒအလျောက် ပါဝင်လိုသည့် သင်တန်းသား ၁၂ ဦးအားပေးပါ။ တစ်ယောက်စီတိုင်းအား အောက်ဖော်ပြပါကတ်များပေး၍ ၎င်းတို့အား နိုင်ငံရေးသမားတစ်ဦးကဲ့သို့ သရုပ်ပြစေပြီး ကတ်ပေါ်ရှိအချက်အား ဖတ်နိုင်ပါ။
  - ◦ မည်သည့် ပြည့်ဝမှန်ကန်မှုမရှိခြင်း/ပါဝါဖြန့်ခြင်းပုံစံ အသုံးပြုထားသည်ကို သင်တန်းသားများအား ခန့်မှန်းခိုင်းပါ။
  - ◦ လေ့ကျင့်ခန်းအပြီးတွင်၊ ပါဝါဖြန့်သည့် အမျိုးအစားအသီးသီးကို ဖော်ထုတ်သည့် အရေးကြီးချက်ကိုရှင်းပြပါ။ အောက်ဖော်ပြပါဆွေးနွေးချက်မေးခွန်းများကိုမေးပါ
    - o ပါဝါဖြန့်ခြင်း အားလုံးမကောင်းကြပါဟု ယူဆပါသလား? အဘယ်ကြောင့် မကောင်းပါဟု ထင်မြင်ပါသနည်း?
    - o ပါဝါဖြန့်ခြင်းသည်ထိရောက်မှုရှိပါသလား? ရွေးကောက်ပွဲတွင်ဤအချက်သည်ပြည်သူများအပေါ် မည်သို့အကျိုးသက်ရောက်မှု ရှိစေသနည်း?
- **လိုအပ်သည့် ပစ္စည်းများ -** နိုင်ငံရေးသမားများ၏ ပါဝါဖြန့်ခြင်းကို ပုံဖော်သရုပ်ပြသည့် ကတ်များ။ ပါဝါဖြန့် အမည်နာမ အမျိုးမျိုးပါဝင်သည့် Flipchart များ။

## သင်ခန်းစာလမ်းညွှန်

အဆင့် ၁။ မိမိလိုလားသည့် ကိုယ်စားလှယ်လောင်းအား ရွေးချယ်ဆုံးဖြတ်ပါ။

### ကိုယ်စားလှယ်လောင်းများအား နည်းလမ်းနှစ်မျိုးဖြင့် အကဲဖြတ်နိုင်ပါသည်။

၁။ ပြဿနာများကိုင်တွယ်ရာတွင် ၄င်းတို့၏ ရပ်တည်ချက်များ၊

၂။ လုပ်ငန်းခွင်တွင် ၄င်းတို့၏ ခေါင်းဆောင်မှု အရည်အသွေးများနှင့် အတွေ့အကြုံများ။

ကိုယ်စားလှယ်လောင်းတစ်ဦးအား ရွေးချယ်ရာ တွင် ပထမအဆင့်သည် မိမိဂရုစိုက် အလေးထားသည့် ပြဿနာများနှင့် ခေါင်းဆောင်တစ်ဦးတွင် မိမိလိုလားသည့် အရည်အချင်း ရှိ မရှိတို့ကို ဆုံးဖြတ်ရွေးချယ်ခြင်းဖြစ်သည်။

ပြဿနာများကို ထည့်သွင်းစဉ်းစားရာ၌ အစိုးရ တွင် ပါဝင်မည့် မိမိတို့လိုလားသည့် ပုဂ္ဂိုလ်များမှ ကိုင်တွယ် ဖြေရှင်းစေလိုသည့် မိမိတို့ရပ်ရွာပတ်ဝန်းကျင် (သို့) နိုင်ငံ အဆင့် ပြဿနာများကို ထည့်သွင်းစဉ်းစားပါ။ ဥပမာ၊ အမျိုး သားလုံခြုံရေး၊ ကျောင်းသားများပညာသင်စာရိတ် ချေးငွေများ နှင့် အလုပ်လက်မဲ့များအတွက် အစိုးရ ငွေကြေးထောက်ပံ့မှု များသည် မိမိအတွက် စိတ်ဝင်စားစရာအချက်များ ဖြစ်နိုင် ပေသည်။

ခေါင်းဆောင်မှုအရည်အသွေးများကို ထည့်သွင်း စဉ်းစားရာတွင် မိမိလိုလားသည့် ခေါင်းဆောင်ကောင်း တစ်ယောက်၏ အရည်အချင်းဆိုင်ရာ

စရိုက်လက္ခဏာများကို ထည့်သွင်းစဉ်းစားပါ။ မိမိလိုလားသည့် အချက်များသည် ဉာဏ်ရည်ထက်မြက်မှု၊ ရိုးသားမှု၊ ဆက်ဆံရေးကောင်းမွန်မှု အရည်ချင်းများလား၊ အခြားမည်သည့်အချက်များပါဝင်နိုင် သေးသနည်း၊

သင်တန်းဆရာ ။ ။ ခေါင်းဆောင်ကောင်း တစ်ယောက် တွင် မိမိတို့လိုလားသည့် အခြားခေါင်းဆောင်မှု အရည် အချင်းများနှင့် စရိုက်လက္ခဏာများကို သင်တန်းသား အချို့အား ဖော်ပြပါစေ။

ဤရွေးကောက်ပွဲ လှုံ့ဆော်မှုတွင် မိမိအတွက် အရေးပါဆုံးသော ပြဿနာများနှင့် ခေါင်းဆောင်မှု အရည် အချင်းများကို ထည့်သွင်းစဉ်းစားပြီးနောက်၊ ၎င်းအချက်များ အား စာမျက်နှာ ၄ တွင် ရှိသော ကိုယ်စားလှယ်လောင်း အကဲဖြတ်ကဒ်တွင် မှတ်သားထားပါ။

**သင်တန်းဆရာ၊ သင်တန်းသားများ ၎င်းတို့ကိုယ်စားလှယ်လောင်း အကဲဖြတ်ကဒ်ဖြည့်စွပ်ရာတွင် ကူညီပေးပါ။**

အဆင့် ၂။ မိမိတို့ရပ်ရွာတွင် မည်သည့်ကိုယ်စားလှယ်လောင်းမှ ယှဉ်ပြိုင်နေသည်ကို ဖော်ထုတ်ပါ။

နိုင်ငံရေးပါတီများမှ ဖြစ်နိုင်ခြေရှိသည့် အချို့သော ကိုယ်စားလှယ်လောင်းများကို မိမိမှရွေးချယ်ရမည်ဖြစ်သည်။ နိုင်ငံရေးပါတီတစ်ခုတည်းအတွက်သာ ရပ်တည်ခြင်းသည် မိမိကြိုက်နှစ်သက်သည့် နိုင်ငံရေးပါတီသည် မူဝါဒများ ပြုလုပ် ရာတွင် ထောက်ခံမှုများပိုမိုရရှိနိုင်မည်ဟူသည့် ရှုထောင့် ဘက်မှကြည့်လျှင် ကောင်းသော အချက်တစ်ခုဖြစ်ပေသည်။ သို့သော်၊ မိမိယုံကြည်ချက်အတွက် အမှန်တကယ်

မားမား မတ်မတ် ရပ်တည်ပေးမည့် ပုဂ္ဂိုလ်အား ရွေးချယ်ခြင်းသည် ပို၍ အရေးကြီးပေသည်။ ကိုယ်စားလှယ်လောင်းများသည် မိမိတို့ ကြိုက်နှစ်သက်သည့် နိုင်ငံရေးပါတီမှ ဖြစ်သော်လည်း၊ မိမိတို့ မျှော်မှန်းချက်များအတွက် စွမ်းစွမ်းတမန် မလုပ်ဆောင် ပေးသည့် အဖြစ်အပျက်များလည်း ရှိပေသည်။

မည်သည့် ကိုယ်စားလှယ်လောင်းများမှ ယှဉ်ပြိုင် နေသည်ကို ဖော်ထုတ်ပါ။ သင့်လျော်သည့် ကိုယ်စားလှယ် လောင်းများအားလုံးကို မဲပေးလွှာတွင် ဖော်ပြထားကြောင်း သေချာအောင်လုပ်ပါ။ ပါတီငယ်နှင့် (သို့) တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများအား ပါဝင်ကြောင်း သေချာအောင် လုပ်ပါ။

## အဆင့် ၃။ ဖြစ်နိုင်ခြေရှိသော ကိုယ်စားလှယ်လောင်းများ၏ အချက်အလက်များကို စုဆောင်းပါ။

ဖော်ပြပါကိုယ်စားလှယ်လောင်းများ၏ သတင်းအချက်အလက်များကိုအတူတကွ "စုဆောင်းထား"ပါ။ ကိုယ်စားလှယ်လောင်းများနှင့်ပတ်သက်၍ မည်သည့်သတင်းအချက် အလက်မဆို မိမိတို့ရနိုင်သမျှစုဆောင်းထားပါ။ လှုံ့ဆော်မှု ဆိုင်ရာသက်ဆိုင်ရာ ဌာနများကိုခေါ်ဆို မေးမြန်းပါ၊ သတင်း များစောင့်ကြည့်ပါ၊ ရေဒီယိုနားထောင်ပါ၊ သတင်းစာဖတ်ပါ။ သတင်းအချက်လက်များကို အောက်ဖော်ပြပါများတွင် မိမိတို့ ရွေးချယ်နိုင်ပါသည်။

- သတင်းအစီရင်ခံစာများ (သတင်းစာ၊ ရုပ်မြင် သံကြားနှင့် ရေဒီယို)
- ရေဒီယိုနှင့် ရုပ်မြင်သံကြားကြော်ငြာများ
- ကိုယ်စားလှယ်လောင်းများ၏ မိန့်ခွန်းများ
- ကိုယ်စားလှယ်လောင်းများ၏ စကားစစ်ထိုးခြင်းများ

• လုံခြုံရေးဆောင်ရွက်မှုဆိုင်ရာအင်တာနက်စာမျက်နှာများ အပါအဝင် လုံခြုံရေးဆောင်ရွက်မှုဆိုင်ရာ စာစောင်များ။

• ပါတီများနှင့် စွက်ဖက်မှုမရှိသည့် အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ တင်ထားသည့် မဲအသိပညာပေး အင်တာနက်စာမျက်နှာများ။

ရပ်ရွာ ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ် လောင်းများနှင့် တွေ့ဆုံမေးမြန်းချက်များသည်လည်း အ ထောက်အကူဖြစ်နိုင်ပါသည်။ လက်ရှိအာဏာရ ကိုယ်စား လှယ်များအတွက် မိမိတို့မှအရေးကြီးသော ပြဿနာများ အဖြစ် သတ်မှတ်ထားသော အချက်များကို ၎င်းတို့၏ မဲပေး စာရင်းတွင် ဖော်ပြထားသည့် ထိုပြဿနာများအပေါ် ၎င်းတို့၏ ရပ်တည်ချက်များကို လေ့လာခြင်းအားဖြင့် ၎င်းတို့၏ ရပ်တည် ချက်များကို သိရှိနိုင်ပေသည်။

## အဆင့် ၄။ ပြဿနာများအပေါ် ကိုယ်စားလှယ်လောင်းများ၏ ရပ်တည်ချက်များကို သုံးသပ်ပါ။

မိမိတို့ စုဆောင်းထားသော အချက်များကို ဖတ်ရှု လေ့လာပြီး မှတ်တမ်းအဖြစ် သိမ်းစည်းထားပါ။ အချက် အလက်များက ကိုယ်စားလှယ်များအပေါ် မိမိ စိတ်ဝင်စားမှုကို ယေဘုယျအားဖြင့် လွှမ်းခြုံပါသလား၊ ပြဿနာများအပေါ် ကိုယ်စားလှယ်လောင်းများ၏ ရပ်တည်ချက်များကို မိမိတို့မှ တိတိကျကျ မည်သို့ ကောက်ချက်ချနိုင်ပါ သနည်း၊ ?

ကိုယ်စားလှယ်လောင်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်အသစ်များကို မိမိတို့မှ စုဆောင်းပြီး ကိုယ်စားလှယ်လောင်း အကဲဖြတ်ကဒ်တွင် ဖြည့်စွက်ပါ။ ရွေးကောက်ပွဲ လှုံ့ဆော်ရေးကာလတစ်လျှောက်တွင် ရွေး ကောက်ပွဲလှုံ့ဆော်မှုများ

တောက်လျှောက်လုပ်ဆောင်နေ မည်ဖြစ်ရာ သတင်းအချက်အလက်များ ပိုမိုရရှိလာသည်နှင့် အမျှ မိမိတို့မှ ကိုယ်စားလှယ်လောင်း အကဲဖြတ်ကဒ်တွင် အဆက်မပြတ် ဖော်ပြပေးရမည် ဖြစ်သည်။

## အဆင့် ၅။ ကိုယ်စားလှယ်လောင်းများ၏ ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်များကို လေ့လာပါ။

ကိုယ်စားလှယ်လောင်းတစ်ဦးသည် ခေါင်းဆောင် ကောင်းတစ်ဦး ဖြစ်နိုင်မဖြစ်နိုင် ဆုံးဖြတ်ရခြင်းမှာ ခက်ခဲလှပေ သည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ရွေးကောက်တင်မြှောက်ခြင်း ခံရပါက ရိုးသားပွင့်လင်းမှု ရှိ မရှိ (သို့) အခက်ခဲများအကြားတွင်တာဝန်ထမ်းဆောင်နိုင်မှု ရှိ မရှိကို မိမိတို့မှ မည်သို့ သိရှိနိုင်မည်နည်း၊ အောက်ဖော်ပြပါ ကိုယ်စားလှယ်လောင်း များ၏ ခေါင်းဆောင်မှုအရည်အချင်းများကို သုံးသပ်လေ့လာ ပြီး နည်းလမ်းအချို့ကို ရရှိနိုင်မည်ဖြစ်သည်။

- ကိုယ်စားလှယ်လောင်းများ၏ နောက်ကြောင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများကို လေ့လာကြည့်ပါ။ တာဝန်အတွက် ၎င်းတို့မှ မည်သို့ပြင်ဆင်ထား သနည်း၊ ၎င်းတို့တွင် နဂို နိုင်ငံရေးအတွေ့အကြုံ ရှိပါသလား၊ ၎င်းတို့ ကိုယ်စားပြုမည့် မဲဆန္ဒနယ်နှင့် ၎င်းတို့ထိတွေ့ဆက်နွယ်မှု (သို့) ဒေသသဘောကို နားလည်မှု ရှိပါသလား၊ ဒေသတွင်း ကြုံတွေ့နေရ သော အဓိကပြဿနာများကို ၎င်းတို့ နားလည်ပါ သလား၊?

- ကိုယ်စားလှယ်လောင်းများ၏ လှုပ်ဆော်မှုများကို စောင့်ကြည့်လေ့လာပါ။ စကားစစ်ထိုးပွဲများ တက် ရောက်ရန် ဖိတ်ခေါ်ခြင်းကို ၎င်းတို့မှလက်ခံပါ သလား၊ ကိုယ်စားလှယ်လောင်းများ မြင်သာမြင် ရပြီး ၎င်းတို့၏

ပြောဆိုချက်များ မကြားရသည့် သတင်းအဖြစ်ပျက်များကို လှုံ့ဆော်မှုများက အလေးပေးနေပါသလား (ဥပမာ၊ ကိုယ်စားလှယ်လောင်း တစ်ဦးသည် ကျောင်းသစ်ဖွင့်ပွဲ ဖဲကြိုးဖြတ် အခမ်း အနားတွင်သာတွေ့ရပြီး ပညာရေးကိစ္စရပ်နှင့် ပတ် သပ်၍ ပြောဆိုမှုမရှိခြင်း)၊

• လှုံ့ဆော်မှုအချက်အလက်များကို စမ်းစစ်လေ့လာ ပါ။ အမှန်တကယ်စိတ်အားထက်သန်ခြင်း၊ စိတ်ဝင် စားဖွယ်ကောင်းခြင်း(သို့) ပျင်းရိဖွယ်ကောင်းခြင်း၊ နှုတ်ပြောသက်သက် (သို့) အမှန်တကယ် လုပ် ဆောင်လိုခြင်း အစရှိသည့် စိတ်သဘောထားများ ကို ၎င်းတို့အနေဖြင့် ဖော်ပြလေ့ရှိပါသည်။ ဥပမာ- လှုံ့ဆော်မှုအချက် အလက်များသည် ပြဿနာများ (သို့) ရုပ်ပြများကို သာ အလေးပေးနေသလား၊ ၎င်းတို့သည် ခိုင်မာမှန်ကန်မှု ရှိပါသလား၊?

**သင်တန်းဆရာ။ ကိုယ်စားလှယ်လောင်း အကဲဖြတ်ကဒ် ဖြည့်ရာတွင် သင်တန်းသားများအား ကူညီပေးပါ။**

## အဆင့် ၆။ အခြားသူများက ကိုယ်စားလှယ်လောင်းအား မည်သို့ ရှုမြင်သည်ကို လေ့လာပါ။

လှုံ့ဆော်မှုများနှင့် အခြားရင်းမြစ်များမှ သတင်း အချက်အလက်များ မိမိတို့ရရှိပြီးနောက်၊ ကိုယ်စားလှယ် လောင်းများနှင့်ပတ်သက်၍ အခြားသူများက မည်သို့ ထင်မြင် သုံးသပ်သည်ကို မိမိတို့လေ့လာသင်ပေမည်။ ၎င်းတို့၏ ရှုမြင် သုံးသပ်ချက်များသည် မိမိတို့၏ အမြင်များကို ပိုမိုရှင်းလင်း စေနိုင်ပါသည်၊ သို့သော် မိမိတို့၏ နဂိုသုံးသပ်ချက်များကို ပြောင်းလဲရန် ရည်ရွယ်ခြင်းမဟုတ်ပါ။

မိမိသည်သတိအထား

ဆုံးသောစောင့်ကြည့်လေ့လာသူတစ်ဦးလည်းဖြစ်နိုင်ပေသည်။



(၁) မဲဆွယ်စည်းရုံးမှုများကို တောက်လျှောက်လေ့လာ နေသည့် မိမိတို့ရပ်ရွာမှ အခြားသူများ၏ ထင်မြင် ယူဆချက်များကို လေ့လာပါ။ လူပုဂ္ဂိုလ်သုံးဦး (မိသားဝင်များ မဟုတ်) ဥပမာ၊ ဈေးဆိုင်ရှင်၊ အိမ်နီးချင်း (သို့) နိုင်ငံရေး တက်ကြွလှုပ်ရှားသူအား မည်သည့် ကိုယ်စားလှယ်လောင်းအား ထောက်ခံ၍ အဘယ့်ကြောင့် ထောက်ခံသည်ကို တွေ့ဆုံမေး မြန်းပါ။ ၎င်းတို့၏ နိုင်ငံရေးအမြင်များ မည်သည့် အချက်က ပြောင်းလဲစေသည်ကိုမေးမြန်းပါ။ အဖြစ် အပျက်တစ်ခုခုကလား၊ကိုယ်စားလှယ်လောင်းတစ် ဦးမှတင်ပြသည့် ထင်မြင်ယူဆချက်(သို့) အစီအစဉ် တစ်ခုခုကြောင့်လား၊ ပြဿနာတစ်ခုခုအပေါ် ၎င်း တို့၏ ထင်မြင်ယူဆချက်ကြောင့်လား၊ ပါတီတစ်ခုခု အပေါ် ရေရှည်သစ္စာရှိခြင်းလား၊ အစရှိသည့် မေးခွန်းများကို မေးမြန်းပါ။

(၂) အတည်ပြုထောက်ခံချက်များကို လေ့လာပါ။ အ

တည်ပြုထောက်ခံချက်များဆိုသည်မှာ စီးပွားရေး လုပ်ငန်းတစ်ခုခု (သို့) အနုပညာရှင် တစ်ဦးဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးအား "သဘောတူ ထောက်ခံကြောင်း"ကိုဆိုသည်။စိတ်ပါဝင်စားသည့် အစုအဖွဲ့များနှင့် အဖွဲ့အစည်းများ၏ အတည်ပြု ထောက်ခံချက်များသည်ကိုယ်စားလှယ်လောင်းတစ် ဦးမှထောက်ခံအားပေးမည့်အရေးကိစ္စများအတွက် သလဲ နွ စ် များဖော်ပြပေသည်။ ကယို စ်ား လယှ ် လာင်း တစ်ဦးစီတိုင်း၏ အတည်ပြုထောက်ခံချက်များစာရင်း ကို ၎င်းတို့၏ ဌာနချုပ်များမှရယူပါ။ ယင်း အဖွဲ့ အစည်းများ၏ ရပ်တည်ချက်များနှင့် မည်သည့် ကြောင်းအချက်ကြောင့် ကိုယ်စားလှယ်လောင်း အား ထောက်ခံအတည်ပြုသည်ကို လေ့လာပါ။

- လှုံ့ဆော်ပွဲတွင် ပေးဝေသော အရာများကို ကြည့်ပါ။

ကိုယ်စားလှယ်လောင်းများအနေနှင့် ၎င်းတို့ လှုံ့ဆော်ပွဲများအတွက် ငွေကြေး ထောက်ပံ့မှုများကို မည်သည့်နေရာမှ ရရှိ သနည်း၊ ၎င်းတို့၏ ငွေကြေးကိုသာ အသုံးပြု သလား (သို့) အချို့သော သူချမ်းသာများထံမှ ရရှိလား (သို့) အချို့သော ပါဝင်လှူဒါန်းသူများ ထံမှလား၊ လှုံ့ဆော်ပွဲများတွင် ပေးဝေသော အရာများနှင့် သက်ဆိုင်သည့် သတင်းအချက် အလက် အမျိုးမျိုးတို့အား အစိုးရထံ သတင်းပို့ ရမည်ဖြစ်ပြီး ၎င်းတို့ကို သတင်းဌာနများမှ စောင့်ကြည့်ရမည်ဖြစ်သည်။ လှုံ့ဆော်ပွဲဆိုင် ရာ ငွေကြေးသုံးစွဲမှုများနှင့် ပတ်သက်သည့် သတင်းဆောင်းပါးများကို သတင်းစာများတွင် လေ့လာပါ။ လှုံ့ဆော်ပွဲတွင် ပေးဝေသည့်အရာ များသည့် ကိုယ်စားလှယ်လောင်းများအနေနှင့် နေရာရလာပါက ၎င်းတို့လုပ်ဆောင်မှုအပေါ် မည်သို့ထိရောက်မှု(သို့) လွှမ်းမိုးမှုရှိနိုင်ပါသနည်း၊?

- ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု ပွဲစဉ် တစ်လျှောက်လုံးတွင်

ကိုယ်စားလှယ်လောင်း အသီးသီးတို့အပေါ် ပြည်သူလူထု၏ ထောက်ခံ မှုကိုတိုင်းထွာရန် သဘောထားအမြင် စစ်တမ်း များကို အဖွဲ့အစည်းအသီးသီးတို့မှ ကောက် ယူကြမည် ဖြစ်သည်။ သဘောထားအမြင်စစ် တမ်းများမှမည်သူသည်

ယှဉ်ပြိုင်ရာ မည်သည့် အဆင့်တွင် ရှိနေသည်ကို ဖော်ပြပေသည်။ မိမိတို့အနေနှင့် သဘောထားအမြင် စစ်တမ်း များကိုလေ့လာပြီး ဤ မေးခွန်းများကိုမေးပါ။ သဘောထားအမြင် စစ်တမ်းကောက်ခံခြင်း ကိုမည်သူက ထောက်ပံ့သနည်း၊ စစ်တမ်းပါ အချက်များအားလုံးကို ဖော်ပြပါသလား၊ မည် သည့်မေးခွန်းများကို မေးမြန်းထားပါသနည်း၊ တိမ်းစောင်း ဘက်လိုက်ခြင်းများ ရှိပါသလား၊ ဖြေဆိုသူများသည် ကျပန်းရွေးချယ်ခံရသူများ လား (သို့) လူဦးရေ၏ ကဏ္ဍအသီးသီးကို လွှမ်းခြုံကိုယ်စားပြုမှု ရှိပါသလား၊ စစ်တမ်း ကောက်ခံလွှာတွင် လူပုဂ္ဂိုလ်မည်မျှ ပါဝင် သနည်း၊?

## အဆင့် ၇။ စိစစ် အဖြေရှာခြင်း

မိမိတို့ စုစောင်းရရှိသော သတင်းအချက်အလက် များကိုစီစစ်ပြီးကိုယ်စားလှယ်လောင်းများအားလုံးကို နှိုင်းယှဉ် ပါ။ ဤမေးခွန်းများကို နောက်ဆုံးအနေဖြင့် မိမိကိုယ်မိမိ မေးမြန်းပါ။

- ပြဿနာများအပေါ် မည်သည့် ကိုယ်စားလှယ် လောင်း၏ သဘောထားအမြင်သည် မိမိခံယူချက် နှင့် အကိုက်ညီးဆုံး ဖြစ်သနည်း၊?

- တရားအမျှတဆုံး မဲဆွယ်စည်းရုံးမှုကို မည်သူလုပ်ဆောင် နိုင်ခဲ့သနည်း၊?

- ပြဿနာများအပေါ် အနားလည်ဆုံး ကိုယ်စားလှယ် လောင်းသည် မည်သူနည်း၊?

- မိမိ လိုလားသော ခေါင်းဆောင်မှုအရည်အချင်းများ မည်သည့် ကိုယ်စားလှယ်လောင်းတွင် ရှိသနည်း၊?

# ဖြစ်စဉ်တစ်လျှောက်လုံးကို သေချာစွာလေ့လာပြီး ကိုယ်စားလှယ်လောင်းတစ်ဦးအား ဖော်ထုတ်ရွေးချယ် ပြီးသည့်နောက် မိမိတို့အနေဖြင့် မဲပေးရန်အဆင်သင့် အနေထားသို့ ရောက်နေပြီဖြစ်သည်။

ပြည့်ဝမှန်ကန်မှု မရှိခြင်း။ဝါဒဖြန့်ခြင်း အစရှိသည့်နည်းလမ်းများကို လေ့လာခြင်း။ (၁၀ မိနစ်)

ကိုယ်စားလှယ်လောင်းများ အားလုံးသည် မိမိကိုယ်မိမိ မဲပေးမည့် ပြည်သူများထံတွင် မိမိကိုယ်ကို ကြော်ငြာ ရပါမည်။ ရံဖန်ရံခါ ကိုယ်စားလှယ်လောင်းများသည် အပြောကောင်းလွန်း၍ အမှန်တရားကို လက်တစ်လုံးခြား ပြောဆိုခြင်းကို သတိအထား ဆုံး လေ့လာစောင့်ကြည့်သူများပင်လျှင် ဖော်ထုတ်ရန်ခက်ခဲလှပေသည်။ မိမိတို့အနေနှင့် မဲဆွယ်စည်းရုံးပွဲများတွင် စောင့်ကြည့်သင့်သည့် ကိုယ်စားလှယ်လောင်းများ အသုံးပြုသောမဲဆွယ်နည်းလမ်းများကို မှန်ကန်မှုရှိ မရှိ လေ့လာစမ်းစစ်ရာတွင် အောက်ပါ ဥပမာများကို တွေ့ရှိရတတ်သည်။

## အဖြစ်များသော မှန်ကန်မှုမရှိသည့် မဲဆွယ်နည်းလမ်းများ

အမည်တပ်ခြင်း။တစ်ဖက်သူအားထိခိုက်နစ်နာစေခြင်း - ဤတိုက်ခိုက်မှုမျိုးသည် မိမိပြိုင်ဘက်၏ တာဝန် ထမ်းဆောင်မည့်အခါတွင် သက်ရောက်မှုရှိမည့် ကိုယ်ကျင့်တရား၊ အပြုအမူတို့အား တိုက်ခိုက်ခြင်းမျိုးမဟုတ်သော အခြားမသက်ဆိုင်သည့် အရာများကို

ဦးတည်တိုက်ခိုက်ခြင်းသာ ဖြစ်သည်။ ဥပမာ၊ “ကျွန်တော့် ပြိုင်ဘက် ကခေါင်းမာပြီး အပြောကြီးတာပဲရှိတယ်” စသည့် တိုက်ခိုက်မှုမျိုးသည် ၎င်းကိုယ်စားလှယ်လောင်းအတွက် မှန်ကန် လုံလောက်သည့် အချက်အလက်ကို ဖော်ပြခြင်းမရှိပေ။ တစ်ဖက်သတ် ထိခိုက်နစ်နာအောင် ပြောဆိုရာတွင် မျိုးရိုး၊ မျိုးနွယ်စုဇစ်မြစ် (သို့) အိမ်ထောင်ရေး ကိစ္စများကိုရည်ညွှန်းကာ တစ်ဖက်သူအကျိုးပျက်အောင် ပြောဆိုခြင်းများသာဖြစ်သည်။

ကောလဟာလ - “လူတိုင်းကပြောတယ် ကျွန်တော့် ပြိုင်ဘက်ဟာ ကလိမ်ကကျစ်။ ဒါပေမဲ့ ကျွန်တော့် အနေဖြင့် ဘာတစ်ခုမှ အမှားလုပ်တာ မသိမိဘူး” ဟူ၍ ပြောဆိုခြင်းမျိုးသည် မိမိပြိုင်ဘက် အပြစ်ရှိကြောင်းကို (မဖော်ပြသော်လည်း) သွယ်ဝိုက်၍ ရည်ညွှန်းနေခြင်း ဖြစ်သည်။

ပက်သတ်ဆက်နွယ်မှုကို အသုံးချ၍ အပုပ်ချပြောဆိုခြင်း - “ကိုယ်စားလှယ်လောင်း မောင်ဖြူကို အကြီးစား ငွေရှင်ကြေးရှင်တွေက ထောက်ပံ့ပေးထားတယ်ဆိုတာ ကျွန်တော်တို့အားလုံး သိတယ်” ဟူသည့် ပြောဆိုချက်များသည် ပြဿနာများအပေါ် ၎င်းကိုယ်စားလှယ်လောင်းများ၏ ရပ်တည်ချက်များကိုတိုက်ခိုက်ခြင်း မဟုတ်ဘဲ ၎င်းတို့ကို ထောက်ပံ့ပေးထားသည့်သူများအား အသုံးချကာ တိုက်ခိုက်ခြင်းဖြစ်သည်။

ဝါဒဖြန့်သည့် စကားလုံးများ - “တရားဥပဒေ စိုးမိုးရေး” message များကို ပေးခြင်းထက်(သို့) “မြန်မာ ဆန့်ကျင်ရေး” စသည့် ရုတ်တရက်စိတ်လှုပ်ရှားဖွယ် တုန့်ပြန်မှုမျိုးကို ဖြစ်ပေါ်စေသည့် စကားလုံးများသုံးနှုန်းခြင်းကို ဆိုလိုသည်။

သူတစ်ပါးကို အပြစ်ပုံချခြင်း - ကိုယ်စားလှယ်လောင်းတစ်ဦးသည်မိမိအနေနှင့် မကိုင်တွယ်နိုင်သော အမှုအရာအတွက် တာဝန်ခံမှုမရှိဘဲ မိမိပြိုင်ဘက်ပေါ်တွင် ပြစ်တင်ပုံချခြင်းကို ဆိုလိုသည်။

မဖြစ်နိုင်သည့် ကတိများပေးခြင်း - ဤအချက်သည် မည်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်မှ မတတ်နိုင်သည့် လက်တွေ့မကျသော ကတိများဖြစ်သည်။

လက်တွေ့ ပြဿနာများအား ရှောင်လွှဲခြင်း - ဤအချက်သည် ကိုယ်စားလှယ်လောင်းများအနေနှင့် မေးခွန်းများကို တိုက်ရိုက်မဖြေဘဲ အမြင်မရှင်းသည် အဖြေများပေးခြင်း (သို့) ဖြစ်ပေါ်လာမည့် တိကျသည့်ပြဿနာများ၏ ဖြစ်နိုင်ခြေရှိသည့် အဖြေကိုမပေးဘဲ ရေးဆွဲထားသည့် လုပ်ငန်းစီမံကိန်းများမှ အကျိုးရလဒ်များကိုသာ အကြမ်းဖျဉ်း ယေဘုယျသဘောဖြင့် ဖော်ပြပြောဆိုခြင်းကို ဆိုလိုသည်။

### သင်ခန်းစာ ၆ လေ့ကျင့်ခန်းအတွက် ကဒ်များ - ဝါဒဖြန့်ခြင်းကို အကဲဖြတ်ခြင်း

၁။ အဲဒီ ပါတီက ကိုယ်စားလှယ်လောင်းဟာ ဂျပြီးဒေါသကြီးတယ်။ အဲဒါကြောင့် အဲဒီ ပုဂ္ဂိုလ်ကို ယုံကြည်လို့မရဘူး။ (အမည်တပ်ခြင်း)

၂။ လွန်ခဲ့တဲ့ အချိန်တုန်းက တစ်ဘက် ကိုယ်စားလှယ်လောင်းဟာ ပြစ်မှုကျူးလွန်ထားတယ်လို့ အချို့လူတွေကပြောတယ်။ ဒါပေမဲ့ အဲဒီ အကြောင်းကို ကျွန်တော် မပြောလိုပါဘူး။ (ကောလဟာလ)

၃။ ဒီကိုယ်စားလှယ်လောင်းက လှုံ့ဆော်ပွဲအတွက် ငွေကြေးကို ခရိုနီတစ်ယောက်ဆီကရထားတယ်။ အဲ့ဒါကြောင့် သူ့ကိုမပြေးကြပါနဲ့။ (ပတ်သက်ဆက်နွယ်မှုကို အသုံးချ၍ အပုပ်ချပြောဆိုခြင်း)။

၄။ ကျွန်တော့် ပြိုင်ဘက်ဟာ ချမ်းသာတဲ့သူတစ်ယောက်ဖြစ်ပြီး ဆင်းရဲသားတွေအတွက် ရပ်တည်ပေးတဲ့သူမဟုတ်ဘူး။ (ဝါဒဖြန့်သည့် စကားလုံး)

၅။ ကျွန်တော့် ပြိုင်ဘက်ပါတီကြောင့် နိုင်ငံကဆင်းရဲနေတာ၊ အဲဒါကြောင့် ပြည်သူတွေသူ့ကို မဲမပေးသင့်ဘူး။ (သူတစ်ပါး ကို ပြစ်တင်ပုံချခြင်း)

၆။ ရွေးကောက်ခံရင် ပြည်သူတွေကို ချမ်းသာအောင်လုပ်ပေးမယ်။ (မဖြစ်နိုင်သည့် ကတိများပေးခြင်း)

၇။ နိုင်ငံရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားတို့ မေးတဲ့မေးခွန်းအတွက် အစိုးရမှာ အဖြေရှိတယ်ဆိုတာ ကျွန်တော် အသေအချာယုံကြည်ပါတယ်။ (လက်တွေ့ ပြဿနာများအား ရှောင်လွှဲခြင်း)

၈။ ကျွန်တော် လွှတ်တော်အမတ်တစ်ယောက်ဖြစ်လာရင် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်တစ်ခုလုံးကို ပြောင်းလဲပေးမယ်။ (မဖြစ်နိုင်သည့် ကတိများပေးခြင်း)

၉။ ကိုယ်စားလှယ်လောင်း မောင်နီဟာ တက္ကသိုလ်မပြီးဘူး။ အဲ့ဒီတော့ နိုင်ငံအတွက် အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို သူဘယ်လိုလုပ် ချပေးနိုင်မှာလဲ၊ (အမည်တပ်ခြင်း)

၁၀။ နိုင်ငံတော်ရဲ့ မူဝါဒဟာ ကောင်းနေမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာမှာပါ။ ကျွန်တော် ပြောနိုင်တာကတော့ ဒီလောက်ပါပဲ။ (လက်တွေ့ ပြဿနာများကို ရှောင်လွှဲခြင်း)

၁၁။ ကျွန်တော့်ပြိုင်ဘက်ဟာ နိုင်ငံခြားမှာအကြာကြီး နေထိုင်ခဲ့တယ်။ အခု သူဟာ နိုင်ငံခြားသားတစ်ယောက်လိုပဲ။ (ဝါဒဖြန့်သည့် စကားလုံးများ)

၁၂။ ကိုယ်စားလှယ်လောင်း မောင်ဝါရဲ့မိသားစုတွေဟာ ကျွန်တော်တို့ ဒေသကသစ်ပင်တွေအားလုံးကို ဖျက်ဆီးလိုက်တဲ့ ကုမ္ပဏီတစ်ခုနဲ့ ဆက်နွယ်မှုရှိတယ်။ (အဖွဲ့အစည်း မှန်ကန်မှု မရှိခြင်း)

## ကိုယ်စားလှယ်လောင်း အကဲဖြတ်မှတ်တမ်း

| မေးခွန်းများ<br>မိမိဦးစားပေးမေးခွန်းများ | မိမိရပ်တည်ချက်များ | ကိုယ်စားလှယ်လောင်း (က) | ကိုယ်စားလှယ်လောင်း (ခ) | ကိုယ်စားလှယ်လောင်း (ဂ) |
|---|---|---|---|---|
| ဥပမာ၊ ကျန်းမာရေး စောင့်ရှောက်မှု | မိမိသည် [illegible] ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုကို ထောက်ခံပါသည်။ | | | |
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |

| ခေါင်းဆောင်မှု အရည်အချင်း | မိမိ လိုချင်သည့် အရည်အချင်းများ | ကိုယ်စားလှယ်လောင်း (က) | ကိုယ်စားလှယ်လောင်း (ခ) | ကိုယ်စားလှယ်လောင်း (ဂ) |
|---|---|---|---|---|
| ဥပမာ၊ ရိုးသားမှု လိုက်လျောညီထွေမှု ရှိခြင်း | | | | |
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |

မိမိ ရွေးချယ်မှု -----------------------------------------------------------------

**********

## အခန်း(၅ - ခ)
## မဲပေးသူများမှတ်ပုံတင်ခြင်းနှင့် မဲပေးသူများစာရင်း

အရည်ချင်းပြည့်မီသော မဲပေးပိုင်ရှင်များအားလုံး မဲပေးနိုင်ရန်ပြုလုပ်ခြင်းသည် အားလုံးပါဝင် ပြီး ယုံကြည်နိုင်လောက်သော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ခုဖြစ်ရေး အတွက်အရေးကြီး သော သော့ချက်တစ်ခုဖြစ်သည်။ ဤအချက်၏ ကနဦးအဆင့်သည် အရည်ချင်းပြည့်မီသော မဲပေး နိုင်သူများအားလုံး မဲပေးသူများစာရင်းတွင် ပါဝင်ရမည်ဖြစ်သည်။ ထို့ကြောင့် လွှမ်းခြုံပြည့်စုံပြီး မှန်ကန် သည့် မဲပေးသူများစာရင်းတစ်ခု ရွေးကောက်ပွဲမတိုင်မီ ရရှိရန်မှာ မဲပေးသူများအပါအဝင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအားလုံး၏ တာဝန်တစ်ရပ်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် မဲပေးသူများ မှတ်ပုံတင်ခြင်းသည် မဲပေးသူများကိုယ်တိုင် မှတ်ပုံတင်ရသည့် နေရာသို့ ကိုယ်တိုင်မှတ်ပုံတင်ရသည့် ကိုယ်တိုင်မှတ်ပုံတင်ခြင်း စနစ်မဟုတ်ပါ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ လက်ရှိအချက်အလက် အထူးသဖြင့် အိမ်ထောင်စုစာရင်း (ပုံစံ ၆၆။၆) အား အမှီပြု၍ မဲပေးသူများကိုယ်စား ပြုလုပ်ထားသော မှတ်ပုံတင်ခြင်းစနစ်ဖြစ်သည်။ မဲပေးသူများကိုယ်တိုင် မဲစာရင်းတွင်ပါဝင်နိုင်ရန် ကိုယ်တိုင်မှတ်ပုံတင်ရန် မလိုအပ်သော်လည်း ၎င်းတို့အနေနှင့် ယင်း စာရင်းအား လေ့လာစမ်းစစ်ပြီး ကောင်းမွန်အောင်ပြုလုပ်ခြင်းဖြင့် မဲပေးသူများအခွင့်အရေးကို ကာကွယ် နိုင်ပေမည်။ သို့မှသာ အားလုံးလွှမ်းခြုံပါဝင်သော မဲစာရင်းနှင့် ရွေးကောက်ပွဲသည် အရည်ချင်းပြည့်မီသော မဲပေးသူများအားလုံး၏ ရွေးချယ်မှုကို ထင်ဟပ်နေစေမည်ဖြစ်သည်။

ဤကဏ္ဍတွင် မဲပေးသူများစာရင်း မည်သို့ပြုလုပ်သည်၊ မဲပေးသူများအနေနှင့် မည်သို့စစ်ဆေး နိုင်မည် မည်သို့တိုးတက်ကောင်းမွန်အောင်ပြုလုပ်နိုင်မည်နှင့်

အခြားပတ်သက်ဆက်နွယ်သည့် သတင်း အချက်လက်များကို မိမိတို့ ဆွေးနွေးသွားကြမည်ဖြစ်သည်။

### ရည်ရွယ်ချက်

ရွေးကောက်ပွဲတစ်ခုအတွက် မဲပေးသူများစာရင်း၏ အရေးကြီးပုံကို နားလည်စေရန်။

မဲပေးသူများစာရင်းကို တိုးတက်ကောင်းမွန်စေရန်မဲပေးသူများ၏ တာဝန်နှင့် ဤသို့လုပ်ဆောင်ရာတွင် လိုအပ်သော အဆင့်များကို နားလည်သဘောပေါက်စေရန်။

### သင်ကြားနည်းစနစ်

မိတ်ဆက် ဂိမ်းကစားနည်း အတို၊

ပါဝါပွိုင့် တင်ဆက်ခြင်း

### လိုအပ်သော ပစ္စည်းများ

စာရွက်တိုကလေးများ၊ အချို့နာမည်များမပါဝင်သည့် သင်တန်းသားများစာရင်း၊ ပါဝါပွိုင့်စလိုက်များ။

### သင်ကြားချိန်

(၃၀) မိနစ်

**သင်ကြားချိန် ၁၀ မိနစ်**

## ၁။ မိတ်ဆက် ဂိမ်း။

- ပြုလုပ်ပုံ - ဖော်လန်တီယာ(volunteer) ၃ ဦးထဲမှ ကိုယ်စားလှယ်များရွေးချယ်ခြင်းအတွက် မဲပေးရန် သင်တန်းသားများအား ဖိတ်ခေါ်ရမည်ဖြစ်သည်။ အချို့သောသူများ သည် တမင်မဲမပေးကြဘဲ နေကြမည်ဖြစ်ပြီး ၎င်းတို့၏စိတ်ကူးနှင့်သဘောထား များကို မေးမြန်းရမည်။

- **လိုအပ်သော ပစ္စည်း** - စာရွက်တိုကလေးများ၊ အချို့ နာမည်များ မပါဝင်သည့် သင်တန်းသားများ စာရင်း။
- အဆင့်ဆင့် - ဖော်လန်တီယာ (volunteer) ၃ ဦးအားရွေးချယ်၍ ၎င်းတို့အား သင်တန်းရှေ့ တွင် မတ်တပ် ရပ်စေပါ။
  - ဖော်လန်တီယာ (volunteer) ၃ ဦးအနက်မှ တစ်ဦးကိုမဲပေးကာ ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် ကျန်ရှိနေသောသင်တန်းသားများမှရွေးချယ်ရန် သင်တန်း သားများအား ပြောပါ။
  - စာရွက်တိုကလေးများအား အယောက်တိုင်းစီ ဝေပေးပါ။
  - ထို့နောက် သင်တန်းဆရာမှ အရည်ချင်းပြည့်မီသော မဲပေးသူများစာရင်းကို ထပ်လောင်းကြေငြာမည်ဖြစ်ကြောင်း သင်တန်းသားများအားပြောပါ။ မဲပေးသူ များစာရင်းမှ သင်တန်းသား ၃-၄ ဦးကို တမင်ချန်လပ်ထားကာ အခြားနာမည် များကိုသာ ဖော်ပြပါ။
  - မဲပေးသူများ စာရင်းတွင်ပါရှိသော သင်တန်းသားများကို မဲပေးစေပြီး မဲများကို ရေတွက်စေပါ။
  - ရွေးချယ်ခံရသည့် အနိုင်ရရှိသော သူ၏နာမည်အား ကိုယ်စားလှယ်များအဖြစ် ကြေငြာပေးပါ။
  - မဲပေးစာရင်းတွင် မပါဝင်သော သူများ (၁ သို့ ၂) ကို ၎င်းတို့အနေနှင့် မည်သို့ ခံစားရသည်ကို မေးမြန်းပါ။

**၂။ ပါဝါပွိုင့် တင်ဆက်ခြင်း။**

- ပြုလုပ်ပုံ - သင်တန်းဆရာမှ မဲပေးသူများ စာရင်း၏အဓိပ္ပါယ်နှင့် ၄င်းတို့အား မည်သည့်အချိန်တွင် မည်သို့ဖော်ပြသည်၊ အမှားအယွင်း (သို့) လိုအပ်မှုများရှိပါက မဲပေးသူများစာရင်းအား မည်သို့ပြင်ဆင်ရမည် စသည့် မြန်မာနိုင်ငံ မဲပေးသူများ မှတ်ပုံတင်စနစ်ကို တင်ဆက်သွားမည်ဖြစ်သည်။
- **လိုအပ်သော ပစ္စည်း** - ပါဝါပွိုင့် စလိုက်များ

သင်ကြားချိန် ၂၀ မိနစ်

**၃။ မေးခွန်းနှင့်အဖြေများ။**

- ပြုလုပ်ပုံ - သင်တန်းသားများမှ ခေါင်းစဉ်အလိုက် မေးခွန်းများ မေးစေပြီး သင်တန်းဆရာမှ ၄င်းတို့အား အစဉ်လိုက်ဖြေကြားရမည် ဖြစ်သည်။
- **လိုအပ်သော ပစ္စည်း** - မရှိ
- အချိန် - အချိန်ရရှိမှုပေါ်မူတည်သည် (ဤအစီစဉ်သည် ပထမနေ့၏ နောက်ဆုံးချိန်ဖြစ်သည်)။

သင်ကြားချိန် ရရှိမှုပေါ်မူတည်

## သင်ခန်းစာလမ်းညွှန်

### လမ်းညွှန်ပေးခြင်း/ဆွေးနွေးရန် အချက်များ

အခန်း ၂ အတွင်း ပါဝါပွိုင့် စလိုက်များ

စလိုက် ၁

မဲပေးသူများမှတ်ပုံတင်ခြင်း

သက်ဆိုင်ရာအဖွဲ့အစည်းမှ မဲပေးသူများကိုယ်စား မဲအစားမှတ်ပုံတင်ပေးခြင်း - ပြည်သူများ မိမိတို့ကိုယ်တိုင် မှတ်ပုံတင်ရန် မလိုပေ။

မဲပေးသူများ စာရင်း

- ဥပဒေအရ အရည်ချင်းပြည့်မီသော မဲပေးပိုင်ရှင်များ နှင့်

လာမည့်ရွေးကောက်ပွဲတွင် မဲပေးရန် ခွင့်ပြုခံ ထားရသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ ပြည်သူ များ၏ စာရင်း။

- နာမည်၊ မွေးသက္ကရာဇ်၊ ကျား။မ၊ အဖအမည်၊ အမိ အမည်၊ မှတ်ပုံတင်နံပတ်နှင့် လိပ်စာ (မဲစာရင်း နမူနာပုံ အပါအဝင်) ပါ၏ ။

စလိုက် ၂ (ပုံနှင့် တစ်ကွ)

မဲစာရင်း ပြုစုပုံ




စလိုက် ၃

အိမ်ထောင်စုစာရင်းသည် အလွန် အရေးကြီးပါသည်။

မဲပေးသူများ စာရင်းသည် အိမ်ထောင်စုစာရင်းတွင် မူတည်သောကြောင့် မည်သည့် အိမ်ထောင်စုစာရင်းတွင် မိမိ နာမည်ပါသည်ကို သိရှိရန်

အလွန်အရေးကြီးပေသည်။ မိမိ၊ မိမိ မိသားစုတွင် အိမ်ထောင်စုစာရင်း မရှိပါက မဲပေးသူများ စာရင်းတွင် ပါဝင်နိုင်ရန် အရင်ဦးဆုံး ရပ်ကွက်။ကျေးရွာအုပ်စု ထွေ။ အုပ်သို့တင်ပြလျှောက်ထားပါ။

## စလိုက် ၄

### မိမိ မဲပေးရမည့် နေရာ

မိမိအိမ်ထောင်စုစာရင်း တည်ရှိရာ နေရာ၏ မဲပေး သူများ စာရင်းတွင်သာ မိမိနာမည်ကိုတွေ့ရမည်ဖြစ်သည်။ မိမိသည် အခြားနေရာဒေသတွင် ရှိနေ။လုပ်ကိုင်နေပါက မိမိ လက်ရှိနေထိုင်ရာနေရာ၏ မဲပေးသူများစာရင်းတွင် မိမိနာမည် ကို တွေ့ရမည်မဟုတ်ပေ။

မိမိလက်ရှိနေထိုင်ရာ အရပ်တွင် မဲပေးလိုပါက မိမိ၏ အိမ်ထောင်စုစာရင်းကို လက်ရှိနေရာသို့ ပြောင်းရွှေ့ရ မည်ဖြစ်သည်။ (သို့မဟုတ်) လက်ရှိနေရာတွင် မဲပေးနိုင်ရေး အတွက် ပုံစံ ၃-က အားဖြည့်ပြီး ယာယီမဲပေးသူများ မှတ်ပုံ တင်အား လျှောက်ထားရမည်ဖြစ်သည်။ သို့သော် မိမိသည် လက်ရှိနေရပ်တွင် ရက်ပေါင်း ၁၈၀ ထက် ကျော်လွန်ကာ နေထိုင်ကြောင်း သက်သေပြရမည်ဖြစ်သည်။ (နမူနာပုံစံ ပုံတစ်ပုံ ပူးတွဲပါဝင်ရမည်)။

## စလိုက် ၅

### မဲတစ်မဲ၏ ကဏ္ဍ

မဲပေးသူများ စာရင်းတွင် မိမိနာမည်မပါရှိပါက မိမိ သည် မဲပေးနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မဲပေးသူများစာရင်း တွင်ပါဝင်ရန် လုပ်ဆောင်ခြင်းသည်လည်း အရေးကြီးသော အချက်တစ်ခုဖြစ်ပေသည်။ သို့ပါ၍ ရွေးကောက်ပွဲမတိုင်မီ မိမိ အနေနှင့် မဲပေးသူများစာရင်းကို စစ်ဆေးရမည်ဖြစ်သည်။

UEC မှ မဲပေးသူများ စာရင်းကို မည်သည့် အချိန်နှင့် အချိန်မည်မျှကြာ

ဖော်ပြမည်ကို ကြေငြာမည်ဖြစ်သည်။ ရပ်ကွက်။ကျေးရွာအုပ်စု ကော်မရှင်ရုံးခွဲတွင် မဲပေးသူများ စာရင်းဖော်ပြချိန်တွင် မိမိနာမည်နှင့် ပါ၊ မပါနှင့် မိမိနှင့် သက်ဆိုင်သည့် အချက်အလက်များ မှန်ကန်မှုရှိမရှိ သွား ရောက် စစ်ဆေးရမည်ဖြစ်သည်။



စလိုက် ၆ (နမူနာပုံစံများ ဓာတ်ပုံ ပါဝင်ရမည်)

မှားယွင်းမှုရှိပါက မိမိအနေနှင့် လုပ်ဆောင်ရမည့်အရာ

မိမိနာမည် စာရင်းတွင် ဖော်ပြထားခြင်း မရှိပါက -

• မိမိနာမည်ပါရှိသော အိမ်ထောင်စုစာရင်းကို သွား ရောက် စစ်ဆေးပါ။

• မိမိနာမည်သည် အခြားနေရာဒေသရှိ အိမ်ထောင်စု စာရင်းတွင်ရှိပြီး မိမိသည် လက်ရှိနေရပ်တွင် ရက် ပေါင်း ၁၈၀ နှင့်အထက် နေထိုင်ကြောင်းသက်သေပြနိုင်ပါက ပုံစံ ၃ အားဖြည့်ကာ ကော်မရှင်ရုံးခွဲသို့ လျှောက်ထားပါ။

• မိမိနာမည်သည် လက်ရှိနေရပ်ရှိ အိမ်ထောင်စု စာရင်းတွင် ပါရှိပါက

ပုံစံ ၃ အားဖြည့်စွပ်ကာ ကော်မရှင်ရုံးခွဲသို့ လျှောက်ထားတင်ပြပါ။

မိမိ၊မိမိ မိသားစုဝင်များ၏ အချက်အလက်များ မှန်ကန်မှု မရှိပါက -

• ပုံစံ ၄-ဂ အားဖြည့်စွပ်ကာ ကော်မရှင်ရုံးခွဲသို့ လျှောက်ထားတင်ပြပါ။

စာရင်းတွင် မပါဝင်သင့်သူ၏ နာမည်တွေ့ရှိပါက -

• ပုံစံ ၄ အားဖြည့်စွပ်ကာ ကော်မရှင်ရုံးခွဲသို့ လျှောက် ထားတင်ပြပါ။

စလိုက် ၇

နောက်မကျပါနှင့်။

ဖောင်ပုံစံ အပ်နှံရန်နှင့်မဲပေးသူများ စာရင်း ပြောင်း လဲ ပြင်ဆင်ရန်အတွက် အချိန်ကန့်သတ်ချက်ရှိပါသည်။ UEC မှ ကနဦး မဲပေးသူများစာရင်းနှင့် နောက်ဆုံးမဲပေးသူများ စာရင်းများအတွက် ရက်သတ်မှတ်ချက်ကို ကြေငြာသွားမည် ဖြစ်သည်။ နောက်ဆုံး မဲပေးသူများစာရင်းအား ကြေငြာပြီး နောက် ရွေးကောက်ပွဲအတွက် ၄င်းအားထပ်မံပြောင်းလဲနိုင် မည် မဟုတ်တော့ပေ။

မိမိသည် ရက်စွဲများနှင့် ပတ်သက်၍ သေချာမှု မရှိ ပါက ကျေးဇူးပြု၍ ဒေသရှိကော်မရှင်ခွဲ တာဝန်ရှိသူများနှင့် ဒေသရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားတိုင်ပင်ပါ။

**ရွေးကောက်ပွဲနှင့်ပတ်သက်သော နည်းဥပဒေပါ ပုံစံများအား ရွေးကောက်ပွဲ ကော်မရှင်၏ ဝတ်ဘ်ဆိုဒ် (www.uecmyanmar.org) တွင် download ရယူနိုင်ပါသည်။**

*********

# အခန်း(၆)
# ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများ၏ တာဝန်နှင့်ဝတ္တရားများအား အဓိပ္ပါယ်ဖွင့်ဆိုခြင်း

## ရည်ရွယ်ချက်

ရွေးကောက်ပွဲနေ့ (နိုဝင်ဘာ ၈ ရက်) တွင် အဓိကကျသော ရွေးကောက်ပွဲသက်ဆိုင်ရာ တာဝန်ရှိသူများ၏ တာဝန်နှင့် ဝတ္တရားများကို အဓိပ္ပါယ်ဖွင့်ဆိုနိုင်စေရန်။

တက်ကြွသည့် မဲပေးသူတစ်ဦးအနေနှင့်သော်လည်းကောင်း နိုင်ငံသားတစ်ဦးအနေဖြင့် သော်လည်းကောင်း ရွေးကောက်ပွဲတွင် ဆောင်ရန် ရှောင်ရန်ကို နားလည်သဘောပေါက်စေရန်။

## သင်ကြားနည်းစနစ်

ဦးနှောက်မုန်တိုင်းဆင်ခြင်း

အပြန်အလှန်ဆွေးနွေးခြင်း၊

ပါဝါပွိုင့် တင်ဆက်ခြင်းနှင့်

မေး/ဖြေကဏ္ဍ။

## လိုအပ်သော ပစ္စည်းများ

ပါဝါပွိုင့် တင်ဆက်မှုအတွက် ပရိုဂျက်တာ (သို့) စာစောင်များ (Handouts)

## သင်ကြားချိန်

(၆၀) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**၁။ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများနှင့် ပတ်သတ်၍ သင်တန်းသားများ လက်ရှိနားလည်သဘောပေါက်ထားသည့်အပေါ် ဦးနှောက်မုန်တိုင်းစဉ်ကာ သင်ခန်းစာခေါင်းစဉ်အားမိတ်ဆက်ခြင်း။**

သင်ကြားချိန် ၂၀ မိနစ်

- မြလုပ်ပုံ - သင်တန်းဆရာမှ သင်ခန်းစာခေါင်းစဉ်နှင့် ၎င်း၏ရည်ရွယ်ချက်များကိုသင်တန်းသားများအား မိတ်ဆက်ပေးမည်။
  - သင်တန်းဆရာမှ သင်တန်းသားများအား မျက်နှာချင်းဆိုင် နေရာယူစေမည်။ မိမိ၏ မျက်နှာချင်းဆိုင်ရှိ သင်တန်းသားများအား ဖော်ပြပါမေးခွန်းများအား ဆွေးနွေးစေပါ "ရွေးကောက်ပွဲနေ့တွင် မည်သည့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် အရေးကြီးဆုံးသူများ ဖြစ်ကြသနည်း? အဘယ့်ကြောင့်နည်း? ထို့နောက် စာရွက်ကတ်များပေါ်တွင် ၎င်းတို့၏ အမြင်များကိုရေးချစေပါ။
  - အတွဲလိုက် ဆွေးနွေးပြီးနောက်၊ သင်တန်းဆရာမှ စာရွက်ကတ်များကိုရယူပြီး ဖော်လန်တီယာ(သို့)သင်တန်းသားအချို့ကိုခေါ်ယူကာဆွေးနွေးချက်ကို မျှဝေစေပါ။
- **လိုအပ်သော ပစ္စည်း** - စာရွက်ကတ်များ။

**၂။ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်များနှင့် သက်ဆိုင်သည့် ပါဝါပွိုင့် တင်ဆက်ခြင်း။**

သင်ကြားချိန် ၄၀ မိနစ်

- မြလုပ်ပုံ - သင်တန်းဆရာမှ ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ၏ တာဝန်နှင့် ဝတ္တရားများအား ပါဝါပွိုင့်ဖြင့် (သို့) စာစောင်များဖြင့် တင်ဆက်မည်။
  - တင်ဆက်မှု အပြီးတွင် မေး/ဖြေ ကဏ္ဍရှိမည်။
- **လိုအပ်သော ပစ္စည်း** - ပါဝါပွိုင့် တင်ဆက်ခြင်း၊ စာစောင်များ။

## သင်ခန်းစာလမ်းညွှန်

### နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်

လူတိုင်းသည် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေအောက်တွင်(နိုင်ငံသားအဖြစ်) သတ်မှတ်ထားသည့် မှတ်ပုံ တင်ခြင်း

ဖြစ်စဉ်များနှင့်အညီလုပ်ဆောင်ပါကခွဲခြားဆက်ဆံ ခံရခြင်းများမရှိပဲ ပါဝင်မဲပေးခွင့်ရှိရမည် ဖြစ်သည်။

### တန်းတူညီ မျှတသောမဲပေးပိုင်ခွင့်

နိုင်ငံသားတိုင်းသည် တန်းတူညီမျှတသော တန်ဖိုး ရှိသည့် မဲပြားများကိုပေးနိုင်ခွင့် ရှိရမည် “လူတစ်ဦးလျှင် မဲ တစ်ပြားစီ”သာဖြစ်ပြီး ပိုမိုအခွင့်ထူးခံရရှိသော မဲဆန္ဒရှင် နိုင်ငံသားဟူ၍ မရှိစေရပါ။

### မဲပေးပိုင်ခွင့် ရှိသူများ

အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေးရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသည် -

- ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး သက်ဆိုင်ရာလွှတ်တော် ရွေးကောက် ပွဲ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ။

### မဲပေးခွင့် မရှိသူများ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ် မြောက်ခွင့် မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ

▯ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူ ထားသူ

## ဆန္ဒမဲပေးနိုင်သူများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

• အသက် (၁၈) နှစ်ပြည့်သူ၊ နိုင်ငံသားနှင့် ဧည့်၊ပြု နိုင်ငံသားများသည် မဲပေးပိုင်ခွင့်ရှိသည်။ မဲစာရင်း တွင် ပါဝင်ခွင့် ရှိသည်။

• ရွေးကောက်ပွဲကော်မရှင်မှ ပြုစုသောမဲစာရင်းတွင် ထည့်သွင်းပြုစုပြီးသား ဖြစ်ရမည်။

• မဲပေးပိုင်ခွင့်ရှိလျက်နှင့် မဲစာရင်းတွင်ပါဝင်ခြင်း မရှိ လျှင် အမည်စာရင်းထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် သက်ဆိုင်ရာရပ်၊ ကျေးကော်မရှင်အဖွဲ့ခွဲသို့ တောင်း ဆို နိုင်သည်။

• ဆန္ဒမဲပေးသူသည် ကိုယ်တိုင် လျှို့ဝှက်ဆန္ဒမဲပေး နိုင်သည်။

• ဥပဒေပါ အကြောင်းတခုခုကြောင့် ကိုယ်တိုင်ဆန္ဒမဲ မပေးနိုင်မှသာ ကြိုတင်မဲပေးလိုကပေးနိုင်သည်။

• လျှို့ဝှက် ဆန္ဒမဲလက်မှတ်ပေါ်တွင် အမှတ်အသား များ ပါဝင်နေလျှင် လဲလှယ်ခွင့် ရှိသည်။

• ဆန္ဒမဲလက်မှတ်များရေတွက်နေခြင်းကို ကြည့်ရှုနိုင် သည်။

• ပါတီတစ်ခုခု (သို့မဟုတ်) လွှတ်တော်ကိုယ်စား လှယ်တစ်ဦးဦးမှ မိမိအားမဲထည့်ရန် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ မဲဝယ်ရန် ကြိုးစားခြင်းများရှိလျှင် တရားမဲ့ပြုကျင့်မှုအဖြစ် ရွေးကောက်ပွဲကော်မရှင်သို့ တိုင်တန်းနိုင်သည်။

## မဲဆန္ဒရှင်များ၏ တာဝန်ဝတ္တရားများ

နိုင်ငံသားတာဝန်နှင့် ရွေးကောက်ပွဲ

 ရွေးကောက်ပွဲဆိုသည်မှာ ဒီမိုကရေစီဖြစ်စဉ်၏ အ ရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

 ရွေးကောက်ပွဲများတွင် မဲပေးခြင်းသည် နိုင်ငံသား တစ်ဦး၏ တာဝန်ပင် ဖြစ်သည်။

 မိမိကိုယ်စားလှယ်ကို တင်မြှောက်သည့် ရွေး ကောက်ပွဲသည် နိုင်ငံသားတိုင်းအတွက် အလွန်ပင် အရေးကြီးလှသည်။

 မဲပေးနိုင်သူအများစု ပါဝင်မဲပေးသော အခါမှသာ ဂုဏ်သရေရှိသော ရွေးကောက်ပွဲဟု သတ်မှတ် နိုင်သည်။

 နိုင်ငံရေးဖြစ်စဉ်တွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေး ခြင်းဖြင့် မိမိနိုင်ငံ၏ ကံကြမ္မာကိုဆုံးဖြတ်ရာရောက် သည်။  ဆန္ဒမဲမပေးပဲ ရှောင်လွဲနေခြင်းသည် ပြည်သူတစ်ဦး ၏ တာဝန် မကျေပွန်ရာရောက်သည်။

## ဆန္ဒမဲတစ်မဲ၏ အာနိသင်

တစ်ဦးချင်း၏ "ဆန္ဒမဲတစ်မဲ" သည် "တခဲနက်" ဖြစ် လာသောအခါ တန်ဖိုးတစုံတရာဖြစ်လာပြီး တခဲနက်သည် တစ်သံတည်းထွက်လာသောအခါ အပြောင်းအလဲများကို ဆောင်ကြဉ်းနိုင်သည့် အင်အားကြီးတစ်ရပ်ဖြစ်သွားသည်။

မဲဆန္ဒရှင်များ၏ အခန်းကဏ္ဍ

၁။ Pre-Election - ရွေးကောက်ပွဲမတိုင်မီကာလ

၂။ Election day - ရွေးကောက်ပွဲနေ့

၃။ Post Election - ရွေးကောက်ပွဲအပြီးကာလ

၁။ Pre-Election- ရွေးကောက်ပွဲမတိုင်မီကာလ

သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် မဲပေးပိုင်ခွင့် ရှိသူများ၏

အမည်စာရင်းကို ကြိုတင်ကြေငြာရမည်။

မိမိအမည် ပါဝင်ခြင်းမရှိလျှင် တောင်းဆိုလွှာ တင်သွင်းနိုင်သည်။ မှတ်ပုံတင်ကဒ်ပြား၊ အိမ်ထောင်စု စာရင်း များပျောက်ဆုံးပါက ရွေးကောက်ပွဲမတိုင်မီ တစ်ပါတ်ခန့်အလို တွင် ရပ်ကွက်။ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများထံမှ မဲဆန္ဒရှင် သက်သေခံလက်မှတ်များ ထုတ်ယူပြီး ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်သည်။

၂။ ရွေးကောက်ပွဲနေ့(နိုဝင်ဘာ ၈ ရက်)

ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်း မဲဆန္ဒနယ်ပြင်ပ(ပြည်တွင်း၊ပြည်ပ)ရောက်ကျောင်း သားများ၊ သင်တန်းသားများ၊ တပ်မတော်သားများနှင့်အိမ် ထောင်စုဝင်များ၊ ဝန်ထမ်းများ၊ ဆေးရုံတက်အတွင်းလူနာများ၊ အချုပ်ကျနေသူများ၊ သက်ကြီးရွယ်အိုများ၊ ရောဂါပြင်းထန်စွာ ခံစားနေရသူများ၊ အခြားမဲဆန္ဒရှင်များသည် ကြိုတင်မဲပေးနိုင် သည်။

ရွေးကောက်ပွဲနေ့(နိုဝင်ဘာ ၈ ရက်)တွင် ဆန္ဒမဲပေးခြင်း

- မဲပေးပုံအဆင့်ဆင့်

• မဲရုံထဲသို့ မဲပေးမည့်သူများသည် တန်းစီစနစ်ဖြင့် ဝင်ရောက်ရမည်။

• မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ကို မဲရုံးအတွင်းရှိ တာဝန်ရှိသူ (မဲရုံမှူးထံ)တင်ပြရမည်။

• မဲလတ်မှတ်ထုတ်ပေးသူသည် မထုတ်ပေးမီ မဲပေး ပိုင်ခွင့်ရှိသူ၏ အမည်နှင့် မဲစာရင်းအမှတ်တို့ကို တိုက်ဆိုင်စစ်ဆေးပြီး မဲဆန္ဒရှင်ကိုလတ်မှတ် (သို့) လက်ဗွေနှိပ်ခြင်း ပြုရမည်။

• မဲပေးသူသည် မဲလက်မှတ်ကိုရလျှင် မဲရုံမှူး လက်မှတ် ပါ၊ မပါ စစ်ဆေးပြီးနောက် လျှို့ဝှက် မဲပေးခန်းအတွင်းသို့ ဝင်ပြီးကိုယ်နှစ်သက်ရာကိုယ်စားလှယ်လောင်း၏ အမည်၊ သင်္ကေတအမှတ် အသားဘေးရှိ လေးထောင့်အကွက်အတွင်း၌ သတ်မှတ်ထားသော တံဆိပ်တုံးကို ထုပေးရမည်။

• မိမိမဲကိုအများမမြင်အောင် ခေါက်ပြီးသက်ဆိုင် သည့် မဲပုံးတွင် ထည့်ရမည်။

• မဲဆန္ဒရှင်တစ်ဦးစီသည် ဆန္ဒမဲ ၃ ပြားစီ ဆန္ဒပြုပေး ရမည်ဖြစ်သည်။ တိုင်းရင်းသားဖြစ်လျှင် မိမိ တိုင်းရင်းသားကိုယ်စားလှယ် အမတ်အတွက် ဆန္ဒ မဲ ၁ ပြားထပ်ဆောင်း ဆန္ဒပြုပေးရမည် ဖြစ်သည်။




- လိုက်နာရမည့်စည်းကမ်းများ

• မဲပေးသူသည် မဲပုံးထဲသို့ မဲထည့်ရာတွင် ကိုယ်တိုင် ထည့်ရမည်။ မဲပေးသူသည် မဲပုံးထဲသို့ မဲထည့်ရန် ကျန်းမာခြင်းမရှိလျှင် မဲရုံအဖွဲ့ဝင်များက ကူညီပေး ရမည်။

• မဲဆန္ဒရှင်တစ်ဦးသည် ဆန္ဒမဲကို လွှတ်တော် တစ်ရပ်စီအတွက် တစ်ကြိမ်သာ ပေး ခွင့်ရှိသည်။

- 3 V Model

| Veto | Vote | Volunteer |
| --- | --- | --- |
| လွတ်လပ် ပြတ်သားစွာ ဆုံးဖြတ်ခြင်း | ဆန္ဒမဲပေးခြင်း | စေတနာ့ဝန်ထမ်း ပြုလုပ်ခြင်း |





- နိုင်လုံ မဲနမူနာများ















## - ပယ်မဲနမူနာများ



- မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ



- မည်သူ့အား ဆန္ဒပြုသည်ကို ဆုံးဖြတ်ရခက်သောမဲ



- ဆန္ဒပြုရမည့် အကွက်ပြင်ပတွင် ဆန္ဒပြုထားသောမဲ



- တစ်ကြိမ်ထက်ပို၍ ဆန္ဒပြုထားသောမဲ



- လုံးဝ ဆန္ဒပြုမထားသောမဲ



- အစွန်းအထင်း ပါသောမဲ

- ပယ်မဲ

• ကော်မရှင်က အတည်ပြုထားသည့် အမှတ်အသား မပါရှိ သည့် မဲလက်မှတ်

• မဲရုံမှူး၏ လက်မှတ်မပါရှိသည့် မဲလက်မှတ်

• လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက် ကျော်လွန်၍ ပေးထားသောမဲ

• ဆန္ဒပြုထားခြင်းမရှိသော မဲလက်မှတ်

• ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်

• ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်

• ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်

• ဆုတ်ဖြဲထားသည့် ဆန္ဒမဲ လက်မှတ်

• ကော်မရှင်က ပယ်ပဲအဖြစ် သတ်မှတ်ရန် ထုတ်ပြန်ထားသော ဆန္ဒမဲလက်မှတ်များ

- မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ဆန္ဒမဲပေးပိုင်ခွင့် တောင်းဆိုလွှာ ပုံစံ(၃-က)

အနည်းဆုံး ရက်ပေါင်း(၁၈၀)ထက်မနည်း မဲဆန္ဒ နယ်ပြင်ပရောက်မဲဆန္ဒရှင်များသည် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဆန္ဒပေးနိုင်ခွင့် ရရှိစေရန်အတွက် မဲစာရင်း ထည့်သွင်းခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

• ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေရှိ လုပ်ငန်း တာဝန်ခံ၏ ထောက်ခံချက်။

• အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာလုပ်ငန်းရှင်၏ ထောက်ခံချက်။

• အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏ အမည်ကို ထည့်သွင်းနိုင်သည်။

• ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း (၃၀)ထက်မနည်း နောက်မကျစေဘဲ ပုံစံ(၃-က) ဖြင့် လျှောက်ထားရမည်။

- ပြင်ဆင်လွှာ ပုံစံ(၄-ဂ)၊ ကန့်ကွက်လွှာ ပုံစံ(၄)

• မဲစာရင်း၌ အမည်ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကိုသော် လည်းကောင်း၊ ထည့်သွင်းထားသော အချက် အလက်ကိုလည်းကောင်း ပြင်ဆင်လိုပါက (၄-ဂ) ကန့်ကွက်လိုလျှင် ပုံစံ(၄)တွင် ထည့်သွင်းဖော်ပြရ မည်။

• မဲစာရင်းထုတ်ပြန်ကြေငြာပြီးသည့်နေ့မှ ၁၄ရက် အတွင်း တင်သွင်းရမည်။

- အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန်တောင်းဆိုလွှာ ပုံစံ(၄-က)

မဲဆန္ဒပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ အခြားမဲ ဆန္ဒ နယ် တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ် မဲစာရင်းသို့ ပြောင်းရွှေ့လိုလျှင် လက်ရှိမဲဆန္ဒနယ်မဲစာရင်း၌ မိမိအမည် ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်း ဆိုလွှာ ပုံစံ(၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။

- နောက်ဆက်တွဲမဲစာရင်း

မဲစာရင်းတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအချို့၏ အမည် များသည်

အစုအဝေးအလိုက် ကျန်ရှိခဲ့ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာအဖွဲ့ခွဲက ထိုအမည်များကို နောက်ဆက်တွဲ မဲစာရင်းတွင် ထည့်သွင်းစေရန် ခွင့်ပြုနိုင်သည်။

မဲဆန္ဒပေးပိုင်ခွင့်ရှိသူတစ်ဦး၏ အမည်သည် မဲဆန္ဒနယ်တစ်ခုအတွင်းတွင်ရှိသော ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုတစ်ခုထက်ပိုသော မဲစာရင်းများတွင်ပါရှိနေပါက မဲဆန္ဒ ရှင်၏ ဆန္ဒနှင့်အညီ ၎င်းမပေးလိုသည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရန်အတွက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲက သက်ဆိုင်ရာ ရပ်၊ကျေးကော်မရှင် အဖွဲ့ခွဲသို့ အကြောင်းကြား စီစဉ်ပေးရမည်။

- ကြိုတင်ဆန္ဒမဲပေးခြင်း

• မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ -

- တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စု များ။

- ကျောင်းသားများ၊ သင်တန်းသားများ။

- အချုပ်ခံနေရသူများ။

- ဆေးရုံသို့ တက်ရောက်ကုသ နေရသော အတွင်းလူနာများ။

- အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိ နေသူများ။

- မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ။

• မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ-

- မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရမည့် (သို့မဟုတ်) ရဲတပ်ဖွဲ့ဝင်များ။

- ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည် စာရင်းပါရှိသော

မဲဆန္ဒနယ်မှကျော်လွန်၍ ခရီး သွားလာရန်ရှိသူ။

- မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း အောက်ပါအကြောင်းတစ်ခုခုကြောင့် မဲရုံသို့ကိုယ်တိုင်လာရောက် မဲမပေးနိုင်သူ။

- ရောဂါဝေဒနာ ပြင်းထန်စွာခံစားနေရသူ။

- အသက်အရွယ်ကြီးရင့်နေသူ။

- သားဖွားနေသူ။

- ကြိုတင်ဆန္ဒမဲများအတွက် တာဝန်ရှိသူများ

• မဲဆန္ဒနယ်အတွင်းရှိ ကြိုတင်ဆန္ဒမဲများအတွက် ရပ်ကွက်။ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့်

• မဲဆန္ဒနယ်ပြင်ပရှိ ကြိုတင်ဆန္ဒမဲများအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယင်းမှတဆင့် လက်အောက်ခံသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး၊ ကောင်စစ်ဝန်ရုံးတို့တွင် တာဝန် ရှိသည်။

**နောက်ဆက်တွဲ ပုံစံ(က)**

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်
(တိုင်းရင်းသားလူမျိုးများအပါအဝင်)များ အတွက် (မဲရုံနမူနာ ပုံစံ)



၁။ မဲရုံမှူး
၂။ မဲရုံလုံခြုံရေး
၃။ လွှတ်တော်/လူမျိုးအလိုက် မဲစာရင်းစစ်ဆေးသူ
၄။ လွှတ်တော်/လူမျိုးအလိုက် မဲလက်မှတ်ထုတ်ပေးသူ
၅။ လွှတ်လှယ်/ရွေးကောက်ပွဲ ကိုယ်စားလှယ်/မဲရုံ ကိုယ်စားလှယ်/အကူ ကိုယ်စားလှယ်များ
၆။ ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ
၇။ ရပ်/ကျေးကော်မတီဝင်များ
၈။ ဒုတိယမဲရုံမှူး
၉။ မင်တို့မည့် မဲရုံအဖွဲ့ဝင်
၁၀။ မဲဆန္ဒရှင်များ







- မဲရုံတွင်းသို့ဝင်ရောက်ရန် အရည်ချင်းပြည့်မီသူများ

• မဲရုံအဖွဲ့ဝင်များ

• ဆန္ဒမဲပေးမည့်သူများ

• မဲရုံတာဝန်ခံများနှင့် ၎င်းအဖွဲ့ဝင်များ •

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ခွင့်ပြု ထားသည့် ရွေးကောက်ပွဲ လေ့လာသူများ

• လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် သက် ဆိုင်ရာမဲဆန္ဒနယ်မှ ၎င်းတို့၏ ရွေးကောက်ပွဲ ကိုယ် စားလှယ်များ၊မဲရုံကိုယ်စားလှယ်များနှင့် အကူ ကိုယ်စားလှယ်များ

• တာဝန်ကျရဲ(သို့) ရပ်ကွက်(သို့)ကျေးရွာအုပ်စု ကော်မရှင်ခွဲတို့မှ တာဝန်ပေးထားသော လုံခြုံရေး များ

• နည်းဥပဒေ ၄၂ အရခွင့်ပြုထားသောသူများ

- Number of voters per polling station

The number of voter is 300 - 3000 people at the most.

ဆန္ဒမဲပေးသည့်နေ့ သတိပြုရမည့်အချက်များ

• မဲစာရင်းတွင် မိမိနာမည်ပါ။မပါသိအောင် ကြိုတင် စစ်ဆေးရမည်။

• မဲစာရင်းတွင် မိမိနာမည်မပါဘဲ ကျန်ရစ်ခဲ့ပါက သက်မှတ်ထားသည့်အချိန်အတွင်း ရပ်။ကျေးကော် မရှင်သို့ တင်ပြရမည်။

• မိမိမဲပေးရမည့် မဲနေရာအား ကြိုတင်သိအောင်လုပ် ရမည်။

• နံနက်(၆)နာရီမှ ညနေ(၄)နာရီအတွင်း မဲပေးနိုင် သည်။

• မဲသွားပေးသည့်အခါ မှတ်ပုံတင် (သို့မဟုတ်) မဲဆန္ဒရှင် သက်သေခံလက်မှတ်ကို ယူဆောင်သွားရမည်။

• မဲစာရွက်တွင်ကော်မရှင်တံဆိပ်များ ပါ။မပါ ကြည့် ရမည်။

• မဲစာရွက်များကို မဆုတ်မပြဲရန် သတိပြုရမည်။

• မဲစာရွက် ဆုတ်ပြဲနေပါက မဲစာရွက်အသစ် ပြန်လဲလှယ်ပေးရန် မဲရုံတာဝန်ရှိသူများကို ပြော ရမည်။

• မိမိဆန္ဒမဲပေးလိုသည့် ကိုယ်စားလှယ်လောင်းတစ် ဦးတည်း၏

အမည်နှင့်ပါတီအမှတ်အသားဘေးဖက် ရှိ သတ်မှတ်ထားသည့် လေးထောင့်အကွက် ထဲတွင်သာ ထင်ထင်ရှားရှား ဆန္ဒပြုရမည်။

• ဆန္ဒမဲများကို လွတ်တော်သုံးရပ်စလုံးအတွက် ပေး ရမည်။

• မဲရုံသတ်မှတ်နေရာအတွင်း တခြားမဲဆန္ဒရှင်များနှင့် မဲရုံတာဝန်ရှိသူများ အနှောက်အယှက်ဖြစ်စေမည့် အပြုအမူ၊ အပြောအဆိုများ ရှောင်ရှားရန် လိုအပ် ပါသည်။

ဖြစ်လေ့ဖြစ်ထရှိသည့် မဲမသမာမှုများ

• ကိုယ့်ဆန္ဒမပါဘဲ အတင်းအကျပ်မဲပေးစေခြင်း။

• သေဆုံးပြီးသော သူများ၏ အမည်များကို အသုံးပြု ပြီး မဲပေးခြင်း၊ မဲပေးစေခြင်း။

• စာမတတ်၊ မသိနားမလည်သောသူများအား မဲရုံအ တွင်းတာဝန်ကျသော ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်စား မဲပေးခြင်း။

• ရွေးကောက်ပွဲကျင်းပမည့်ရက်ကို လိမ်လည်ပြီး ပြော ဆိုခြင်း။

• မဲပေးနေစဉ်အတွင်း အဖွဲ့အစည်းတစ်ခု (သို့မ ဟုတ်) တစ်ဦးဦးက ခြိမ်းခြောက်ခြင်း။

• ဒေသအတွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့(သို့မဟုတ်) နိုင်ငံတကာမှ လေ့လာစောင့် ကြည့်ရေးအဖွဲ့များကို နှောင့်ယှက်ဟန့်တားခြင်း။

• သတင်းမှဒီယာများလာရောက်ခြင်းကို ခွင့်မပြုဘဲ အဟန့်အတားပြုခြင်း။

• သတ်မှတ်ထားသော မဲရုံဇရိယာအတွင်း မဲဆွယ် စည်းရုံးခြင်းများ ပြုလုပ်ခြင်း။

• မဲရုံအတွင်း မဲစောင့်ကြည့်ရေးကိုယ်စားလှယ်အရေ အတွက်ပိုနေခြင်း။

• ပါတီများက ကော်မရှင်များကို လာဘ်ထိုးခြင်း။

• မဲပုံးအတွင်းသို့ မင်ရည်များလောင်းထည့်ပြီး ပယ်မဲ များဖြစ်စေရန် ပြုလုပ်ခြင်း။

• အသက်ပြည့်ပြီးသော်လည်း မဲပေးနိုင်သောလူဦး ရေစာရင်းတွင် အကြောင်းပြချက်မရှိဘဲ ချန်လှပ်မှု ခံရခြင်း။

• ဘာသာရေးခေါင်းဆောင် (သို့မဟုတ်) ဒေသ အတွင်း အာဏာရှိသူတစ်ဦးဦးကို ပါတီများက အသုံးချပြီး ဒေသခံပြည်သူများကို ၎င်းတို့ပါတီအား မဲပေးရန် ဖိအားပေးစေခြင်း။

• ပါတီများအချင်းချင်း ပုဂ္ဂိုလ်ရေး ရှုံ့ချပြောဆိုခြင်း၊ ဝါဒဖြန့်ခြင်း

• မှားယွင်းသော မဲပေးပုံစနစ်ပြောဆိုခြင်း။

• မဲရုံမှူးလက်မှတ်မပါသော ဆန္ဒမပြားများဖြင့် မဲပေး ခိုင်းခြင်း။

ကြိုတင်ဆန္ဒမဲရေတွက်ခြင်း (Advance Voting Counting)

ပြည်ပရောက် မဲဆန္ဒရှင်များ၏ ကြိုတင်မဲများကို မြို့နယ် ရပ်၊ ကျေးကော်မရှင်အဖွဲ့ခွဲ့မှ ရေတွက်ပြီး ပြည်တွင်းမှ မဲဆန္ဒရှင်များ၏ ကြိုတင်မဲများကို ရွေးကောက်ပွဲနေ့တွင် မဲရုံတာဝန်ခံမှ ရေတွက် ပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည်
ပုံစံ ၁၅ တွင် ဖြည့်သွင်း

သက်ဆိုင်ရာဌာနအကြီးအမှူး

မြို့နယ်ကော်မရှင်အဖွဲ့ ခွဲ

သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု
ကော်မရှင်အဖွဲ့ ခွဲ

သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု
(ကော်မရှင်အဖွဲ့ ခွဲမှ ပုံစံ (၁) ဖြင့် မဲစာရင်းသွင်းခိုင်းမှုကို)

မြို့နယ်ကော်မရှင်အဖွဲ့ ခွဲ

<u>ပုံစံ (၁၅) နမူနာပုံစံ</u>


ပုံစံ (၁၅)

## ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များထုတ်ယူခြင်း

မဲပုံးထဲမှထုတ်ယူရရှိသည့်ဆန္ဒပြုပြီးသောဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကို ယ်စားလှယ်လောင်းတစ်ဦးစီ၏ အမည်အလိုက်သီးခြားခွဲ၍ ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရရှိသည့် ဆန္ဒမဲအရေအတွ က်ကိုပုံစံများဖြင့်ပြုစုရမည်။ ထိုပုံစံများတွင် မှန်ကန်ကြောင်း မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အနည်းဆုံး သက်သေ(၄)ဦးက

လက်မှတ်ရေးထိုးရမည်။

ထိုနောက် သီးခြားအိတ်များနှင့် ထည့်ကာလုံခြုံ အောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ အိတ်အသီးသီး ပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်၊မဲဆန္ဒန ယ်အမည်၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအမည်၊ မဲရုံ အမှတ်တို့ကိုထင်ရှားစွာရေးမှတ်ရမည်။ ပယ်မဲအားလုံးကိုအိ တ်တစ်အိတ်တွင်ထည့်ကာလုံခြုံအောင်ပိတ်ပြီးချိပ်တံဆိပ်ရို က်နှိပ်ရမည်။ ထိုအိတ်များအားလုံးကိုအထုပ်တစ်ထုပ်ပြုလုပ် ရမည်။

 မသုံးပဲကျန်နေသောဆန္ဒမဲလက်မှတ်များ၊ လက်ခံ ဖြတ်ပိုင်းများနှင့်ပုံစံ(၁၆-၁)၊ မဲရုံတွင်အသုံးပြုသော မဲစာရင်း၊ ကြိုတင်ဆန္ဒမဲ လက်ခံဖြတ်ပိုင်းများ၊ ပယ်မဲပုံစံ(၁၇)များကို အထုပ်တစ်ထုပ်စီပြုလုပ်၍ မဲ ရုံမှူး၏ ချိပ်တံဆိပ်ရိုက်နှိပ်ရမည်။ ထိုအိတ်များ အားလုံးကို အထုပ်တစ်ထုပ်ပြုလုပ်ပြီးမဲရုံမှူး၏ ချိပ် တံဆိပ်ရိုက်နှိပ်ရမည်။ ထို့နောက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်ထံ ချက်ချင်းပေးပို့ရမည်။ အဆိုပါ ထုတ်ပိုးထားသောအိတ်ကို-

♦ သဘာဝ ဘေးအန္တရာယ်

♦ လုံခြုံရေးအခြေအနေ

♦ ပေးပို့နိုင်ခြင်းမရှိလျှင် သက်ဆိုင်ရာရပ်ကွက်။ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံရမည်။

 ခိုင်လုံသောဆန္ဒမဲအများဆုံးရရှိသူများ၏ ဆန္ဒမဲ အရေအတွက်ခြင်းတူညီနေလျှင် ရွေးကောက်အ သစ် ကျင်းပပေးရန်သင့်။မသင့် တိုင်းဒေသကြီး။ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ တိုင်း ဒေသကြီး။ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိ သဘောထား မှတ်ချက်နှင့်အတူ ကော်မရှင်သို့

အမြန်ဆုံး အစီရင်ခံရမည်။ အယူခံခြင်းရှိ။ မရှိ

- လိုအပ်ချက်များ တောင်းခံစီစစ်

- ရွေးကောက်ပွဲအသစ်ထပ်မံကျင်းပရန်။ ဆိုင်းငံ့ထား ရန် ကော်မရှင်မှ( ဆုံးဖြတ်)ခိုင်လုံမဲ၊ ပယ်မဲဖြစ်သည်များကို အောက်ပါပုဂ္ဂိုလ်။ အဖွဲ့ အစည်းမှ ဆုံးဖြတ်ရမည်-

- မဲရုံတွင်ရေတွက်သောဆန္ဒမဲလက်မှတ်နှင့် ကြိုတင် ဆန္ဒမဲ လက်မှတ်ဖြစ်လျှင် မဲရုံမှူး

- မြို့နယ် ကော်မရှင်အဖွဲ့ခွဲတွင် ရေတွက်သော ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြစ်လျှင် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ

## မဲရုံမှူး

၁။ အခ်ပ္ပါယ်

မဲပေးခြင်းနှင့် မဲရေတွက်ခြင်းများအတွက် မဲရုံတွင် တာဝန်ရှိသည့် အထူးအစီအစဉ်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ် သည်။

၂။ အဖွဲ့ဝင်

မဲရုံတာဝန်ခံ အဖွဲ့သည် အောက်ဖော်ပြပါ အရည်း အချင်းများနှင့် ပြည့်စုံသော ဒေသခံအဖွဲ့ဝင်များဖြင့် ဖွဲ့စည်း ထားပါသည်။

က။ မြန်မာနိုင်ငံသား

ခ။ အနည်းဆုံး အသက် ၂၅ ပြည့်သူ။

ဂ။ ဂုဏ်သိက္ခာရှိသူ၊ စာရိတ္တကောင်းမွန်သူ၊ ရိုးသား၍ ဖြောင့်မတ်သူ။

ဃ။ တရားဝင် ထောက်ခံစာရရှိထားသည့် ပါတီတစ်ခုခု ၏ အဖွဲ့ဝင် မဟုတ်သူ (သို့) နိုင်ငံရေးပါတီမှ နှုတ်ထွက်ထားသည်မှာ အနည်းဆုံး ၅ နှစ်ခန့်ရှိ

ကြောင်း သက်ဆိုင်ရာနိုင်ငံရေးပါတီမှ တရားဝင် နှုတ်ထွက်ထောက်ခံစာရှိသူ။

င။ မဲရုံ ပတ်ဝန်းကျင်အရပ်တွင် နေထိုင်သူ။

စ။ ကိုယ်ရော စိတ်ပါကျန်းမာသူ။

ဆ။ မြန်မာစာ ရေးနိုင်၊ ဖတ်နိုင်သူ။

ဇ။ ပြစ်မှုတစ်ခုခုအတွက် တရားရုံးမှ ထောင်ဒဏ် ၅ (သို့) -နှင့် အထက် ချမှတ်မခံရဖူးသူ။

၃။ စောင့်ထိန်းရမည့် ကျင့်ဝတ်များ

က။ ချမှတ်ထားသည့် အမိန့်အား ဥပဒေနှင့်အညီ ဖော်ဆောင်ရန်။

ခ။ ပါတီဘက်မလိုက်ခြင်းနှင့် မျက်နှာမလိုက်ခြင်း

ဂ။ ပွင်းလင်းမြင်သာ၍ တာဝန်ခံမှုရှိခြင်း

ဃ။ မဲပေးသူများ ၎င်းတို့၏ အခွင့်အရေးများ ဖော်ဆောင် ရာတွင် ကူညီဆောင်ရွက်ပေးခြင်း

င။ ပဋိပက္ခဖြစ်မည့် ကိစ္စများမှ ရှောင်ကျဉ်ခြင်း

စ။ ကျွမ်းကျင်မှုရှိခြင်း

ဆ။ စစ်မှန်သော ရွေးကောက်ပွဲဖြစ်စဉ်အား ဖော်ဆောင် ပေးခြင်း။

၄။ မဲရုံတာဝန်ခံ၏ တာဝန်၊ လုပ်ပိုင်ခွင့်အာဏာနှင့် ဝတ္တရား

က။ မဲပေးသူများစာရင်းနှင့် ကိုယ်စားလှယ်လောင်းများ ကြေငြာပြီး ဖော်ပြပေးပါ။

ခ။ မဲပေးသူများစာရင်းကို ရွေးကောက်ပွဲ ကိုယ်စားလှယ်များနှင့် (သင့်လျော်ပါက) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ကိုယ်စား လှယ် (များ)

ထံသို့ ပေးပါ။

ဂ။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းများကို မဲရုံ တွင် ပြုလုပ်ပါ။

ဃ။ ရွေးကောက်ပွဲရလဒ်များကို မဲရုံတွင်ကြေငြာပါ။

င။ မဲပေးခြင်းနှင့် မဲရေတွက်သည့်နေ့တွင် တွေ့ရှိချက် များနှင့် ရွေးကောက်ပွဲ ကိုယ်စားလှယ် များ၊ (သင့်တော်ပါက) ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ကိုယ်စားလှယ်(များ)၊ ကိုယ်စားလှယ် လောင်းများနှင့် ပြည်သူလူထုမှ တင်ပြလာသော တိုင်ကြားချက်များကို လျှင်မြန်စွာ ဆောင်ရွက်ပေး ပါ။

စ။ မဲများပါရှိသည့် မဲပုံးများ၊ မဲပေးခြင်းနှင့် မဲရေတွက် ခြင်းဆိုင်ရာ တရားဝင်အစီရင်ခံစာများ၊ မဲပေးခြင်း နှင့် မဲရေတွက်ခြင်းအောင်မြင်ကြောင်း မှတ်တမ်း များနှင့် မဲများရေတွက်သည့် လုပ်ငန်းများပြီးစီးပြီး မဲပုံး(များ) ချိတ်ပိတ်ပြီးနောက် သက်ဆိုင်ရာ မဲရုံ တွင် ရေတွက်ပြီးစီးကြောင်းလက်မှတ်ကို လုံခြုံစွာ ထိန်းသိမ်းထားပါ။

ဆ။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ အစီရင်ခံစာ၊ မဲရေတွက်ရလဒ် လက်မှတ်များနှင့် ဘောင်ဝင်သည့် မဲများ၏ အသေးစိတ်အချက်လက်များကို မိတ္တူဆွဲပြီး ၎င်းတို့ကိုကိုယ်စားလှယ်လောင်းများ၏ ကိုယ် စားလှယ်များထံသို့ ပေးအပ်ပါ။ (သင့်လျော်ပါက) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စား လှယ်(များ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော် မရှင် အထက်အရာရှိသို့ ပေးအပ်ပါ။

ဇ။ မဲများပါဝင်သည့် တံဆိပ်ခတ်ထားသော မဲပုံး(များ)၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ အစီရင်ခံစာကို မိတ္တူများနှင့်တကွ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အထက်အရာရှိသို့ ရွေးကောက်ပွဲနေ့ တွင် အပ်နှံရမည်။

ဈ။ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး။ပြည်နယ် အ ဆင့်နှင့် ဒေသ(အနိမ့်ဆုံးအဆင့်)တွင် ပြည်ထောင် စုရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထားသည့် အတိုင်း စည်းမျဉ်းဥပဒေများနှင့် အညီအခြား တာဝန်၊

လုပ်ပိုင်ခွင့်အာဏာနှင့် အခြားဝတ္တရားများ ကို ဖော်ဆောင်ပါ။

## မဲရုံတာဝန်ခံလုပ်ငန်းများ အနှစ်ချုပ်

၁။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း မတိုင်မီ

က။ မဲရုံတာဝန်ခံအဖွဲ့ကို အကြောင်းထားပြီဖြစ်ရာ မဲရုံမှူးကို ရွေးချယ်ထားရမည်။

ခ။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း သင်တန်းတက်ပါ။

ဂ။ မဲပေးသူများ။ပြည်သူလူထုထံ မဲပေးခြင်းနှင့် မဲရေတွက်မည့်နေရာနှင့် အချိန်ကို ကြေငြာရမည်။

ဃ။ မဲပေးကဒ်နှင့် မဲဖိတ်စာကို ဝေပေးရမည်။

င။ ရွေးကောက်ပွဲ ကိုယ်စားလှယ်များထံမှ ထောက်ခံ စာကို ရယူပါ။

စ။ မဲရုံအတွက်လိုအပ်သော ပစ္စည်းများရယူပါ။ ဆ။ မဲရုံကို ပြင်ဆင်ပါ။

ဇ။ မဲဖိတ်စာများပေးဝေရန် အသုံးပြုရမည့် အမြဲတမ်း မဲပေးသူများ စာရင်းကို ရယူပါ။

ဈ။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းကို အစမ်းလေ့ကျင့် ထားပါ။

၂။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းများ လုပ်ဆောင် နေချိန်

က။ နံနက် ၆ နာရီ မတိုင်မီ မဲရုံသို့ရောက်ရှိကာ မဲရုံကို အဆင်သင့် ပြင်ထားပါ။

ခ။ မဲရုံကို နံနက် ၆ နာရီတွင် ဖွင့်ပါ။

ဂ။ မဲပေးခြင်းကို ညနေ ၄ နာရီတွင် ရပ်ဆိုင်းပါ။ သို့ရာတွင် မဲရုံပရိဝုဏ်အတွင်း၌ ဆန္ဒမဲမပေးရသေး သူရှိသေးလျှင် ဆက်လက် ဆန္ဒမဲပေးခွင့်ပြုရန် မဲရုံ ပရိဝုဏ်ကို ရွေးကောက်ပွဲကော်မရှင်မှ သက်မှတ် ပါမည်။

ဃ။ မဲရုံအနေထားကို ပြောင်းကာ မဲရေတွက်ခြင်း လုပ်ငန်းများအတွက် ပြင်ဆင်ပါ။

င။ မဲရေတွက်ခြင်းလုပ်ငန်းကို ရပ်နားပါ။

စ။ အစီရင်ခံစာနှင့် မိတ္တူများကို နိုင်ငံရေးပါတီ ကိုယ် စားလှယ်များနှင့် (သင့်လျော်ပါက) ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ကိုယ်စားလှယ်(များ)ထံ သို့ အပ်နှံပါ။

ဆ။ မဲရလဒ်များ၏ မိတ္တူကို မဲရုံတွင် ကပ်ပေးထားပါ။

ဇ။ မဲပုံး(များ)ကို ဌာနချုပ်သို့ ပေးပို့ပါ။

ဈ။ မဲဆန္ဒရှင်များအား ထုတ်ပေးခြင်းမပြုရသေးသော မဲရုံမှူးလက်မှတ်ရေးထိုးထားသည့် ဆန္ဒမဲလက်မှတ် အပိုများကျန်ရှိပါက ထိပ်မှအောက်ဆုံးထိ ကြက် ခြေခတ်၍ ပယ်ဖျက်ထားရန်။

ည။ မဲဆန္ဒရှင်များအား ထုတ်ပေးသည့် မဲလက်မှတ် အရေအတွက်နှင့် မဲပုံးအတွင်းရှိ လက်မှတ်အရေ အတွက် ကိုက်ညီမှု ရှိမရှိ စစ်ဆေးရန်။

## မဲပေးပြီးကြောင်း မှင်တို့မည့် မဲရုံအဖွဲ့ဝင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) ဆန္ဒမဲပေးပြီး ပြန်လည်ထွက်ခွာမည့်သူများအား သက်ဆိုင်ရာ လွှတ်တော်အသီးသီးတွင် မဲပေးခြင်း ပြီးစီးမှု ရှိမရှိ စုံစမ်းမေးမြန်းရန်။

(ခ) မဲပေးခြင်း ပြီးစီးကြောင်း သိရှိရပါက ထိုသို့၏ လက်ဝဲဘက် လက်သည်းလက်ခွံပေါ်တွင် မှင်တို့ ပေးရန်။

မှတ်ချက်။ လက်သန်းမရှိပါက လက်ချောင်းတစ်ချောင်း၏ လက်သည်းခွံပေါ်တွင် မှင်တို့ပေးရန်။

အထွေထွေ (က) ရွေးကောက်ပွဲနှင့် သက်ဆိုင်သော စာရင်းဇယား

များနှင့် မှတ်တမ်းများကို တိကျစွာ ပြုစုထိန်းသိမ်း ရန်။

(ခ) ကော်မရှင်က ထုတ်ပြန်ခွင့်ပြုထားသော စာရင်း အချက်အလက်များမှတပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ ပေါက်ကြားခြင်းမရှိစေရန်။

(ဂ) ရွေးကောက်ပွဲတွင် မည်သည့်ကိုယ်စားလှယ် လောင်းအတွက်မျှ မဲဆွယ်ခြင်း ဘက်လိုက်ခြင်း မပြုဘဲ တိကျမှန်ကန်စွာ ဆောင်ရွက်ရန်။

(ဃ) တစ်ဦးတစ်ယောက်သောသူသည် မဲရုံတွင် မဖွယ် မရာသောအမှုကိုပြုလျှင် သို့မဟုတ် မဲရုံမှူးက တာဝန်အရ ညွှန်ကြားခြင်းကို မနာခံလျှင် ယင်းသို့ မဖွယ်မရာပြုသူ သို့မဟုတ် နာခံခြင်းမရှိသူကို မရုံမှူး၏ အမိန့်ဖြင့်တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်၊ကျေး ကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေး တာဝန်ပေးအပ်ထားသူ သို့မဟုတ် မဲရုံအဖွဲ့ဝင် တစ်ဦးဦးက မဲရုံမှ ချက်ချင်းဖယ်ရှားရမည်။

(င) မဲရုံမှူးသည် လည်းကောင်း၊ ဒုမဲရုံမှူးသည် လည်းကောင်း၊ မဲရုံအဖွဲ့ဝင် တစ်ဦးဦးသည်လည်း ကောင်း မိမိတာဝန်ကျရာ မဲရုံသို့ ရောက်ပြီးနောက် မကျန်းမာသောကြောင့် လည်းကောင်း၊ မလွှဲ မရှောင်သာသည့် တစ်စုံတစ်ရာသော အကြောင်း ကြောင့်လည်းကောင်း မိမိ၏ တာဝန်ကို မထမ်း ဆောင်နိုင်လျှင် သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ချက်ချင်း တင်ပြရန် ဖြစ်သည်။

## မဲရုံလုံခြုံရေး ဆောင်ရွက်သူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) မဲပုံးများ၌ မဲရုံအတွင်းသို့ စည်းကမ်းတကျ ဝင်ထွက် နိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း မဲပေးခြင်း ပြီးစီး နိုင်ရေးအတွက် လိုအပ်သလို ကြပ်မတ်ဆောင် ရွက်ရန်။

(ခ) မဲရုံသို့ လာရောက် မဲပေးသူသည် ကျန်းမာသန်စွမ်း

ခြင်းမရှိသောကြောင့် မိမိဆန္ဒပြုပြီးသော ဆန္ဒမဲကို မဲပုံးထဲသို့ ထည့်နိုင်စွမ်းမရှိလျှင် ဒုမဲရုံမှူးနှင့်အတူ ထိုသူအား ဆန္ဒမဲထည့်နိုင်စေရေးအတွက်ကူညီရန်။

(ဂ) ရွေးကောက်ပွဲကျင်းပနေစဉ် မဲရုံရှိမဲပုံးကို မတရား သည့်နည်းဖြင့် ယူဆောင်သွားလျှင် သို့မဟုတ် မတော်တဆဖြစ်စေ တမင်ဖြစ်စေ ပြုလုပ်ခြင်းဖြင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်များ ချွတ်ယွင်းပျက်စီး ပျောက်ဆုံးလျှင် မဲရုံမှူးအား ချက်ချင်းတင်ပြန်ရန်။

(ဃ) လူတစ်ဦးတယောက်သည် ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်းသို့ ထည့်သွင်းခြင်းမပြုဘဲ မဲရုံအပြင် ဘက်သို့ ထွက်ယူသွားကြောင်း တွေ့ရှိလျှင်လည်း ကောင်း၊ ဆန္ဒမဲလက်မှတ်ကို ဆုတ်ဖြဲ၍ မဲပုံးထဲသို့ ထည့်ရန် ကြံရွယ်ကြောင်း တွေ့ရှိလျှင်လည်း ကောင်း မဲရုံမှူး ချက်ချင်းအကြောင်းကြားရန်။

(င) ဆန္ဒမဲပေးခြင်းကို အနှောင့်အယှက်ပြုရန် မသင်္ကာ ဖွယ်ရာ တွေ့ရှိပါက မဲရုံမှူးထဲ တင်ပြရန်။

(စ) လွတ်လပ်စွာမဲပေးခြင်းကို ထိခိုက်မှုမရှိစေရန် လေ့ လာသူအဖွဲ့များအား စနစ်တကျရှိစေရေး ကြပ်မတ် ရန်။

## မဲစာရင်း စစ်ဆေးသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) သက်ဆိုင်သည့် လွှတ်တော်မဲစာရင်း ဟုတ်မဟုတ် စစ်ဆေးရန်။

(ခ) မဲစာရင်းပါ စာမျက်နှာအမှတ်စဉ်နှင့် ရွက်ရေပြည်စုံ မှု ရှိမရှိစစ်ဆေးရန်။

(ဂ) မဲဆန္ဒရှင် အမှတ်စဉ်များ မှန်ကန်မှု ရှိမရှိ စစ်ဆေး ရန်။

(ဃ) ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများ စာအရင်းကို မဲစာရင်းများတွင် မှတ်သား ပြီးမပြီး စစ်ဆေးရန်။

(င) ဆန္ဒမဲလာရောက်ပေးသူများကို စီစစ်၍ ဆန္ဒမဲပေး ခွင့်ပြုပါက

မဲစာရင်းပုံစံ(၁)၊ ပုံစံ(၁-က)ပါ သက်ဆိုင် သူ၏ အမည်တည့်တည့်တွင် လက်မှတ်ရေးထိုးစေ ရန်၊ လက်မှတ်မထိုးတတ်ပါက လက်ဝဲလက်မ လက်ဗွေနှိပ်စေရန်။

(စ) မဲဆန္ဒရှင်တစ်ဦး ယင်း၏ မဲစာရင်းပါအချက်များနှင့် မကိုက်ညီပါ မဲရုံမှူးထံ ချက်ချင်းတင်ပြရန်။

(ဆ) မဲဆန္ဒရှင်ကိုယ်စား အခြားသူတစ်ဦးက ဆန္ဒမဲလာ ရောက်ပေးခြင်းကို လုံးဝ(လုံးဝ) ခွင့်မပြုရန်။

(ဇ) သူတပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် လာရောက်တောင်းဆိုကြောင်း စိစစ်တွေ့ရှိလျှင် မဲရုံမှူးထံ ချက်ချင်းတင်ပြရန်။

(ဈ) ဆန္ဒမဲပေးရန် လာသူတစ်ဦးသည်မဲဆန္ဒရှင် အမှန် မဟုတ်ဟုသံသယရှိလျှင်မဲရုံမှူးထံချက်ချင်း တင်ပြ ရန်။

## ဆန္ဒမဲလက်မှတ် ထုတ်ပေးသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) သက်ဆိုင်သည့် လွှတ်တော်အတွက် ဆန္ဒမဲ လက်မှတ်စာအုပ် ဟုတ်မဟုတ် စစ်ဆေးရန်။

(ခ) ဆန္ဒမဲလက်မှတ်များတွင် မဲရုံမှူးလက်မှတ်ရေးထိုး ထားခြင်း ရှိမရှိ စစ်ဆေးရန်။

(ဂ) ဆန္ဒမဲလက်မှတ်ကို ထုတ်မပေးမီ မဲစာရင်းပါ အမည်နှင့် မဲစာရင်းအမှတ်တို့ မှန်ကန်ပါက ဆန္ဒမဲ လက်မှတ်၏ လက်ခံဖြတ်ပိုင်း၌ ရေးသွင်းကာ ဆန္ဒမဲပေးခွင့်ရှိသူအား လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဝဲလက်မ လက်ဗွေနှိပ်ခြင်း ပြုစေ ပြီးနောက် ဆန္ဒမဲလက်မှတ်ကို ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများအား ထုတ်ပေးရမည်။

(ဃ) စာမတတ်သည့်မဲဆန္ဒရှင်များ ဆန္ဒမဲလက်မှတ် လာ

ရောက်ထုတ်ယူသည့်အခါမဲစာရင်း၌ ယင်းက လက် ဖွေနှိပ်ထားသဖြင့် လက်ကိုအဝတ်ဖြင့်သုတ်ရန်။

(င) ဆန္ဒမဲ လက်မှတ်အပို ပါမသွားစေရေးအတွက် အထူး သတိထားထုတ်ပေးရန်။

(စ) မူလကပင်အစွန်းထင်နေသောစုပ်ပြဲနေသောဆန္ဒမဲ လက်မှတ်များကို ထုတ်မပေးရန်နှင့် တွေ့ရှိပါက မဲရုံမှူးထံ ချက်ချင်းတင်ပြရန်။

(ဆ) ထုတ်ပေးပြီးသော ဆန္ဒမဲ လက်မှတ်အရေအတွက် နှင့် လက်ကျန်ဆန္ဒမဲ အရေအတွက်တို့ကို ဆန္ဒမဲ ပေးပြီးသူ ဦးရေနှင့် အခါအားလျော်စွာ တိုက်ဆိုင် စစ်ဆေးရန်၊ အကယ်၍ ကွဲလွဲချက်ရှိပါက မဲရုံမှူးထံ ချက်ချင်း အကြောင်းကြားရန်။

(ဇ) မဲရုံပိတ်သည့်အခါ မဲစာရင်းနှင့် လက်ကျန်ဆန္ဒမဲ လက်မှတ်များကို စိစစ်၍ မဲရုံမှူးထံ အမြန်ပေးအပ်ရန်။

## ကိုယ်စားလှယ်လောင်း၏ရွေးကောက်ပွဲ ကိုယ်စားလှယ်။သက်သေ

၁။ အဓိပ္ပါယ်

ကိုယ်စားလှယ်လောင်း၏ တာဝန်ခံသည် (မဲရုံ အဆင့်) ဤထောက်ခံစာအရခန့်အပ်ခြင်းခံထားရသူနှင့် (သို့) မဲရုံတွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းများ အကောင် အထည်ဖော်ရာတွက် သက်သေအလို့ငှာ ကိုယ်စားလှယ် လောင်းထံမှ တရားဝင်အပ်နှင်းစာ ကိုင်ဆောင်ထားသူအဖြစ် သတ်မှတ်သည်။

၂။ ထောက်ခံအပ်နှင်းစာတွင် ပါရှိသောအချက်လက်များ

က။ ရွေးကောက်ပွဲနေ့ရက် မတိုင်မှီ တစ် (၁) ရက်အလို (သို့) အနောက်ကျဆုံး မဲပေးခြင်း မစတင်မှီတွင် မဲရုံတာဝန်ခံအဖွဲ့၏ မဲရုံမှူးထံသို့

ပေးအပ်ထားပြီး ဖြစ်ရာ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း အစီအစဉ်အား သက်သေအဖြစ် တက်ရောက်ရန် မဲရုံမှူးမှ ၎င်း ကိုယ်စားလှယ်လောင်း တာဝန်ခံအား လက်ခံရရှိ ကြောင်း ပြေစာကိုပေးအပ်ရမည်ဖြစ်သည်။

ခ။ မဲရုံမှူးနှင့် ဒေသအဆင့် ရွေးကောက်ပွဲလှုံ့ဆော်မှု တွင် ပါဝင်သူများအဖွဲ့ အတွင်းရေမှူးမှ လက်မှတ် ထိုးထားပါသည်။ ဒေသအဆင့် လှုံ့ဆော်မှုအဖွဲ့ အတွင်းရေးမှူး မရှိပါက ယင်းစာအား နိုင်ငံရေးပါတီ ခေါင်းဆောင် (သို့) နိုင်ငံရေးပါတီများ ညွန့်ပေါင်း အဖွဲ့မှ လက်မှတ်ထိုးနိုင်ပါသည်။

၃။ ရွေးကောက်ပွဲကိုယ်စားလှယ်၏ တာဝန်များ

က။ ကိုယ်စားလှယ်လောင်း တာဝန်ခံသည် မဲရုံသို့ နံနက် ၆ နာရီ (သို့) အနောက်ကျဆုံး မဲပေးခြင်း မစတင်မီ ရောက်ရှိရမည်ဖြစ်သည်။

ခ။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း အစီစဉ်ကို တက် ရောက်ရန် အရည်ချင်းပြည့်မှီသည့် ကိုယ်စားလှယ် လောင်းတာဝန်ခံဖြစ်ကြောင်း အပ်နှင်းထောက်ခံစာ ပြေစာအား ယူဆောင်လာရမည် ဖြစ်သည်။

ဂ။ ကိုယ်စားလှယ်လောင်းတာဝန်ခံများအတွက် သတ် မှတ်ပေးထားသော ထိုင်ခုံတွင်နေရာယူပါ။

ဃ။ ကိုယ်စားလှယ်လောင်း တာဝန်ခံအမှတ်အသား တံဆိပ်(များ)ကို ဝတ်ဆင်ထားပါ။

၄။ ရွေးကောက်ပွဲကိုယ်စားလှယ်၏ အခွင့်အရေးများ

က။ မဲရုံတွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်း အစီအစဉ် တလျှောက်လုံး တက်ရောက်ခွင့်ရှိသည်။

ခ။ အမြဲတမ်း မဲပေးသူများ စာရင်း မိတ္တူကို ရယူပါ။

ဂ။ ချွတ်ချော်မှုများ ရှိပါက မဲရုံမှူးအား ရှင်းလင်းချက် တောင်းဆိုခြင်း

(သို့) ကန့်ကွက်ခြင်း ပြုလုပ်နိုင်ပါ သည်။

ဃ။ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရေတွက်ခြင်း လက်မှတ် အစီရင်ခံစာအား လက်မှတ်ထိုးနိုင် ပါသည်။

င။ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ၎င်းမိတ္တူများ၊ အပါအဝင် မဲရေတွက်ခြင်း လက်မှတ်၊ ဘောင်ဝင် သောမဲများ၏ အသေးစိတ်အချက်လက်များနှင့် ကိုယ်စားလှယ်လောင်း တာဝန်ခံ၏ ကန့်ကွက်စာ ပုံစံဆိုင်ရာ အစီရင်ခံစာအတွက် လက်ခံမိတ္တူကို ရယူနိုင်ပါသည်။

မှတ်ချက် ။ မဲရေတွက်ခြင်း ပြီးဆုံးမှသာ အစီရင်ခံစာ တွင် ကိုယ်စားလှယ်လောင်း တာဝန်ခံ၏ လက်မှတ်ရေးထိုးရ မည် ဖြစ်သည်။

၅။ ကိုယ်စားလှယ်လောင်း တာဝန်ခံများအနေနှင့် အောက် ဖော်ပြပါများကို မပြုလုပ်ရပါ။

က။ မဲပေးသူများ၏ လွတ်လပ်စွာမဲပေးခြင်းနှင့် ရွေး ချယ်ခြင်းကို ဖြားယောင်းခြင်းနှင့် ခြိမ်းခြောက်ခြင်း။

ခ။ မဲရုံမှူးနှင့် မဲရုံတာဝန်ခံများကို အမိန့်ပေးခြင်းများ။

ဂ။ မဲပေးသူများ မဲပေးစဉ်တွင် မဲပေးသူများအား ကြည့် နေခြင်း။

ဃ။ မဲပေးခြင်းနှင့် မဲရေတွက်သည့် ပစ္စည်းများအား ကိုင်တွယ်ခြင်း။

င။ မဲရုံတာဝန်ခံများ ၎င်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များ လုပ်ဆောင်နေချိန် နှောက်ယှက်ခြင်း။

စ။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းများ ပြုလုပ် နေစဉ် ရှုတ်ထွေးစေခြင်းနှင့် မဲရုံတွင်ဆူညံခြင်း။

ဆ။ ကိုယ်စားလှယ်လောင်း၏ အမှတ်တံဆိပ်များ ကိုင် ဆောင် (သို့) ဝတ်ဆင်ခြင်း။

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်များ (သင့်လျော်ပါက)

၁။ အခိပ္ပါယ်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ကိုယ်စား လှယ်များသည် ရွေးကောက်ပွဲများ ကွင်းဆင်းအကောင်ထည် ဖော်မှုများကို တာဝန်ယူကြီးကြပ်ရန် ဒေသအဆင့်ဌာနခွဲမှ တဆင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ ဖွဲ့စည်းပေးထားသော အဖွဲ့ဖြစ်သည်။

၂။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ကိုယ်စားလှယ်များ ၏ လုပ်ပိုင်ခွင့်များ

က။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း အစီစဉ်ကို တက် ရောက်နိုင်သည်။

ခ။ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် ၎င်းမိတ္တူများ (ယင်းမှာ မဲရေတွက်ခြင်း လက်မှတ်၊ ဘောင်ဝင် သော မဲများ၏ အသေးစိတ်အချက်လက်များနှင့် ကိုယ်စားလှယ်လောင်း တာဝန်ခံ၏ ကန့်ကွက်စာ ပုံစံဆိုင်ရာ အစီရင်ခံစာအတွက် လက်ခံမိတ္တူ)ကို ရယူနိုင်ပါ။

ဂ။ မဲပုံး(များ) ဌာနချုပ်သို့ ပေးပို့ရာတွင် လိုက်ပါနိုင် သည်။

ဃ။ မဲရုံ အတွင်း (သို့) အပြင်ရှိ သတ်မှတ်နေရာတွင် နေရာယူနိုင်ပါသည်။

၃။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ကိုယ်စားလှယ်များ ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်နှင့် အခြားအခွင့်ရေးများ

က။ ခရိုင်ခွဲ အဆင့်ရှိ အောက်ဖော်ပြပါ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို ကြီးကြပ်ရန်

- မဲရုံတွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်း။

- မဲရုံတွင် မဲရေတွက်ခြင်းရလဒ်များကို ကြေငြာ ပေးခြင်း။

- အစိုးရ ခရိုင်ရုံးခွဲတွင် မဲရေတွက်ခြင်းရလဒ်များ ကို ကြေငြာပေးခြင်း။

- မဲရုံမှ မြို့နယ်အဆင့် လှူပ်ရှားမှုကို ကြီးကြပ်ခြင်း။

- ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ခြင်းနှင့် မဲပြန်လည်ရေတွက်ခြင်းများအား ကြီးကြပ်ခြင်း။

ခ။ လိုအပ်သည်များကို လုပ်ဆောင်ရန် မဲရုံမှူးနှင့် ခရိုင်ခွဲအဆင့်သို့ တွေ့ရှိချက်များကို ပေးပို့အပ်နှံ နိုင်သည်။

ဂ။ ရွေးကောက်ပွဲ မသမာမှုများနှင့် ပတ်သက်သည့် တွေ့ရှိချက်များနှင့် တိုင်ကြားချက်များကို ဥပဒေနှင့် အညီ အာဏာပိုင်ထံသို့ ထောက်ခံစာများ ပေးပို့နိုင်သည်။

## ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ

၁။ အဓိပ္ပါယ်

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူသည် နိုင်ငံ တော်အဆင့်၊ မြို့နယ်အဆင့် (သို့) ခရိုင်အဆင့်တွင် ရွေး ကောက်ပွဲစောင့်ကြည့်လေ့လာမှုအား ကွင်းဆင်းပြုလုပ်ရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အသိမှတ်ပြုထားသောသူဖြစ်သည်။

၂။ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများအတွက် စည်းကမ်းချက်များ

က။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့် အဖွဲ့ အစည်းများသည် အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် ဒေသခံအဖွဲ့အစည်းများဖြစ်ပြီး လွတ်လပ်သည့် ငွေကြေးထောက်ပံ့မှု အရင်းအမြစ်များ ရှင်းလင်းစွာ ဖော်ပြနိုင်သည့် အဖွဲ့စည်းများဖြစ် သည်။

ခ။ နိုင်ငံတော်အဆင့်၊ မြို့နယ်အဆင့် (သို့) ခရိုင် အဆင့်တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု အား ကွင်းဆင်းပြုလုပ်ရန် ပြည်ထောင်စု ရွေး ကောက်ပွဲကောမရှင်မှ အသိမှတ်ပြုခွင့်ပြုချက်ကို လျှောက်ထားရယူရမည်ဖြစ်သည်။

ဂ။ တရားဝင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ကဒ်နှင့် မိမိ မှတ်ပုံတင်ကဒ်အား ယူဆောင်လာ ရမည်။

၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခွင့်အရေးများ။

က။ မဲရုံပြင်ဆင်ခြင်းနှင့် ဖွင့်လှစ်ခြင်းကို တက်ရောက် နိုင်သည်။

ခ။ မဲရုံတွင် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းကို စောင့် ကြည့် လေ့လာနိုင်သည်။

ဂ။ စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းများမှတ်တမ်း မှတ်ယူရန် လိုအပ်သောပစ္စည်းများကို အသုံးပြုနိုင် သည်။

၄။ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများအနေနှင့် အောက်ဖော်ပြပါများကို မပြုလုပ်ရပါ။

က။ မဲပေးသူများ လွှတ်လပ်စွာမဲပေးခြင်းနှင့် ရွေး ချယ်ခြင်းကို ဖြားယောင်းခြင်းနှင့် ခြိမ်းခြောက်ခြင်း။

ခ။ မဲရုံမှူးနှင့် မဲရုံတာဝန်ခံများကို အမိန့်ပေးခြင်းများ။

ဂ။ မဲပေးသူများ မဲပေးစဉ်တွင် မဲပေးသူများအား ကြည့် နေခြင်း။

ဃ။ မဲပေးခြင်းနှင့်မဲရေတွက်သည့်ပစ္စည်းများ ကိုင်တွယ် ခြင်း။

င။ မဲရုံတာဝန်ခံများ ၎င်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များ လုပ်ဆောင်နေချိန် နှောက်ယှက်ခြင်း။

စ။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းများ ပြုလုပ် နေစဉ်

ရှုတ်ထွေးစေခြင်းနှင့် မဲရုံတွင် ဆူညံခြင်း။

ဆ။ ကိုယ်စားလှယ်လောင်း၏ အမှတ်တံဆိပ်များ ကိုင် ဆောင် (သို့) ဝတ်ဆင်ခြင်း။

ဇ ကိုယ်စားလှယ်လောင်း တစ်ဦးဦး။နိုင်ငံရေးပါတီ တစ်ခုခုအား ထောက်ခံအားပေးခြင်း။

*********

နောက်ဆက်တွဲ လေ့လာရန် - (က)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## နေပြည်တော်

**အမိန့်ကြော်ငြာစာအမှတ်၊ (၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ရက်

(၂၀၁၅ ခုနှစ် ၊ မတ်လ ရက် )

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့် လေ့ လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ များ၏ ကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည်။

ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်

အခြားအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များကိုလည်းကောင်း လေးစားကြရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေ များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုန်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ် နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို လေးစား လိုက်နာကြရမည်။

၃။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းရမည်။

၄။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ဘက်လိုက်မှုမရှိစေရန် စောင့်ထိန်းကြရမည်။

၅။ နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား ထောက်ခံ အားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း၊ မဲဆွယ် စည်းရုံးခြင်းပြုရာရောက်သည့် အပြောအဆို၊ အပြုအမူမပြုရ၊ ထိုသို့ အဓိပ္ပာယ်သက်ရောက်စေ မည့် အဝတ်အစား၊ သင်္ကေတ၊ အမှတ်တံဆိပ် စသည်တို့ကို ဝတ်ဆင်ခြင်း၊ ကိုင်ဆောင်ခြင်းမပြုရ။

၆။ လျှို့ဝှက်မဲပေးစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံ ပရဝုဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကိုမဲပေးခဲ့ ကြောင်း မေးမြန်းခြင်းမပြုရ။

၇။ ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေးစားရမည်။

၈။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ တာဝန်ခံများနှင့် ကြီးကြပ်သူများသည် ပြည်ထောင် စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာရွေး ကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့က အခါအားလျော်စွာပြုလုပ်သည့် ညွှန်ကြားချက်များနှင့် သတင်း အချက်အလက်များ ရှင်းလင်းတင်ပြသည့် အခမ်း

အနားများသို့ တက်ရောက်ရန်တာဝန်ရှိသည်။

၉။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ရွေး ကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက ထုတ်ပေး ထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက် ပွဲစောင့်ကြည့်လေ့လာနေစဉ်အတွင်း ချိတ်ဆွဲထား ရမည်။

၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့အစည်း များသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ သဘောထားအမြင်များ ကို ထုတ်ပြန်ရာတွင် ၎င်းတို့၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်များကသာ လုပ်ဆောင်ကြရမည်။

၁၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အဖွဲ့ အစည်းများသည် ၎င်းတို့၏ စောင့်ကြည့်လေ့လာ ရေးအဖွဲ့ဝင်များအား လိုက်နာရန်ကျင့်ဝတ်စည်း ကမ်းများ၊ ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ် နည်းများနှင့် မသန်စွမ်းသူများလွယ်ကူအဆင်ပြေစွာ၊ လျှို့ဝှက်လုံခြုံစွာမဲပေးနိုင်ရေးများကို သိရှိနား လည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပို့ချပေး ခြင်းများ ပြုလုပ်ပေးရန်တာဝန်ရှိသည်။

၁၂။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး လုပ်ငန်း များ ဆောင်ရွက်နေစဉ်အတွင်း လက်နက်များ၊ ပေါက်ကွဲစေသောပစ္စည်းများ ယူဆောင်ခြင်းမပြုရ။

၁၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့် မဲဆန္ဒရှင်များ၏ တာဝန်နှင့် ရပိုင်ခွင့်ကို လွှမ်းမိုးသက်ရောက်စေ သော လုပ်ဆောင်မှုများကို မပြုလုပ်ရ။

၁၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မဲ ပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များထုတ်ပြန်ခြင်း တို့နှင့်စပ်လျဉ်း၍

ဝင်ရောက်စွပ်ဖက်ခြင်းမပြုရ။

၁၅။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ယင်းတို့၏ တာဝန်ကို စေတနာပြည့်ဝစွာနှင့် ပွင့် လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ၎င်းတို့၏ အစီရင်ခံစာများကို မှန်ကန်ရိုးသားစွာ တင်ပြရမည်။

၁၇။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် အခြားရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်း အချက်အလက်များဖလှယ်ခြင်းတို့ကို ဆောင်ရွက် နိုင်သည်။

၁၈။ ရွေးကောက်ပွဲအငြင်းပွားမှုများတွင် တာဝန်ရှိသူများ က အဆုံးအဖြတ်ပြုရန်ဆောင်ရွက်ရာ၌ ဝင်ရောက် စွတ်ဖက်ခြင်းမပြုရ။

၁၉။ မဲရုံအတွင်းလျှို့ဝှက်မဲပေးစနစ်ကို မထိခိုက်စေရန် အတွက် မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*********

နောက်ဆက်တွဲ လေ့လာရန် - (၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# နေပြည်တော်

**အမိန့်ကြော်ငြာစာအမှတ်၊ (၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ရက်

(၂၀၁၅ ခုနှစ် ၊ မတ်လ ရက် )

## နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့် လေ့ လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၉ဂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ များ၏ ကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည်။

နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ

၁။ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ အဖွဲ့အစည်း

သို့မဟုတ် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ မစ်ရှင်တစ်ခုခုမှ စောင့်ကြည့်လေ့လာသူ အဖွဲ့ဝင်တိုင်းသည် ဤကျင့်ဝတ် ပါအချက်များကို ဖတ်ရှုပြီး နောက်ဆက်တွဲတွင် ဖော်ပြထားသော ပူးတွဲပါဝန်ခံချက်ကို လက်မှတ်ရေးထိုးရမည်။

၂။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ် အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လည်းကောင်း လေးစားလိုက်နာကြရမည်။

၃။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ ကိုလေးစားလိုက်နာပြီး ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများ၏ အခွင့်အာဏာများကိုလည်း လေးစား လိုက်နာကြရမည်။

၄။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေ သကြီး၊ ပြည်နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ ရွေးကောက်ပွဲ လုံခြုံရေးတာဝန်ယူထားသူများအပါ အဝင် အာဏာပိုင်များကထုတ်ပြန်ထားသော ညွှန် ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး ၎င်းပုဂ္ဂိုလ် များအား လေးစားစွာပြုမုဆက်ဆံရမည်။

၅။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း နိုင်ငံရေးဘက် လိုက်ခြင်းကင်းမှုကို တိကျစွာထိန်းသိမ်းရမည်။ နိုင်ငံတော်အာဏာပိုင်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စား လှယ်လော င်း များအားလည်းကော င်း ၊ ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့် ပတ်သက်သော ပြဿနာများကိုလည်းကောင်း၊ ဘက်လိုက်ခြင်းနှင့် ဦးစားပေးသောအသွင်အပြင်များ ထုတ်ဖော်ပြသ ခြင်း မပြုရ။

၆။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ကိုယ်စားလှယ် လောင်းတစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းပြုရာရောက်သည့် လှုပ်ရှား မှုများကိုဆောင်ရွက်ခြင်း၊ ယင်းလှုပ်ရှားမှုတွင် ပါဝင် ခြင်းမပြုရ။

၇။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် မေးခွန်းများမေးမြန်းခွင့် မရှင်းလင်းသည့်အချက် များကိုမေးမြန်းခွင့်ရှိသည်။ သို့သော် ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေး ကောက်ပွဲလွန်ကာလများ၏ လုပ်ငန်းစဉ်များတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော် လည်းကောင်း အဟန့်အတားမဖြစ်စေရ။

၈။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ရွေး ကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးက တရားဝင် ထုတ်ပြန်ထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်။ မဲရုံမှူးများ၊ မဲရုံတာဝန်ခံများနှင့် အခြားအာဏာပိုင်များက တောင်းခံလာပါက ပြသ ရမည်။ ၉။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် ၎င်းတို့၏ စောင့်ကြည့်လေ့လာချက်များကို ဘက် လိုက်မှုကင်းခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် မှန်ကန်မှု အဆင့်မြင့်မားခြင်းရှိကြောင်း သေချာစေရမည်။

၁၀။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူတစ်ဦးချင်း အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့်ပတ်သက် ၍ ယင်းတို့၏ ပုဂ္ဂလိကသဘောထားအမြင်များ၊ သုံးသပ်ချက်များကို မီဒီယာသို့တင်ပြခြင်းမပြုရ။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသည့် အဖွဲ့အ စည်းများ၊ အစုအဖွဲ့များသည်ရွေးကောက်ပွဲလုပ် ငန်းစဉ်များနှင့်ပတ်သက်သည့် သဘောထားမှတ် ချက်များကို တာဝန်ခံပုဂ္ဂိုလ်များကသာ ထုတ်ပြန် ရန် သေချာစေရမည်။

၁၁။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသည့် အဖွဲ့ အစည်းများသည်

ယင်းတို့၏ တွေ့ရှိချက်များ၊ နည်းလမ်းများ၊ အကြံပြုချက်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်။

၁၂။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသည့်လုပ်ငန်း စဉ်တလျှောက် နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ ကို အလေးထားကြောင်းပြသခြင်း အပါအဝင် အခြားပုဂ္ဂိုလ်များအား အလေးထားဆက်ဆံခြင်းနှင့် စောင့်ကြည့်လေ့လာမှုကို ပညာရှင်ပီသစွာ ပြုမူ ဆောင်ရွက်ရမည်။

၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အသိ အမှတ်ပြုရန်တောင်ခံထားသော အဖွဲ့အစည်း အသီးသီးသည် ၎င်းတို့၏ အဖွဲ့ဝင်အသီးသီးအား လိုက်နာရန် ကျင့်ဝတ်အပါအဝင် ရွေးကောက်ပွဲ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည် ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ပြုလုပ်ပေးရန် တာဝန်ရှိသည်။

၁၄။ မြန်မာနိုင်ငံသို့လာရောက်ရန် ရည်ရွယ်ထားသော ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် မြန်မာနိုင်ငံအစိုးရမှ ထုတ်ပြန်ထားသော နည်း ဥပဒေများနှင့်အညီ အချိန်မီ ဗီဇာလျှောက်ထားရ မည်။ ခွင့်ပြုသည့်ဗီဇာရက် သတ်မှတ်ချက်ထက် ကျော်လွန်၍ မြန်မာနိုင်ငံတွင် နေထိုင်ခြင်းမပြုရ။

၁၅။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများသည် မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် လုံခြုံမှုရှိစေရေး အတွက် နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးအဖွဲ့ အစည်းများက ထုတ်ပြန်ထားသော အကြံပြုချက် များကို လိုက်နာရမည်။

၁၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်း သ်ညလည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုသည် လည်းကောင်း ဤကျင့်ဝတ်ကို ဖောက်ဖျက်ပါက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့်

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအဖြစ် အသိ အမှတ်ပြုခြင်းကို ရုပ်သိမ်းခွင့်ရှိသည်။ ဤသို့ရုပ် သိမ်းခွင့်ကို အဆုံးအဖြတ်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ ဆောင်ရွက်ခွင့်ရှိ သည်။

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

*********

လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၊နည်းဥပဒေများမှ
သင်တန်းဆရာများအတွက် နောက်ဆက်တွဲလေ့လာရန်

# ရွေးကောက်ပွဲကိုယ်စားလှယ်

ရွေးကောက်ပွဲကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးက ၎င်းဆောင်ရွက်ရ မည့် လုပ်ငန်းများကို ၎င်း၏ ကိုယ်စားဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးခြင်းခံရသူကို ဆိုသည်။

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးရရှိမည့် အရည်အချင်း

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦးသည် ၎င်းအား ခန့်အပ်တာဝန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် ဥပဒေအရသတ်မှတ်ထားသော အရည် အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းနည်းလမ်း

(က) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ ကိုယ်ကိုဖြစ်စေ အခြားသူတစ်ဦးကိုဖြစ်စေ ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထား ခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် မိမိကိုယ်တိုင် မိမိ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်မည်ဖြစ်လျှင် ထိုသို့ဆောင်ရွက် မည်ဖြစ်ကြောင်း အမည်စာရင်း တင်သွင်းလွှာ ပုံစံ(၆)၏ စာပုဒ် ၁၄(င)တွင်ဖော်ပြရမည်။ ပြီးလျှင် ရွေးကောက်ပွဲ ကိုယ်စားလှယ်ခန့်လွှာ ပုံစံ(၇)တွင် ဖြည့်သွင်း၍ သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲသို့ တင်ပြရမည်။

(ဂ) လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးသည်

အခြားသူတစ်ဦးအားမိမိ၏ ရွေးကောက်ပွဲ ကိုယ်စား လှယ်အဖြစ် ခန့်ထားမည်ဆိုပါက ရွေးကောက်ပွဲ ကိုယ်စားလှယ်ခန့်စာ ပုံစံ (၇-က)တွင် ဖြည့်သွင်း တင်ပြရမည်။ ယင်းခန့်စာတွင် ခန့်ထားခြင်းခံရသူက သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။

(ဃ) ရွေးကောက်ပွဲကိုယ်စားလှယ် နှုတ်ထွက်လျှင်ဖြစ် စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ရွေးကောက်ပွဲကိုယ်စား လှယ်အဖြစ်မှ ရုပ်သိမ်းခံရလျှင်ဖြစ်စေ လွှတ်တော် ကိုယ်စား လှယ်လောင်းသည် ယခင်ခန့်ထားသော ခန့်စာ ပုံစံ(၇-က) နှင့်အတူ ရုပ်သိမ်းလွှာပုံစံ (၇-ခ) တွင် ဖြည့်သွင်းတင်ပြရမည်။

(င) ထို့နောက် မိမိကိုယ်တိုင် မိမိ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည်ဆိုပါက ရွေး ကောက်ပွဲ ကိုယ်စားလှယ်ခန့်စာ ပုံစံ(၇)တွင် ဖြည့်သွင်းတင်ပြရမည်။ သို့မဟုတ် အခြားသူတစ်ဦး အား ခန့်ထားမည်ဆိုပါက ရွေးကောက်ပွဲ ကိုယ်စား လှယ်ခန့်စာ ပုံစံ(၇-က)တွင် ဖြည့်သွင်းတင်ပြ ရ မည်။

ရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦး၏ တာဝန်

ငွေစာရင်းစားအုပ်များကို စနစ်တကျ ထားရှိပြီး အောက်ပါတို့ကို မှန်ကန်စွာရေးသွင်းရမည်။

(က) ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက် ပွဲ ကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင် ငွေဖြင့် သော်လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံသား တစ်ဦးချင်းစီကဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့များကဖြစ်စေ၊ တရားဝင် ရရှိထား သော ငွေကြေးများထဲမှ ထည့်ဝင်လှူဒါန်းသော ငွေဖြင့်သော် လည်းကောင်း၊ သက်ဆိုင်ရာပါတီ အဖွဲ့အစည်းက ထောက်ပံ့ထည့်ဝင်ငွေဖြင့်သော် လည်းကောင်း ကျခံပြီးသည့် ကုန်ကျစရိတ်များ။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းက ပေးရန်ရှိ သည့် အသုံးစရိတ်ငွေများ။

(ဃ) ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းကို ပုံစံ(၂၈)ဖြင့် ရေးသွင်း၍ မိတ္တူတစ်စုံကူးယူပြီး မူရင်းနှင့်အတူ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ် စားလှယ်၏ အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မှရှင် အဖွဲ့ခွဲသို့ တင်သွင်းရန်၊

ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းတစ်ဦး၏ အခွင့်အရေးများ

(က) လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည် စာရင်း တင်သွင်းလွှာကို သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့သို့ တင်သွင်းနိုင်ခွင့်ရှိသည်။

(ခ) အမည်စာရင်း တင်သွင်းလွှာများကို စိစစ်ရန် သတ် မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာ ရောက်ခွင့်ရှိသည်။

(ဂ) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းက အမည် စာရင်းတင်သွင်းလွှာကို ယင်း၏ ဆန္ဒအလျောက် ရုပ်သိမ်းလိုလျှင် သတ်မှတ်ထားသည့် ကာလ အတွင်း ရုပ်သိမ်းလွှာပုံစံ(၉)နှစ်စောင်ကို သက်ဆိုင် ရာကော်မရှင် အဖွဲ့ခွဲသို့ တင်ပြခွင့်ရှိသည်။

(ဃ) မိမိ၏ လွှတ်တော် ကိုယ်စားလှယ်လောင်းသည် အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရလျှင်ဖြစ် စေ၊ ရွေးကောက်ပွဲစတင် မကျင်းပမီ ကွယ်လွန်လျှင် ဖြစ်စေ၊ ယင်း၏ မဲဆန္ဒနယ်တွင် ရွေးကောက်ပွဲ ရွှေ့ ဆိုင်းထားလျှင်ဖြစ်စေ၊ အမည်စာရင်း တင်သွင်းလွှာ နှင့်အတူ ပေးသွင်းခဲ့သော ရွေးကောက်ပွဲအာမခံ ငွေကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲမှ ပြန်လည် ထုတ်ယူခွင့်ရှိသည်။

(င) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည်

လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင် မြှောက်ခံရလျှင် ပေးသွင်းထားသော ရွေးကောက်ပွဲ ဝင်ခွင့်အာမခံငွေကို သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲ ထံမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(စ) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ရွေးကောက်တင်မြှောက်ခြင်း မခံရသော်လည်း ရွေးကောက်ပွဲတွင် ခိုင်လုံသော ဆန္ဒမဲရှစ်ပုံတစ်ပုံ နှင့်အထက်ရရှိလျှင် ပေးသွင်းထားသော ရွေး ကောက်ပွဲဝင်ခွင့်အာမခံငွေကို သက်ဆိုင်ရာကော် မရှင် အဖွဲ့ခွဲမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(ဆ) ဆန္ဒမဲ စတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်းပြီး ဆုံးသည့် အချိန်အထိ မဲရုံထဲသို့ ဝင်ခွင့်ရှိသည်။

(ဇ) ရွေးကောက်ပွဲကျင်းပသည့် နေ့၌ မဲဆန္ဒနယ်အတွင်း ရှိသော်လည်း မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲ မပေးနိုင်သောအသက်အရွယ်ကြီးရင့်သူ၊ အနာကြီး ရောဂါ စွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာ ပြင်ထန်စွာခံစားနေရသူနှင့် နေအိမ်တွင်းမီးဖွားနေ သူများ၊ မသန်စွမ်းသူများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေသော အတွင်းလူနာများ ထံသို့ သက်ဆိုင်ရာ ရပ်။ကျေး ကော်မရှင်အဖွဲ့ခွဲဝင် များက သွားရောက်၍ ကြိုတင်ဆန္ဒမဲရယူရာတွင် လိုက်ပါကြည့်ရှုခွင့်ရှိသည်။

(ဈ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲဆန္ဒနယ်ပြင်ပသို့ ခရီးသွားရန်ရှိသူ တစ်ဦးအားလည်းကောင်း၊ မဲစာရင်းပါ ဒေသမှကျော်လွန်၍ သွားရောက်တာဝန် ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် တပ် မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များထံသို့ လည်းကောင်း သက်ဆိုင်ရာ ရပ်။ကျေး ကော်မရှင် အဖွဲ့ခွဲဝင်များက သွားရောက်၍ ကြိုတင်ဆန္ဒမဲရယူ ရာတွင် လိုက်ပါကြည့်ရှုခွင့် ရှိသည်။

(ည) မဲရုံတွင် ဆန္ဒမဲလက်မှတ်များပေးခြင်း ပြီးမြောက်ပြီး နောက် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲ လက်မှတ်များ ရေတွက်ရာတွင် ကြည့်ရှုခွင့်ရှိသည်။

(ဋ) မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများက ကြိုတင်ဆန္ဒမဲပေးပြီး ပေးပို့လာသော စာအိတ်များပေါ်တွင် သက်ဆိုင်ရာမြို့နယ်ကော်မ ရှင်အဖွဲ့ခွဲက လက်ခံရရှိသည့် အမှတ်စဉ်၊ နေ့ရက် နှင့် အချိန်တို့ကိုဖော်ပြ၍ ပုံစံ(၁၈-၁)တွင် ရေးသွင်း ခြင်း၊ ယင်းစာအိတ်များကို ချိတ်ပိတ်ထားသည့် မဲပုံးအတွင်းသို့ ထည့်ခြင်းတို့ကို ကြည့်ရှုနိုင်သည်။

(ဌ) ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ ထိုး သည်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက အဆိုပါ ချိတ်ပိတ်ထားသော မဲပုံးကိုဖွင့်၍ ကြိုတင်ဆန္ဒမဲ လက်မှတ်များ ရေတွက်ရာတွင် ကြည့်ရှုခွင့်ရှိသည်။

(ဍ) ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို ပေးချေခွင့်ရှိ သည်။

(ဎ) ရွေးကောက်ပွဲ ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက် ခွင့်ရှိသည်။

ရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရန်အချက်များ

(က) ရွေးကောက်ပွဲ ကိုယ်စားလှယ်အတွက် စိစစ်ရေး ကတ်ပြားကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ယူရန်။

(ခ) ဆန္ဒမဲလက်မှတ်ကို တောင်းဆိုသူသည် သူတစ်ပါး အယောင်ဆောင်သော ပြစ်မှုကိုကျူးလွန်သူဖြစ် ကြောင်း ကန့်ကွက်လိုလျှင် ကန့်ကွက်မဲစာရင်း ပုံစံ(၁၄)တွင် လက်မှတ်ရေးထိုး၍ ကန့်ကွက်ရန်။

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပြုစုသည့် လွှတ်တော် ကိုယ်စားလှယ်လောင်းအသီးသီး ရရှိသည့်မဲဆန္ဒ အရေအတွက် ပုံစံ(၁၈)တွင်လည်းကောင်း၊ တိုင်း ရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း

များရှိလျှင် ယင်းတို့အသီးသီး ရရှိသည့် ဆန္ဒမဲလက် မှတ် ပုံစံ(၁၈-က)တွင် လည်းကောင်း လက်မှတ် ရေးထိုးရန်။

(ဃ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲက လွှတ်တော်ကိုယ်စား လှယ်လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေ အတွက်ကို ကြေညာထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအစီအစဉ်အတိုင်း ပြုစုထားသည့် ပုံစံ(၁၉)တွင် လက်မှတ်ရေးထိုးရန်။

(င) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ (မဲဆန္ဒနယ်တွင် ခရိုင်တစ်ခုသာပါဝင်ပါက) ရရှိ သည့် ဆန္ဒမဲစာရင်း ပုံစံ(၁၉-က)နှင့် ခရိုင်တစ်ခု ထက်ပို ပါဝင်ပါက ပုံစံ(၁၉-ခ) တွင် လက်မှတ်ရေး ထိုးရန်။

(စ) တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် လောင်း အသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို ကြေညာထားသည့် လွှတ်တော်ကိုယ်စားလှယ် လောင်း အစီအစဉ်အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့် ပုံစံ(၁၉-ခ) တွင် လက်မှတ်ရေးထိုးရန်။

ရွေးကောက်ပွဲ ကိုယ်စားလှယ်တစ်ဦး ရှောင်ရန်အချက်များ

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကိုကူညီရန် မဲရုံအသီးသီးအတွက် အခကြေးငွေဖြင့် အောက်ပါပုဂ္ဂိုလ်များမှ တစ်ပါး မည်သူ့ကိုမျှ ခန့်မထားရန် -

(က) မဲရုံကိုယ်စားလှယ်တစ်ဦးစီ၊

(ခ) အကူကိုယ်စားလှယ် တစ်ဦးစီ၊

(ဂ) စာရေးတစ်ဦးစီ၊

(ဃ) မဲဆော်သြသူ တစ်ဦးစီ၊

(င) ရုံးအကူတစ်ဦးစီ။

အောက်ပါတို့ကိုပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်-

(က) လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း(၁၃) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း။

(ခ) လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၏ အခန်း(၁၄) တွင် ပြဋ္ဌာန်းထားသည့် တရားမဲ့ပြုကျင့်မှု တစ်ခုခု ကို ပြုလုပ်ခြင်း။

ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး အထူးမှတ်သားရန် အချက်

(က) ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မိမိ၏ ဆောင်ရွက်ချက် မှန်သမျှသည် မိမိ၏ လွှတ် တော်ကိုယ်စားလှယ်လောင်းအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှုရှိစေမည် ဖြစ်သည်။

(ခ) ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းရန်ပျက်ကွက် သဖြင့်အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်း ခံရသော ရွေးကောက်ပွဲကိုယ်စားလှယ်တစ်ဦး သည် ယင်းသို့ကြေညာသည့် နေ့မှစ၍ လက်ရှိ လွှတ်တော်သက်တမ်းအတွင်း ကျင်းပမည့် ရွေး ကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ် လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရရှိပါ။

## မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်

မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးက မဲရုံအသီးသီးတွင် ၎င်း၏ ကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း ခံရသူကို ဆိုပါသည်။

ခန့်အပ်ခြင်းနည်းလမ်းများ

(က) လွှတ်တော် ကိုယ်စားလှယ်လောင်းသည် မဲရုံ ကိုယ်စားလှယ်။အကူ ကိုယ်စားလှယ်ကို ခန့်ထား နိုင်ရန် ခန့်စာ ပုံစံ(၈)တွင် ဖြည့်သွင်းရပါမည်။

(ခ) မည်သည့်ရပ်ကွက်/ ကျေးရွာအုပ်စု မဲရုံအမှတ် ( ) ၌ ဆောင်ရွက်စေရန်ဖြစ်ကြောင်း ဖော်ပြရမည်။

(ဂ) ခန့်ထားခြင်းခံရမည့် သူသည် သက်ဆိုင်ရာ မဲဆန္ဒ နယ်အတွင်းရှိ ရပ်ကွက်။ကျေးရွာ အုပ်စု မဲစာရင်း အမှတ်စဉ် ( )တွင် ပါရှိကြောင်း ဖော်ပြရမည်။

(ဃ) ခန့်ထားခြင်းခံရမည့်သူက ထိုသို့ခန့်ထားခြင်းကို သဘောတူကြောင်းနှင့် ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြား ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည် ဖြစ်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးချက် ပါရှိရမည်။

(င) လွှတ်တော် ကိုယ်စားလှယ်လောင်းသည် မဲရုံ ကိုယ်စားလှယ်နှင့် အကူကိုယ်စားလှယ် အသီးသီး အတွက် ခန့်စာနှစ်စောင်စီကို ဆန္ဒမဲပေးရန်သတ်မှတ်ထားသော နေ့ရက်မတိုင်မီ အနည်းဆုံး ခုနစ် ရက်ကြိုတင်၍ ရပ်။ ကျေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ ရမည်။

(စ) ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲက သဘောတူလျှင် ယင်းမဲရုံကိုယ်စားလှယ်တို့၏ ဓာတ်ပုံပေါ်၌ တံဆိပ် နှိပ်၍ တစ်စောင်စီကို လွှတ်တော်ကိုယ်စားလှယ် လောင်းသို့ ပြန်လည်ပေးအပ်မည် ဖြစ်သည်။

(ဆ) မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ် နုတ်ထွက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်လောင်းက ယင်းအား ခန့်ထားခြင်းမှ ရုပ်သိမ်းလျှင်ဖြစ်စေ၊ သက်ဆိုင်ရာ ရပ်။ကျေးကော်မရှင် အဖွဲ့ခွဲသို့ ပုံစံ(၈-က)ဖြင့်တင် ပြရမည်။

(ဇ) လွှတ်တော် ကိုယ်စားလှယ်လောင်းသည် အခြား သူတစ်ဦးကို မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူ ကိုယ်စားလှယ်အဖြစ် အစားထိုးခန့်အပ်ရန်အတွက် ပုံစံ(၈)တွင်ဖြည့်သွင်း၍ သက်ဆိုင်ရာ ရပ်။ကျေး ကော်မရှင် အဖွဲ့ခွဲသို့ တင်ပြရမည်။

မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ်တစ်ဦး၏ တာဝန်များ

(က) ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက် နာဆောင်ရွက်ရန်။

(ခ) ယင်းတို့အား ခန့်ထားသည့်ခန့်စာကို ရွေးကောက် ပွဲကျင်းပသည့်နေ့တွင် မဲရုံမှူးထံအပ်နှံရန်။

(ဂ) မဲရုံ၌ မဲရုံမှူး၏ တာဝန်အရညွှန်ကြားခြင်းကို လိုက် နာရန်။

မဲရုံးကိုယ်စားလှယ်/ အကူကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးများ

(က) ဆန္ဒမဲစတင်ပေးသည့်အချိန်မှ ဆန္ဒမဲပေးခြင်း ပြီးဆုံးသည့်အချိန်အတွင်း မဲရုံထဲသို့ ဝင်ခွင့်ရှိသည်။

(ခ) ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်၌ မဲဆန္ဒ နယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ကိုယ်တိုင် လာရောက် ဆန္ဒမဲမပေးနိုင်စေသာ -

(၁) အသက်အရွယ် ကြီးရင့်သူများ

(၂) အနာကြီးရောဂါ စွဲကပ်နေသူများ

(၃) နေအိမ်တွင် မီးဖွားနေသူများ

(၄) မသန်စွမ်းသူများ

(၅) အချုပ်ခံရ သူများ

(၆) ဆေးရုံတွင် တက်ရောက်နေသော အတွင်း လူနာများ

ယင်းတို့ထံသို့ ရပ်၊ကျေးကော်မရှင်အဖွဲ့ဝင်များက သွား ရောက်၍ ကြိုတင်ဆန္ဒမဲပေးခြင်းကို လိုက်ပါကြည့်ရှု ခွင့်ရှိသည်။

(ဂ) ရွေးကောက်ပွဲ ကျင်းပသည့်နေ့ရပ်၌ -

(၁) မိမိနှင့်သက်တိုင်သည့် မဲဆန္ဒနယ်၏ ပြင်ပသို့ ခရီးသွားရန်ရှိသူများ

(၂) မဲစာရင်းတွင်ပါရှိရာ ဒေသမှကျော်လွန်၍ သွားရောက်တာဝန် ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့ မဟုတ် ရဲတပ်ဖွဲ့ဝင်များ

ယင်းတို့ထံသို့ ရပ်။ကျေးကော်မရှင်အဖွဲ့ဝင်များက သွား ရောက်၍ ကြိုတင်ဆန္ဒမဲယူခြင်းကို ကြည့်ရှုခွင့် ရှိသည်။

(ဃ) မဲရုံတွင် ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ကြည့်ရှုခွင့်ရှိသည်။

(င) မဲရုံတွင် ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်း ကို ကြည့်ရှုခွင့်ရှိသည်။

(စ) မဲရုံမှူးကပယ်သည့် ဆန္ဒမဲလက်မှတ်နှင့် ကြိုတင် ဆန္ဒမဲ လက်မှတ်များကပို ဆန္ဒမဲရေတွက်ရာတွင် ကြည့်ရှုခွင့်ရှိသည်။

(ဆ) လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရရှိ သည့် ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲ လက် မှတ်များကို မဲရုံမှူးက သီးခြားအိတ်များတွင် ထည့် ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ်သည့် အခါ မိမိတို့ကလည်းချိပ်တံဆိပ်ရိုက်နှိပ်ခွင့်ရှိသည်။ (ဇ) မဲရုံမှူးက ပယ်မဲအားလုံးကို အိတ်တစ်အိတ်တွင် ထည့်ကာ လုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ် ရိုက်နှိပ် သည့်အခါ မိမိတို့ကလည်း ချိပ်တံဆိပ်ရိုက်နှိပ်ခွင့် ရှိသည်။

(ဈ) မဲရုံပိတ်ချိန်တွင် မဲရုံမှူးက -

(၁) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများ

(၂) မဲရုံတွင်အသုံးပြုသော မဲစာရင်း

(၃) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ

(၄) ပယ်မဲပုံစံ(၁၇) နှင့် ပုံစံ(၁၇-က)များ အားလုံးကို အထုပ်တစ်ထုပ်

ထုပ်ပြီးလျှင် ချိပ်တံဆိပ် ရိုက်နှိပ်သည့်အခါ မိမိတို့၏ ချိပ်တံဆိပ်ကိုလည်း ရိုက်နှိပ်ခွင့်ရှိသည်။

(ည) အထက်အပိုဒ် (ဆ)(ဇ)(ဈ) တို့တွင် ဖော်ပြ ထား သော အထုပ်များကို မဲရုံမှူးက အိတ်ကြီးတစ်လုံး တွင်ထည့်ကာ ချိပ်တံဆိပ်ရိုက်နှိပ်သည့်အခါ မိမိတို့ ၏ ချိပ်တံဆိပ်ကိုလည်း ရိုက်နှိပ်ခွင့် ရှိသည်။

(ဋ) မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများက ကြိုတင်ဆန္ဒမဲပေးပြီး ပေးပို့လာသော ကြိုတင်ဆန္ဒမဲ လက်မှတ်များပါ စာအိတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပုံစံ(၁၈-၁)တွင် ရေး သွင်းခြင်း၊ ယင်းစာအိတ်များကို ချိပ်ပိတ်ထားသော မဲပုံးအတွင်းသို့ ထည့်ခြင်းတို့ကို ကြည့်ရှုခွင့်ရှိသည်။

(ဌ) မဲရုံပိတ်ချိန်ကုန်ဆုံးသည်နှင့် အဆိုပ်ချိပ်ပိတ်ထား သော မဲပုံးကိုဖွင့်၍ ကြိုတင်ဆန္ဒမဲ လက်မှတ်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲကရေတွက်ရာတွင် ကြည့်ရှု ခွင့်ရှိသည်။

(ဍ) မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ခွင့်ရှိသည်။

မဲရုံကိုယ်စားလှယ်/ အကူကိုယ်စားလှယ်တစ်ဦး၏ ဆောင်ရန်အချက်များ

(က) မိမိတို့အား ခန့်ထားသည့် ခန့်အပ်လွှာပုံစံ(၈)ကို မိမိတို့၏ လွှတ်တော် ကိုယ်စားလှယ်လောင်း သို့ မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်ထံမှ ကြိုတင် ၍ ရယူထားရန်။

(ခ) ဆန္ဒမဲပေးခြင်းမစတင်မီ ဆန္ဒမဲလက်မှတ်များ ရေ တွက်စစ်ဆေးခြင်း မှတ်တမ်းပုံစဲ(၁၁)တွင် လက် မှတ်ရေးထိုးရန်။

(ဂ) လွှတ်တော် ကိုယ်စားလှယ်လောင်းများ ရရှိသည့် ဆန္ဒမဲစာရင်း ပုံစံ(၁၆)တွင် လက်မှတ်ရေးထိုးရန်။

(ဃ) တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် လောင်းများရှိခဲ့လျှင် ၎င်းတို့ရရှိသော ဆန္ဒမဲစာရင်း ပုံစံ (၁၆-က)တွင် လက်မှတ်ရေးထိုးရန်။

(င) ရွေးကောက်ပွဲတွင် အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များစာရင်း ပုံစံ(၁၆-၁)တွင် လက် မှတ် ရေးထိုးရန်။

မဲရုံကိုယ်စားလှယ်/အကူကိုယ်စားလှယ် တစ်ဦး၏ ရှောင်ရန်အချက်များ

(က) မဲရုံတွင် မဖွယ်ရာသောအမှုကို မပြုရန်။

(ခ) မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဝတ္တရားဆောင်ရွက်ခြင်း ကို အနှောင့်အယှက်ဖြစ်စေခြင်းကို မပြုရန်။

(ဂ) ဆန္ဒမဲပေးရန် လာရောက်သူများအား စိတ်ပြောင်းလဲခြင်းကို မပြုရန်။

(ဃ) မဲရုံအတွင်း၌ ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း၌ ဖြစ်စေ -

(၁) မဲဆွယ်ခြင်းမပြုရန်နှင့်

(၂) မဲဆန္ဒရှင်တစ်ဦးအား လွှတ်တော်ကိုယ်စား လှယ်လောင်းတစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းခြင်းမပြုရန်။

(င) လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ အခန်း (၁၃) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရန်။

(စ) လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ၏ အခန်း (၁၄) တွင် ပြဋ္ဌာန်းထားသည့် တရားမဲပြုကျင့်မှု တစ်ခုခုကို မပြုလုပ်ရန်။

*********

# အခန်း (၇)
# တာဝန်နှင့် ဝတ္တရားများအား ပုံဖော်ခြင်း

နိဒါန်း

ရွေးကောက်ပွဲနေ့ရက်သည် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံး၏ အထွဋ်အထိပ်ဖြစ်သည်။ ဤဖြစ်စဉ်၏ အရေးကြီးသောအဆင့်များမှ တစ်ခုဖြစ်သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သည် ရွေးကောက်ပွဲနေ့ လုပ်ငန်းအကောင်ထည်ဖော်မှုအပေါ်တွင် အများအားဖြင့် ချီးကျူးခံရပေသည်။ ၎င်းတို့သည် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းများ ပြီးမြောက်အကောင်ထည်ဖော်ရန် အလို့ငှာ ၎င်းတို့မှ စည်းမျဉ်းဥပဒေများနှင့် စည်းကမ်းချက်များ၊ လိုအပ်သည့် ကိရိယာပစ္စည်းများနှင့် အထောက် အကူပြုပစ္စည်းများ စုဆောင်းခြင်းများကို ပြင်ဆင်လုပ်ဆောင်ခြင်း၊ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ သင်တန်းများ ပြုလုပ်ခြင်းနှင့် လိုအပ်ချက်များကို ဖြေရှင်းပေးခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင် ကြပါသည်။ သို့သော် ရွေးကောက်ပွဲတွင် အဓိကလုပ်ဆောင်သူများမှာ မဲရုံဝန်ထမ်းများ၊ မဲပေးသူများ၊ ကွင်းဆင်းလုပ်ကိုင်နေသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်များနှင့် ရွေးကောက် ပွဲ စောင့်ကြည့်လေ့လာသူများ ဖြစ်ပါသည်။

ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းသည် ရွေးကောက်ပွဲများ ကောင်းမွန်စွာ ပြီးမြောက်အကောင် အထည်ဖော်ရေးအတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပေသည်။ ပြည်သူလူထုအနေနှင့် မဲပေးခြင်း နှင့် မဲရေတွက်ခြင်း လုပ်ထုံးလုပ်နည်းများ ပိုမိုသဘောပေါက်နားလည်လေ ပို၍ ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲ အထမြောက်လေဖြစ်သည်။ ယုံကြည်စိတ်ချရသောမဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်း များ လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးအတွက် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို အဓိကကျသော ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ အားလုံးမှ သတိကြီးစွာ လိုက်နာရမည်ဖြစ်သည် (ဒေသ

အခြေအနေများအပေါ်မူတည်၍ ပြုပြင်မှုများလည်း ရှိနိုင်ပေသည်။) အဓိကကျသော ရွေးကောက် ပွဲဆိုင်ရာ တာဝန်ရှိသူများသည် မဲပေးခြင်းနှင့် မဲရေတွက်ခြင်းလုပ်ငန်းများတွင် အကြိတ်အနယ် လုပ် ဆောင်နေရသောကြောင့် မိမိတို့အပေါ် မျှော်မှန်းထားသည့်အတိုင်း တာဝန်သိသိလုပ်ဆောင်မှုမျိုး လိုအပ်ပေသည်။

ပြီးခဲ့သည့် အခန်းတွင် အဓိကကျသော ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် ၎င်းတို့၏ ယေဘုယျအခန်းကဏ္ဍနှင့် တာဝန်များကို မိမိတို့လေ့လာခဲ့ပြီးဖြစ်ပါသည်။ ဤအခန်းတွင် မိမိတို့သည် ပြည်သူလူထု၏ အစိတ်အပိုင်းတစ်ခုအဖြစ် အဓိကကျသော ရွေးကောက်ပွဲ ဆိုင်ရာ တာဝန်ရှိသူများ၏ အခန်းကဏ္ဍနှင့် တာဝန်များ မည်သို့လုပ်ဆောင်သည်ကို လေ့လာစောင့်ကြည့် ကာ ၎င်းတို့ လိုအပ်ချက်များကို ဖေဖန်ကြမည်ဖြစ်သည်။ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း အဆင့်များတွင် အဘယ့်ကြောင့် အချို့အချက်များကို အစီစဉ်လိုက် လုပ်ဆောင်ရမည် (အချို့အဆင့်များ ချန်လပ်ကျော် လွန်သွားပါက) ကို မိမိတို့အနေနှင့်လည်း သုံးသပ်သွားမည်ဖြစ်သည်။

## ရည်ရွယ်ချက်

မဲပေးခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များတွင် အဓိကအကျဆုံးသော တာဝန်ရှိသူများ၏ တာဝန်နှင့် ဝတ္တရားများကို ပုံဖော်ရန်။

မဲရေတွက်ခြင်း လုပ်ငန်းစဉ်များတွင် ဘာ့ကြောင့် အချို့လုပ်ထုံးလုပ်နည်းများ စောင့်စည်းရမည်ကို နားလည်သဘောပေါက်ရန်။

## သင်ကြားနည်းစနစ်

ပါဝါပွိုင့် တင်ဆက်ခြင်း

ကဏ္ဍအလိုက် သရုပ်ဖော်ခြင်းနှင့်

အပြန်အလှန်ဆွေးနွေးခြင်း

## လိုအပ်သော ပစ္စည်းများ

စက္ကူကဒ်ဘူး နှစ်ဘူး၊ စားပွဲတစ်ခု၊ ပဝါတစ်ထည် (မျက်မမြင်အတွက်)၊ မဲစာရွက် ၂၅ ရွက်၊ တံဆိပ်ခေါင်း တစ်ခု၊ မင်ဘူး တစ်ဘူး။

## သင်ကြားချိန်

(၇၅) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**၁။ ရွေးကောက်ပွဲနေ့သရုပ်ပြခြင်းနှင့် သင်တန်းသားများအတွက် ၎င်း၏ ရည်ရွယ်ချက်များနှင့် ကဏ္ဍအလိုက် အဖွဲ့သရုပ်ဖော်ခြင်း သင်ခန်းစာအား မိတ်ဆက်ခြင်း။**

သင်ကြားချိန် ၂၅ မိနစ်

- ပြုလုပ်ပုံ
  - လေ့လာပြီးခဲ့သော ရွေးကောက်ပွဲဆိုင်ရာ တာဝန်ရှိသူများ၏ အခန်းကဏ္ဍနှင့် တာဝန်များကို မြင်ယောင်ကာ ရွေးကောက်ပွဲနေ့ ကဏ္ဍအလိုက် သရုပ်ဖော်ခြင်းကို သင်တန်းဆရာမှ မိတ်ဆက်ပေးမည် ဖြစ်သည်။
  - သင်တန်းဆရာမှ သင်တန်းသားများအား အဖွဲ့ ၂ ဖွဲ့ ခွဲရန်။
  - ၎င်းတို့ရွေးကောက်ပွဲနေ့သရုပ်ပြခြင်းအတွက် ကဏ္ဍအလိုက်ကဒ်များကို အဖွဲ့စီတိုင်းအား သင်တန်းဆရာမှ ပေးဝေမည်။
  - အဖွဲ့စီတိုင်းမှ မိမိကဏ္ဍကို သရုပ်ပြရန် မိမိအဖွဲ့တွင်းတွင် တာဝန်များခွဲဝေပြီး သင်တန်းသားများအားလုံးရှေ့သရုပ်မဖော်ခင်ကြိုတင်ပြင်ဆင်ရမည်ဖြစ်သည်။

**၂။ အဖွဲ့ ကဏ္ဍအလိုက် သရုပ်ပြခြင်းနှင့် ကဏ္ဍအလိုက်သရုပ်ပြခြင်း အသီးသီး အပေါ်အပြန်အလှန်ဆွေးနွေးခြင်း ။**

သင်ကြားချိန် ၅၀ မိနစ်

ပြုလုပ်ပုံ
- သင်တန်းဆရာမှ သင်တန်းသားများနှင့်အတူ မဲရုံပုံစံ ပြင်ဆင်မည်။
- အဖွဲ့စီတိုင်းမှ မိမိတို့ အခန်းကဏ္ဍကို သရုပ်ပြမည်။
- သရုပ်ပြ အစီစဉ်တစ်ခုပြီးတိုင်း သင်တန်းဆရာမှ ဆွေးနွေးခြင်းအား ဦးဆောင်ပြီး အကြံပြုချက်နှင့် မေးခွန်းများကို တောင်းခံပါ။
- ကဏ္ဍအလိုက် သရုပ်ပြခြင်းများအားလုံး ပြီးစီးသည့်နောက် လွန်ခဲ့သည့်နေ့မှ သင်ခန်းစာများနှင့်ဆက်နွယ်ကာ ကဏ္ဍအလိုက်သရုပ်ပြခြင်းများအပေါ် သင်တန်းဆရာမှ အကြံပြုချက်တစ်ချို့ ပေးရမည်။

**သင်တန်းဆရာ သတိပြုရန်၊ အခြေခနေပေါ် မူတည်၍ အချိန်ကို လိုအပ်သလို ချိန်ညှိနိုင်သည်။**

## သင်ခန်းစာလမ်းညွှန်

အဖွဲ့လိုက် သရုပ်ပြခြင်းအတွက် သရုပ်ပြကဒ်များ

သရုပ်ပြ ၁

• စားပွဲများ၊ ခုံများ၊ မဲပုံး၊ မဲစာရွက်၊ တံဆိပ်ခေါင်းတစ်ခုနှင့် မဲပေးသည့်နေရာများ ပါရှိသည့် မဲရုံကို တစ်ခုကို ပြင်ဆင်ပါ။

• ပါတီတစ်ခုခု၏ ပိုစတာအချို့ မဲရုံမှ မြင်နိုင်အောင်ထားပါ။ (လှုံ့ဆော်ပွဲနေ့များမှ လက်ကျန်များ)

• နာရီကို နံနက် ၆ နာရီတွင် ချိန်ထားပါ။ မဲရုံတာဝန်ခံများ အဖွဲ့ မဲရုံအတွင်းသို့ ဝင်ပါ။

• မဲရုံတာဝန်ခံမှ မဲရုံကို ဖွင့်သည်။

• မဲထည့်ရမည်ပုံစံကိုရှင်းပြပါ။ (စားပွဲခုံများနှင့် စာပွဲခုံတစ်ခုစီတွင် မဲပေးသူများ လုပ်ရမည့်အရာကို ညွှန်ပြပါ) အဖွဲ့မှ မဲရုံမှူး ၁ ဦး၊ မဲရုံတာဝန်ခံ ၃ ဦးနှင့် လေ့လာစောင့်ကြည့်သူ ၁ ဦး ကိုရွေးချယ်ပါ။ (ပထမ တာဝန်ခံမှ မဲပေးသူများ၏ နိုင်ငံသားမှတ်ပုံတင်ကဒ်။ မဲဆန္ဒရှင် သက်သေခံလက်မှတ်တို့ကို စစ်ဆေးပါ။ ဒုတိယတာဝန်ခံမှ မဲစာရွက်အားပေးပါ။ ထို့နောက် ထပ်ဆင့်မဲပေးခြင်းကိုကာကွယ်ရန် တတိယတာဝန်ခံမှ မဲပေးပြီးသောသူများ၏ လက်ချောင်းကိုမင်ဖြင့် သုတ်ပေးပါ။ လေ့လာစောင့်ကြည့်သူမှ တာဝန်ရှိသူအသီးသီး မိမိတို့တာဝန်ကိုလှည့်ဖြားခြင်းမရှိဘဲ မှန်မှန်ကန်ကန် လုပ်ဆောင်နေကြောင်း လေ့လာစောင့်ကြည့်ရမည်)။

 မဲရုံတာဝန်ခံများအဖွဲ့သည် နံနက် ၅း ၅၅ နာရီ နောက်ဆုံးရောက်ရှိကြသည်။ မဲပုံးများ၊ မဲစာရွက်များ UEC တံဆိပ်ခေါင်းများ ပါမပါနှင့် အခြား အထောက်ကူပစ္စည်းများ စစ်ဆေးခြင်း အစရှိသည့် ပြင်ဆင်မှုများမပြုလုပ်ဘဲ မဲရုံဖွင့်လှစ်ကြောင်းကြေငြာကာ ၎င်းတို့မှ မဲပေးခြင်းလုပ်ငန်းစဉ်ကို စတင် လုပ်ကိုင်သည်။

 ပါတီတာဝန်ခံများနှင့် လေ့လာစောင့်ကြည့်သူများအား

ကြိုတင်မဲရလဒ်ကို ပြသည်။

 ပထမဆုံးမဲပေးသူသည် အသက် ၃၀ ဝန်းကျင်ဖြစ်ကာ အမျိုးသား။ အမျိုးသမီးဖြစ်သည်။ ၎င်းသည် ၎င်းလုပ်ရမည့်အလုပ်ကို သိနေဟန်သဘောရှိသည်။ ၎င်းသည် စားပွဲခုံသို့သွား၍ ၎င်း၏ နိုင်ငံသားမှတ်ပုံတင်ကဒ်။ မဲဆန္ဒရှင် သက်သေခံလက်မှတ်အားပြပြီး မဲထည့်သည့်အခန်းတွင်းသို့ ဝင်သွားသည်၊ ၎င်းမဲအား တံဆိပ်ခေါင်းထုပြီး ၎င်း လက်ချောင်း မင်သုတ်စေပြီး ပြန်ထွက်လာသည်။

 ဒုတိယမြောက် မဲပေးသူသည် အသက် ၂၅ ဝန်းကျင်ရှိပြီး အမျိုးသား။ အမျိုးသမီး ဖြစ်သည်။ ၎င်းသည် ဇဝေဇဝါဖြစ်နေသည့် ပုံပေါက်သည်။ မဲရုံတာဝန်ခံမှ ၎င်း၏ နိုင်ငံသားမှတ်ပုံတင်ကဒ်မဲဆန္ဒရှင် သက်သေခံလက်မှတ်အား စစ်ဆေးနေချိန် “အရင်ကလိုပဲ အမှန်ခြစ်ရသလား၊ (သို့) ကျူပ် ဘယ်လို လုပ်ရမလဲ၊ တံဆိပ်မှားထိုးမိရင် ကျူပ် ဘယ်လို လုပ်ရမလဲ၊” စသည့် မေးခွန်းအချို့ကို မဲရုံတာဝန်ခံအား သူမေး သည်။ သင့်လျော်တဲ့ အဖြေတစ်ခုကို ထိုမဲရုံဝန်ထမ်းမှ မည်သို့ပေးသင့်သနည်း၊? သူသည် မဲပေး သည့် အခန်းတွင်းသို့သွားသည်။ သူသည် ဇဝေဇဝါ ဖြစ်နေဆဲဖြစ်သည်။

 တတိယမြောက် မဲပေးသူသည် သက်ကြီးရွယ်အို တစ်ယောက်ဖြစ်ပြီး အသက် ၆၅ ဝန်းကျင်ရှိသည်။ သူသည် အလွန်ပညာတတ်ရုပ်ပေါက်ပြီး ရပ်ရွာတွင် အရေးကြီးသည့် ရပ်မိရပ်ဖတစ်ဦးဖြစ်ကာ နိုင်ငံရေးအကြောင်း အများအပြားသိထားသူ တစ်ယောက်ဖြစ်သည်။ သို့သော် ၎င်းနောက်တွင် မဲပေးရန် တန်းစီနေသော ကလေးမလေးအား လက်ရှိအစိုးရ၏ လုပ်ဆောင်မှုနှင့်ပတ်သက်၍ ပုတ်ခက်ပြောပြနေသည်။ ၎င်းသည် မဲရုံတာဝန်ခံအား ၎င်း နိုင်ငံသားမှတ်ပုံတင်ကဒ်။မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ပြကာ မဲရုံတာဝန်ခံအား အတိတ်နိုင်ငံရေး ဇတ်လမ်းရှင်းပြနေသည်။ ၎င်းသည် မဲပေးသည့် အခန်းတွင်းသို့ သွားကာ မဲပေးပြီးပြန်ထွက်လာသည်။

□ စတုတ္ထမြောက် မဲပေးသူသည် အသက် ၁၈ ဝန်းကျင်ရှိ မိန်းကလေး တစ်ဦး ဖြစ်သည်။ သူသည် အဖိုးအိုပြောပြသည့် နိုင်ငံရေး ပုတ်ခတ်မှုကိုနားထောင်နေသောသူဖြစ်သည်။ သူမသည် စိတ် လှုပ်ရှားကာ ဇဝေဇဝါဖြစ်နေသည့် ပုံပေါက်သည်။ သူမ အလှည့်ကျလာသောအခါ သူမ အိတ်ကတ် ထဲသို့ တစ်စုံတစ်ခုနှိုက်လိုက်သည်။ သို့သော် ဘာမှမတွေ့ ။ (သူမ၏ နိုင်ငံသားမှတ်ပုံတင်ကဒ် တစ်နေနေရာတွင် ကျကျန်ရစ်သည့် ပုံပေါက်သည်။ (မဲရုံတာဝန်ခံမှ မည်သို့ တုံ့ပြန်ရမည်နည်း၊?)

□ ပဉ္စမမြောက် မဲပေးသူသည် အသက် ၅၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးဖြစ်သည်။ သူမသည် တည်ငြိမ်သည့် ပုံပေါက်သည်။ သို့သော် စာမဖတ်တတ်၊ မဲပေးပုံ အဆင့်ဆင့်ကို နားမလည်သည့် သဘောရှိသည်။ သူမသည် နိုင်ငံသားမှတ်ပုံတင်ကဒ်အား မဲရုံတာဝန်ခံထံထုတ်ပြကာ စာမဖတ် တတ်၊ မဲပေးပုံအဆင့်ဆင့်ကို နားမလည်ကြောင်းပြောသည်။ မဲရုံတာဝန်ခံမှ မည်သို့တုံ့ပြန်ရမည် နည်း၊? သူမသည် မဲပေးသည့် အခန်းတွင်းသို့ဝင်ကာ မဲပေးပြီး ပြန်ထွက်လာသည်။

□ ဆဋ္ဌမမြောက် မဲပေးသူသည်လည်း ထိုအတိုင်းပင်။ သို့သော် ဂိတ်ဝတွင် လုံခြုံရေးမှ သူ့အားဖြား ယောင်းကာ ပါတီတစ်ခုအား အတင်းအဓမ္မ မဲပေးစေသည်။

□ သတ္တမမြောက် မဲပေးသူသည်လည်း ထိုအတိုင်းပင်။ သို့သော် သူသည် အလွန်အိုမင်းကာ လမ်း မလျှောက်နိုင်၊ ညွှန်ကြားချက်များကိုလည်း မဖတ်နိုင်ပေ။ ထို့ကြောင့် သူသည် မဲရုံတာဝန်ခံများ အကူအညီလိုသည်။ ခုချိန်ထိ ပြဿနာမရှိသေးပါ။

□ မွန်းတည့်ချိန်တွင် မဲရုံတာဝန်ခံသည် အလွန်ပင်ပန်း၍ ကောင်းမွန်စွာစစ်ဆေးနိုင်ခြင်း မရှိပါ။ ထို့ကြောင့် စောင့်ကြည့်သူမှ ၎င်းအား ကူညီပေးသည်။

• အဌမမြောက် မဲပေးသူသည် အလွန်အိုမင်းသူဖြစ်ပြီး သူ့အလှည့်ကျရန် အချိန်အကြာကြီး စောင့်နေ ရသည်။ သူသည် ရပ်ရွာထဲတွင် အရေးကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပုံ ပေါက်သည်။ ပါတီတာဝန်ခံမှ သူ့ထံသွားရောက်ကာ ၎င်းပါတီကိုယ်စားလှယ်လောင်း မည်မျှကောင်းကြောင်းနှင့် အသိမိတ်ဆွေ များအား စည်းရုံးကာ ၎င်းကိုယ်စားလှယ်လောင်း မဲပေးရန်ပြောဆိုပြီး၊ ညနေခင်းချိန်တွင် လက်ဖက်ရည်သောက်ရန် ဖိတ်သည်။

• နဝမမြောက် မဲပေးသူသည် မဲရုံတွင် ချိတ်ထားသည့် မဲပေးသူများစာရင်းတွင် မိမိနာမည်မဖော်ပြ ထားကြောင်း ပြောဆိုသည်။ မဲရုံမှူးမှ မဲပေးခွင့်မပြုဘဲ ထိုသူအား ဆူငေါက်လိုက်သည်။

ညနေ ၃ နာရီသာ ရှိသော ချိန်တွင် မဲရုံမှူးမှ မဲရုံတာဝန်ခံများအား မဲရုံကိုပိတ်ရန်ညွှန်ကြားသည်။ ထို့နောက် အခြားလူများကို မဝင်စေတော့ဘဲ မဲရေတွက်ခြင်းကိုကြည့်ရန် မဲရုံတွင်းသို့ဝင်ကာ စောင့်ကြည့်သူများနှင့် ပါတီတာဝန်ခံများရှေ့တွင် မဲရေတွက်သည်။ သူသည် ၎င်းတို့အား မဲရလဒ်ကို မှတ်ယူစေသည်။ ထို့နောက် မဲရုံမှ ပြန် သွားရန် ၎င်းတို့အားပြောသည်။

မှတ်ချက်။ သရုပ်ပြရာတွင် အဖွဲ့အနေနှင့် ဇာတ်ကောင်များကို မိမိတို့အဖွဲ့တွင် ကျားမအရေတွက်ပေါ် မူတည်၍ ပြောင်းလဲနိုင်သည်။ အဖွဲ့ ဦးရေများပါက အခြားသူများကို လုံခြုံရေး၊ လေ့လာစောင့်ကြည့်သူများ၊ မဲရုံဝန်ထမ်းများနှင့် ပါတီတာဝန်ခံများအဖြစ် ဆောင်ရွက်စေပါ။

*********

သရုပ်ပြ ၂

• စားပွဲများ၊ ခုံများ၊ မဲပုံး၊ မဲစာရွက်၊ တံဆိပ်ခေါင်းတစ်ခုနှင့် မဲပေးသည့်နေရာများ ပါရှိသည့် မဲရုံကို တစ်ခုကို ပြင်ဆင်ပါ။

• ပါတီတစ်ခုခု၏ ပိုစတာအချို့ မဲရုံမှ မြင်နိုင်အောင်ထားပါ။ (လှုံ့ဆော်ပွဲနေ့များမှ လက်ကျန်များ)

• နာရီကို နံနက် ၆ နာရီတွင် ချိန်ထားပါ။ မဲရုံတာဝန်ခံများ အဖွဲ့ မဲရုံအတွင်းသို့ ဝင်ပါ။

• မဲရုံတာဝန်ခံမှ မဲရုံကို ဖွင့်သည်။ (ခဏလေးအတွင်း)

• မဲထည့်ရမည်ပုံစံကိုရှင်းပြပါ။ (စားပွဲခုံများနှင့် စာပွဲခုံတစ်ခုစီတွင်မဲပေးသူများ လုပ်ရမည့်အရာကိုညွှန်ပြပါ)။ အဖွဲ့မှ မဲရုံမှူး ၁ ဦး၊ မဲရုံတာဝန်ခံ ၃ ဦးနှင့် လေ့လာစောင့်ကြည့်သူ ၁ ဦး ကိုရွေးချယ်ရမည်။ (ပထမ တာဝန်ခံမှ မဲပေးသူများ၏ နိုင်ငံသားမှတ်ပုံတင်ကဒ်။မဲဆန္ဒရှင် သက်သေခံလက်မှတ်နှင့် မှတ်ပုံတင်ခြင်းကို စစ်ဆေးပါ။ ဒုတိယတာဝန်ခံမှ မဲစာရွက် အားပေးပါ။ ထို့နောက် ထပ်ဆင့်မဲပေးခြင်းကို ကာကွယ်ရန် တတိယတာဝန်ခံမှ မဲပေးပြီးသော သူများ၏ လက်ချောင်း ကို မင်ဖြင့်သုတ်ပေးပါ။ လေ့လာစောင့်ကြည့်သူမှ တာဝန်ရှိသူအသီးသီး မိမိတို့တာဝန်ကိုလှည့်ဖြားခြင်းမရှိဘဲ မှန်မှန် ကန်ကန် လုပ်ဆောင်နေကြောင်း လေ့လာစောင့်ကြည့်ရမည်)။

 မဲရုံတာဝန်ခံများအဖွဲ့သည် နံနက် ၅း ၅၅ နာရီ နောက်ဆုံး ရောက်ရှိလာသည်။ မဲပုံးများ၊ မဲ စာရွက်များ နှဃ တံဆိပ်ခေါင်းများ ပါမပါနှင့် အခြားအထောက်ကူပစ္စည်းများ စစ်ဆေးခြင်း အစရှိသည့် ပြင်ဆင်မှုများပြုလုပ်ပြီး မဲရုံဖွင့်လှစ်ကြောင်းကြေငြာကာ ၎င်းတို့မှ မဲပေးခြင်းလုပ်ငန်းစဉ် ကို စတင်လုပ်ကိုင်သည်။

 ပါတီတာဝန်ခံများနှင့် လေ့လာစောင့်ကြည့်သူများအား ကြိုတင်မဲရလဒ်ကို ပြသည်။

 ပထမမြောက် မဲပေးသူသည် မျက်မမြင်ဖြစ်ပြီး ၎င်းဆွေမျိုးများမှ ၎င်းအား မဲရုံသို့ တွဲခေါ်လာသည်။ သို့သော် သူတစ်ယောက်ထဲ ကျန်ရစ်သည်။ မဲပေးနိုင်စေရန် မဲရုံဝန်ထမ်းမှ မည်သို့ ကူညီရမည်နည်း၊?

 ဒုတိယမြောက် မဲပေးသူသည် အေးအေးဆေးဆေးဖြစ်ပြီး ယုံကြည်စိတ်ချမှု အပြည့်ရှိသည်။ မဲရုံ တာဝန်ခံသို့သွားကာ ၎င်း နိုင်ငံသားမှတ်ပုံတင်ကဒ်။မဲဆန္ဒရှင် သက်သေခံလက်မှတ်အားပြသည်။ ထို့နောက် မဲပေးသည့်အခန်း တွင်းသို့သွားသည်။ ယခုအချိန်ထိ အားလုံးကောင်းသည်။ သို့သော် နှလုံးရောဂါကြောင့် သူလဲကျ သွားကာ သေဆုံးသွားသည်။ မဲရုံဝန်ထမ်းမှ ဤဖြစ်ရပ်အား မည်သို့ကိုင်တွယ်ရမည်နည်း၊?

 တတိယမြောက် မဲပေးသူသည် ပုံမှန်အနေထားရှိသည်။ သူသည် စစ်ဆေးသည့် စားပွဲခုံသို့ ယုံကြည်စိတ်ချစွာသွားကာ နိုင်ငံသားမှတ်ပုံတင်ကဒ်။ မဲဆန္ဒရှင် သက်သေခံလက်မှတ်အား ထုတ်ပေးသည်။ ပြဿနာ ထိုနေရာတွင် စသည်။ သူသည် မဲစာရင်းတွင် မပါဝင်ပါ။ ဤအခြေနေအား မဲရုံဝန်ထမ်းမှ မည်သို့ကိုင်တွယ်ရမည် နည်း၊?

 စတုတ္ထမြောက်မဲပေးသူသည် မသန်မစွမ်းဖြစ်ပြီး ဆွေမျိုးတစ်ဦးလိုက်ပါလာသည်။ သူမ၏ တောင်း ဆိုချက်မှာ မဲပေးသည့်နေရာသို့ သူမ၏ ဆွေမျိုးပါစေရန်ဖြစ်သည်။ သူမသည် စစ်ဆေးသည့် စားပွဲခုံသို့သွားကာ နိုင်ငံသားမှတ်ပုံတင်ကဒ်။မဲဆန္ဒရှင် သက်သေခံလက်မှတ်အားထုတ်ပြပြီး မဲစာရွက်ရယူသည်။ ထို့နောက် မဲပေး သည်။

 ပဉ္စမမြောက် မဲပေးသူသည် နားလေးနေသူဖြစ်သည်။ သူသည် မဲရုံသို့ ကိုယ်တိုက်ရောက်လာသည်။ နားလေးနေသည့် မဲပေးသူအား မဲရုံဝန်ထမ်းမှ မည်သို့ ကူညီရမည်နည်း၊?

 လေ့လာစောင့်ကြည့်သူသည် စာစောင်များကို မဲပေးသူများအား

ဂိတ်ဂဝတွင်ဝေပေးနေသည်။ စာစောင်သည် ကိုယ်စားလှယ်လောင်းတစ်ဦး၏ အကြောင်းများဖြစ်သည်။

 ဆဋ္ဌမမြောက် မဲပေးသူသည် မျက်မမြင်ဖြစသည်။ မဲပေးစေရန် ထိုသူအား ပါတီတစ်ခု၏ တာဝန်ခံ တစ်ဦးမှ တွဲခေါ်လာသည်။ မဲရုံဝန်ထမ်းမှ မည်သို့တုံ့ပြန်သင့်သနည်း၊?

 သတ္တမမြောက် မဲပေးသူသည် ငယ်ရွယ်သူဖြစ်ပြီး မည်သို့လုပ်ရမည်ကို မသိပါ။ လေ့လာစောင့် ကြည့်သူမှ သူ့အား မဲပေးပုံအဆင့်ဆင့်ကို ရှင်းပြပြီး ထိုအချိန်တွင်ပင် ပါတီတစ်ခုခုအား မဲပေးရန် တိုက်တွန်းဖြားယောင်းသည်။

 ဆဋ္ဌမမြောက် မဲပေးသူသည် ဆင်းရဲသား တစ်ဦးဖြစ်ကာ မဲပေးပုံစံ နားမလည်သော်လည်း မမေးရဲ ပေ။ ပါတီတာဝန်ခံများက ၎င်းတို့ပါတီအတွက် မဲပေးရန်မျှော်လင့်လျက် ဂိတ်ဂဝတွင် သူ့အား ကောင်းမွန်စွာ ပြောဆိုဆက်ဆံသည်။

 နဝမမြောက် မဲပေးသူသည် မဲရုံတွင်းသို့ဝင်သည်။ ထိုသူသည် မဲရုံမှူးမှ ပါတီတစ်ခု၏ အမှတ် တံဆိပ်အား ဝတ်ဆင်ထားသည်ကိုတွေ့ရသည်။ နိုင်ငံသားမှတ်ပုံတင်ကဒ်။မဲဆန္ဒရှင် သက်သေခံလက်မှတ်စစ်ဆေးခံရန် စားပွဲခုံ သို့သွားသည်။ စားပွဲခုံတွင် မဲရုံဝန်ထမ်းမှ ပါတီတစ်ခုအား မဲပေးရန် သူ့အားပြောသည်။

 ဒသမမြောက် မဲပေးသူအား မဲရုံတွင် ပါတီတာဝန်ရှိသူမှ လျှို့ဝှက်စွာ စာအိတ်တစ်အိတ် ပေးသည်။ သူသည် အလွန်ပျော်နေသည့် အနေထားရှိပြီး တစ်ဘက်တွင် စိုးရိမ်စိတ်ဖြင့် မဲရုံ ပတ်ဝန်းကျင်ကို ပျေ့ကြည့်သည်။ အားလုံးကိုယ်စီ အလုပ်ရှုပ်နေသဖြင့် မည်သူမျှ သတိမထားမိပေ။

 နောက်ဆုံးမဲပေးသူသည် လျှို့ဝှက်မဲပေးခန်းမှ ထွက်လာသောအခါ မဲလက်မှတ်အား မဲပုံးထဲသို့ မထည့်ပဲ ထွက်လာသည်ကို မဲရုံလုံခြုံရေး ဆောင်ရွက်သူမှ တွေ့ရှိသွား၍ မဲရုံမှူးအား အကြောင်းကြားလိုက်သည်။

ညနေ ၄ နာရီတွင် အချိန်တွင် မဲရုံမှူးမှ မဲရုံတာဝန်ခံများအား မဲရုံကိုပိတ်ရန် ညွှန်ကြားသည်။ ထို့နောက် မဲရုံအနီးဝန်းကျင်တွင် စစ်ဆေးကာ မဲပေးရမည့်သူများကျန်ရှိနေသေး၍ ထိုသူတို့အား မဲပေးခွင့်ပေးသည်။ အချို့ သော မဲပေးသူများကိုဝင်စေပြီး မဲရေတွက်ခြင်းကိုကြည့်ရန် မဲရုံတွင်းသို့ဝင်ကာ စောင့်ကြည့်သူများနှင့် ပါတီ တာဝန်ခံများရှေ့တွင် မဲရေတွက်သည်။ သူသည် ၎င်းတို့အား မဲရလဒ်ကိုမှတ်ယူစေသည်။ ထို့နောက် မဲရလဒ်များကို စာအိတ်တွင် ထည့်ကာ တံဆိပ်ခတ်လိုက်သည်။

မှတ်ချက်။ သရုပ်ပြရာတွင် အဖွဲ့အနေနှင့် ဇာတ်ကောင်များကို မိမိတို့အဖွဲ့တွင် ကျားမအရေတွက်ပေါ် မူတည်၍ ပြောင်းလဲနိုင်သည်။ အဖွဲ့ဦးရေများပါက အခြားသူများကို လုံခြုံရေး၊ လေ့လာစောင့်ကြည့်သူများ၊ မဲရုံဝန်ထမ်းများနှင့် ပါတီ တာဝန်ခံများအဖြစ် ဆောင်ရွက်စေပါ။)

*********

# အခန်း (၈)
# စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် တက်ကြွနိုင်ငံသား

အစိုးရနှင့် နိုင်ငံရေးသမားများနှင့်ပတ်သက်၍ နိုင်ငံသားတက်ကြွလှုပ်ရှားမှုနှင့် စောင့်ကြည့် ခြင်းတို့သည် ဒီမိုကရေစီ၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်ပေသည်။ ဒီမိုကရေစီစနစ်တွင် အာဏာသည် ပြည်သူလူထု၏ လက်ဝယ်တွင် ထားရှိခြင်းဖြစ်ရာအစိုးရသည် ပြည်သူတို့၏ သဘောထား များနှင့် ဆန္ဒများကိုကိုယ်စားပြုနေကြောင်း ကြပ်မတ်ခြင်းသည် ပြည်သူတို့ တာဝန်ဖြစ်ပေသည်။ ပြည်သူ လူထုမှ စောင့်ကြည့်ကြပ်မတ်ခြင်းသည် အရေးပါသောအရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်း သည်-

၁။ အစိုးရမှ နိုင်ငံသားများအတွက် မည်သည့်အရာများ ပြုလုပ်ပေးနေသည်၊ မည်သည့်အရာများ ချန်လပ်ထားသည် စသည်ကိုအသိအမြင် ပို၍ တိုးတက်စေပါသည်။

၂။ နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပါဝင်မှုကို တိုးတက်စေပြီးရေရှည်တန့်စေပါသည်။

၃။ အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် ပြန်လည်ဖြေကြားနိုင်မှုကိုတိုးတက်စေပါသည်။

၄။ ဒီမိုကရေစီစနစ်အောင်မြင်အောင် ကူညီဆောင်ရွက်ပေးပါသည်။

ရည်ရွယ်ချက်

နိုင်ငံသားများအနေနှင့် မိမိတို့အစိုးရနှင့် လွှတ်တော်အမတ်များအား စောင့်ကြည့်ကြပ်မတ်ရာတွင် အဘယ့်ကြောင့် တက်ကြွသင့်သည်ကိုနားလည်ရန်။

နိုင်ငံသားများအနေနှင့် မိမိတို့အစိုးရနှင့် လွှတ်တော်အမတ်များအား စောင့်ကြည့်ကြပ်မတ်ရာတွင် မည်သို့ တက်ကြွလှုပ်ရှားရမည်ကို နားလည်ရန်။

## သင်ကြားနည်းစနစ်

တင်ဆက်ခြင်း

အဖွဲ့ငယ် ဆွေးနွေးခြင်းနှင့်

အပြန်အလှန်ဆွေးနွေးခြင်း

## လိုအပ်သော ပစ္စည်းများ

သရုပ်ပြကဒ်များ ၊ ဆရာလမ်းညွှန်

## သင်ကြားချိန်

(၆၀) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**၁။ အစပျိုး၊ ဦးနှောက် မှန်တိုင်းဆင် ။**

> သင်ကြားချိန် ၅ မိနစ်

- ကိုယ်စားလှယ်လောင်းများအား ရွေးကောက်တင်မြှောက်ပြီးအစိုးရတွင် ၎င်းတို့တာဝန်ယူဆောင်ရွက်နေစဉ် မိမိတို့၏ မမျှော်မှန်းချက်ကိုသင်တန်းသားများအားမေးပါ။
  - မိမိထောက်ခံသောကိုယ်စားလှယ်လောင်းသည် လွှတ်တော်တွင် နေရာရရှိပါက ၎င်းအနေနှင့် မည်သည့်အရာအားလုပ်ပေးစေရန် သင်မျှော်မှန်းသနည်း?
  - မည်သည့် အချက်များအရ လွှတ်တော်အမတ်တစ်ဦး၏ အောင်မြင်မှုကို တိုင်းတာရမည်နည်း?
- သင်ကြိုက်နှစ်သက်သောကိုယ်စာလှယ်(များ)မှ ၎င်း၏ ကတိများကို အကောင်ထည်ဖော်နေကြောင်းသင်မည်သို့ သိရမည်နည်း?

- ပြုလုပ်ပုံ - ဦးနှောက်မုန်တိုင်းဆင်ခြင်း/မိတ်ဆက်ဆွေးနွေးခြင်းကို ရိုးရိုးလေးဦးဆောင်ပါ။ ဤမေးခွန်းများကိုမေး၍ အဖြေများကိုဦးဆောင်ပါ။ ဤကဏ္ဍတွင် အချိန်အများအပြားမယူပါနှင့်။ သင်တန်းခေါင်းစဉ်ကိုစတင်ရန်အတွက်သာဖြစ်သည်။

**၂။ ပို့ချခြင်း ။**

> သင်ကြားချိန် ၁၀ မိနစ်

- ပြုလုပ်ပုံ - သင်တန်းဆရာမှ အောက်ဖော်ပြပါ သင်ကြားပို့ချရန် အောက်တွင်ညွှန်းဆိုထားသည့်အတိုင်း ပြုလုပ်ရမည်။
- **လိုအပ်သောပစ္စည်း** - ဆရာလမ်းညွှန် စာအုပ်များ

## သင်ခန်းစာလမ်းညွှန်

### မိမိတို့၏ နိုင်ငံရေးသမားအား မည်သို့စောင့်ကြည့်ကြပ်မတ်ရမည်ကို သင်ကြားရန် ဆွေးနွေးရမည့် အချက်များ

ပုံပြင် အတိုလေးတစ်ပုဒ်ဖြင့် အစပြုပါ။ ဒေါ်စူရှီးလာ သည် အိန္ဒိကျေးလက်ဒေသတစ်ခုမှ ကလေး ၃ ယောက် အမေဖြစ်ပြီးအတန်းပညာ မရှိသည့် သူတစ်ဦးဖြစ်သည်။ သူမ သည် အဘယ့်ကြောင့် သူမ၏ အစိုးရအားစောင့်ကြည့် ကြပ်မတ်ရန် စိတ်ပြင်းထန်နေသည်ကိုသတင်းသမားတစ်ဦး ကသူ့အားမေးရာတွင်၊ သူမက “ကျွန်မက ကျွန်မကလေးကို ပိုက်ဆံ ၁၀ ပေးပြီး

ဈေးဝယ်ဖို့လွှတ်လိုက်ရင် သူပြန်လာတဲ့ အချိန် ငွေလက်ခံဖြတ်ပိုင်းပါ ပြန်ယူလာဖို့ မှာလေ့ရှိတယ်။ အဲလိုပဲအစိုးရအနေနဲ့ ကျွန်မပိုက်ဆံကိုအသုံးပြုတဲ့နေရာမှာ အဲဒီ အသုံးစာရိတ်နဲ့ပတ်သက်လို့ အစီရင်ခံစာတစ်ခု ကျွန်မ မှာ တောင်းပိုင်ခွင့်ရှိတယ်။”

ဒီမိုကရေစီစနစ်တွင်၊ အာဏာသည် ပြည်သူလူထု ၏ လက်ဝယ်တွင်ရှိသည်။ မိမိတို့အနေနှင့် မိမိတို့ အကျိုး အမြတ်နှင့် ဆန္ဒများကိုအကောင်းဆုံး အကောင်အထည်ဖော် ပေးမည်ဟုယူဆရသော နိုင်ငံရေသမားများကို ရွေးကောက် တင်မြှောက်ကြပါသည်။ သို့သော်၊ ဒီမိုကရေစီသဘောအရ အာဏာသည် အစိုးရတွင် မရှိဘဲ ပြည်သူလူထုတွင်သာ ရှိသောကြောင့် နိုင်ငံရေးသမားများအနေနှင့် ကတိအတိုင်း လုပ်ဆောင်နေခြင်း ရှိမရှိ စစ်ဆေးရန် ပြည်သူလူထုတွင် တာဝန်ရှိပြီးလိုအပ်ပါက ပြန်လည်ပြင်ဆင်မှုများကိုတောင်းဆို ရမည်ဖြစ်သည်။ ရွေးကောက်ပွဲကာလတွင် ပေးခဲ့သော ကတိများကိုမိမိတို့ ကိုယ်စားလှယ်များနှင့် အစိုးရမှ အမှန် တကယ် အကောင်အထည်ဖော်နေစေရန် စောင့်ကြည့် စစ်ဆေးရမည်မှာ ပြည်သူလူထု၏ တာဝန်ဖြစ်သည်။

နိုင်ငံရေသမားများနှင့် အစိုးရအပေါ် စောင့်ကြည့် ကြပ်မတ်ခြင်းလုပ်ငန်းကိုလေ့ကျင့် လုပ်ကိုင်ခြင်းအားဖြင့် နိုင်ငံသားများသည် ဒီမိုကရေစီအားပို၍ ခိုင်မာစေရန် ပြုလုပ် နေခြင်းဖြစ်သည်။ နိုင်ငံသားအခြေပြု စောင့်ကြည့်ကြပ်မတ်ခြင်း၊ သတင်းပို့ခြင်းနှင့် လှုပ်ရှားမှုများသည် အင်အားကြီး မားသော ပြုပြင်ပြောင်းလဲရေးအင်အားတစ်ခု ဖြစ်သည်။ ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်နှင့် ပြည်သူလူထု၏ လူမှုဘဝ အဆင့်တန်းများကိုလည်းတိုးတက်ပြောင်းလဲစေနိုင်ပါသည်။

ယခုအချိန်သည် ရွေးကောက်ပွဲအပြီး ၂၀၁၆ နှစ်လယ်ဟုယူဆပါ၊ ထို့နောက် မိမိတို့တွင် ခေါင်ဆောင်သစ် များနှင့် အစိုးရသစ်ရှိသည်ဟုမှတ်ယူပါ။ မိမိကိုယ်စားလှယ်လောင်းအရွေးခံရသည်ဖြစ်စေ မခံရသည်ဖြစ်စေမိမိတို့ အစိုးရ

နှင့် နိုင်ငံရေးသမားများအနေနှင့် လှုံ့ဆော်ပွဲကာလတွင် ၎င်း
တို့ပေးခဲ့သောကတိများကို အကောင်အထည်ဖော်ခြင်း ရှိမရှိ
လေ့လာစောင့်ကြည့်ပိုင်ခွင့် မိမိတို့တွင်ရှိသည်။ ၎င်းတို့အနေ နှင့် ပေးထားသည့်
ကတိအတိုင်းလုပ်ဆောင်နေခြင်း မရှိပါက မိမိအနေနှင့် ထောက်ပြပိုင်ခွင့်ရှိပြီး
အပြုသဘောဖြင့် အကြံ ဉာဏ်ပေးကာ ပြောင်းလဲစေနိုင်သည်။

မိမိတို့၏ နိုင်ငံရေးသမားများနှင့် အစိုးရအားမည်သို့
စောင့်ကြည့်ကြပ်မတ်နိုင်မည်နည်း၊ ပထမပိုင်းတွင် ဤ အချက်သည်
စိန်ခေါ်မှုတစ်ခုအလား ဖြစ်နေပေမည်။ သို့သော် ဤအချက်ကိုလုပ်ဆောင်ရန်
နည်းလမ်းများစွာ ရှိပေသည်။ ဥပမာ -

- သတင်းများနာထောင် (သို့) ဖတ်ခြင်း
- လူထုအစည်းအဝေးတက်ရောက်ခြင်း
- ရွေးကောက်ခံအရာရှိထံသို့ စာရေးခြင်း
- ကျေးရွာရှိပြဿနာအား ရွာသူကြီးထံပြောပြခြင်း
- မိမိတို့၏ ကိုယ်စားလှယ်များလွှတ်တော်တွင် ပါဝင် မှုနှင့်
မဲပေးခြင်းတို့ကိုလေ့လာစောင့်ကြည့်ခြင်း

နည်းလမ်းများစွာ ရှိပါသေးသည်။ သရုပ်ပြ ဥပမာ များဖြင့် မိမိတို့
နိုင်ငံရေးသမားနှင့် အစိုးရအားမည်သို့ စောင့်
ကြည့်ကြပ်မတ်ရမည်ကိုမိမိတို့လေ့ကျင့်ကြမည်ဖြစ်သည်။

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

**၃။ သရုပ်ပြခြင်း (ပြုလုပ်ပုံ)။**

- ပြုလုပ်ပုံ - သင်တန်းသားများအားအဖွဲ့ ၅ ဖွဲ့ခွဲပါ။ သင်တန်းသားများအားအောက်ဖော်ပြပါ သရုပ်ပြကွက်များကိုမိမိတို့ စားပွဲများတွင် ပြုလုပ်နိုင်းပါ။ စောင့်ကြည့်ကြပ်မတ်သည့် နည်းလမ်းများရရှိအောင် ဦးနှောက်မုန်တိုင်းဆင်ပေးပါ။
- **လိုအပ်သောပစ္စည်း** - အဖွဲ့ စီတိုင်းအတွက် သရုပ်ပြကဒ် (အောက်ဖော်ပြပါ စာသားများအပါအဝင်)၊ အဖွဲ့ စီတိုင်းမှ စိတ်ကူးပုံဖော်မှုများအားရေးချမှတ်သားထားရန် စာရွက်။

သင်ကြားချိန်
၄၀ မိနစ်

## သင်ခန်းစာလမ်းညွှန်

### အဆင့် ၁၊

သင်တန်းသားများအားအဖွဲ့ ၅ ဖွဲ့ ခွဲလိုက်ပါ။ သရုပ်ပြကဒ်များအားအဖွဲ့တိုင်းကို ဝေပေးပါ။ နိုင်ငံရေးအရ ပါဝင်နိုင်ရန် နှင့်တက်ကြွသည့်နိုင်ငံသားများဖြစ်ရမည်ဟူသောရည်ရွယ်ချက်ကိုစိတ်တွင်ထားရှိကာ ပြဿနာအတွက်အဖြေနည်းလမ်းများ ရရှိရန် ဦးနှောက်မုန်တိုင်းဆင်ရန် ၎င်းတို့အားပြောပါ။ ဦးနှောက်မုန်တိုင်းဆင်ရန်နှင့် အဖွဲ့လိုက်ဆွေးနွေးခြင်းအတွက် အချိန် ၂၀ မိနစ်။

### အဆင့် ၂၊

အဖွဲ့ အသီးသီးကို ပြန်ခေါ်ပြီး အဖွဲ့တိုင်း၏ သရုပ်ပြကွက်နှင့်အဖြေများကိုတင်ဆင်စေပါ။ တစ်ဖွဲ့လျှင် ၂ မိနစ်စီ တင်ဆက်စေပြီး ဆွေးနွေးခြင်းနှင့်အကြံပေးခြင်းများရှိမည်။ အောက်ဖော်ပြပါ ဆရာလမ်းညွှန်အတွက်ဖော်ပြထားသည့် အကြံပြုချက်များကိုအသုံးပြု၍ သင်တန်းဆရာမှ အဖွဲ့အသီးသီး၏လုပ်ဆောင်ရမည့်အချက်များနှင့် ပတ်သက်သည့် ဦးနှောက် မုန်တိုင်းဆင်ခြင်းကိုအကြံပြုပေးမည်။

## သရုပ်ပြကွက်များ

လွှတ်တော် အမတ်တစ်ဦးသည် လွှတ်တော်တွင် အိပ်နေသည်။ ရံဖန်ရံခါသာမဲပေးသည် (သို့) ဂရုစိုက်သည်။ မိမိမဲဆန္ဒနယ်မှပြည်သူများနှင့် ရံဖန်ရံခါပြောဆိုဆက်ဆံသည်။

ပြီးခဲ့သည် ရွေးကောက်ပွဲတွင် သင်သည် ထို လွှတ်တော်အမတ်အားမဲပေးခဲ့သည်။ ၎င်း၏ လှုံ့ဆော်ပွဲများ တွင်၊ ၎င်းမှ အလုပ်အကိုင် အခွင့်အလမ်းများကို ဖော်ဆောင် ပေးမည့်မူဝါဒများ ချမှတ်မည်ဖြစ်ကြောင်းနှင့် မိမိတို့ ပြည်နယ် တွင် အနိမ့်ဆုံးလုပ်အားခ။ လစာတိုးမြှင့်ပေးရန် လုပ်ဆောင် ပေးမည်ဖြစ်ကြောင်းကတိပေးခဲ့သည်။ သို့သော် ၎င်းအား ရွေး ကောက်တင်မြှောက်ပြီးကတည်းကသူသည် ပြည်သူလူထုနှင့် တွေ့ဆုံမှုမရှိပေ။ လွှတ်တော်တက်ချိန်များ၌ အိပ်ပျော်နေ သည်ကိုသာ္ဖ ပေါ်တွင် ၎င်းအားတွေ့ရပြီး၊ ကျန် အချိန် များတွင် ၎င်းသည် အဆင့်မြင့်လောင်းကစားရုံများတွင် အချိန် ဖြုန်းခြင်းနှင့် နိုင်ငံခြားအပန်းဖြေစခန်းများတွင်သာ တွေ့ရ သည်။ အလုပ်အကိုင် အခွင့်အလမ်းများအနည်းငယ်သာရှိကာ လုပ်ခလစာများမှာလည်း နိမ့်ကျနေဆဲပင် ဖြစ်သည်။

လွှတ်တော်အမတ်တစ်ဦးသည် ၎င်းကိုယ်ရေး ကိုယ်တာကိစ္စများအတွက် ခရိုနီလုပ်ငန်းတစ်ခုမှ ပိုက်ဆံရရှိ ထားကြောင်း တိုင်ကြားခြင်းခံရသည်။

သင်သည် လွှတ်တော်အမတ်တစ်ဦး၏ အိမ်နား တွင်နေသည်။ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ထိုအမတ် အတွက် သင်မဲပေးခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီ ၎င်းထံတွင် ကားတစ်စီးသာရှိပြီးနောက် ၂ နှစ် ခန့်အကြာယခုအချိန်တွင် ဇိမ်ခံအား ၃ စီးနှင့် အိမ် ၂ လုံးပိုင်ဆိုင်ထားသည်။ သင်သည် လွှတ်တော်အမတ် တစ်ဦး၏ လစဥ် လစာ၊ လစာအပြင် မည်

သည့်ကြားပေါက်မှမည်မျှရသည်ကိုသင်မသိပါ။ သင်သည် သင်ကြိုက်နှစ်သက်ခဲ့သော ကိုယ်စားလှယ်နှင့် ပတ်သက် သည့် သတင်းအချက်လက်များမည်သို့ရရှိနိုင်မည်၊ ၎င်း၏ ဝင်ငွေအား မည်သို့ စောင့်ကြည့်ကြပ်မတ်ရမည်ကို စဉ်းစားနေ သည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနှင့် ခရိုနီလုပ်ငန်းတစ်ခုမှ ပိုက်ဆံလက်ခံရန် ခွင့်ပြုမပြုကိုစဉ်းစား နေသည်။

အစိုးရ စီမံကိန်းလုပ်ငန်းတစ်ခုမှ သင့်ရွာထဲသို့ လာရောက်ကာ ၎င်းတို့၏ အမှိုက်များကိုသင့်အိမ်နောက်ဖေးရှိ မြစ်ထဲသို့ စွန့်ပစ်သည်။

သင့်မိသားစုသည် အဝတ်များ လျှော်ဖွတ်ရန် ဤ မြစ်အားမှီခိုပြီးသင်ကလေးများ မြစ်ထဲတွင် ကစားလေ့ရှိ သည်။ယခုသင်သည် ထိုမြစ်ရေသုံးစွဲ၍ မရ အလွန်ညစ်ပတ် ကာ ကလေးများကိုလည်း ဖျားနာစေသည်။ သီးနှံစိုက်ပျိုးမှုနှင့် တံငါလုပ်ငန်းအတွက် ဤမြစ်ရေကိုမှီခိုနေရသောအခြားရွာ သားများမှာလည်း ကောက်ပဲသီးနှံများနှင့် ငါးများသေကြေ ပျက်ဆီးကုန်၍ မလုပ်ကိုင်နိုင်တော့ပါ။ သင်ဘာလုပ်ရမည် နည်း၊?

သင်အိမ်ရှေ့ လမ်းမကြီးသည် ပျက်စီးလျှက်ရှိပြီး မည်သူမျှ ဂရုပြုပုံမပေါ်။

သင်သည် လမ်းမကြီးနံဘေးတွင် နေထိုင်ပြီး လမ်း အခြေနေသည် အမြဲတမ်းဆိုးရွားနေသည်။ ချိုင့်များပေါက် များနှင့် မိုးရာသီတွင် ရေဝပ်လေ့ရှိသည်။ လမ်းပြုပြင်မှုများ ပြုလုပ်သော်လည်း ကြာရှည်ခံမှုမရှိပေ။ သင့်သည် မိမိ ပြည်နယ်တွင် ပိုက်ဆံမည်မျှရှိသည်။ အခြေခံအဆောက်အဦး အတွက် ပိုက်ဆံမည်မျှ အသုံးပြုသည်ကိုစဉ်းစားနေသည်။ သင် ဘာလုပ်နိုင်သနည်း၊?

မိမိတို့မြို့ ပညာရေးစနစ်အတွက် လုံလောက် သောငွေကြေးသုံးစွဲထားကြောင်း သင်ယုံကြည်မှုမရှိပေ။

ကျောင်းအခြေနေသည် စုတ်ယုတ်နေသည်။ ကျောင်းဆရာ။မများသည်

စာသင်ခန်းတစ်ခန်းတွင် ကလေး ဦးရေ ၆၀ ကျော် သင်နေရပြီးဆရာ။ မများသင်ကြားနိုင်စေရန် ထောက်ပံ့မှုများ မရှိပေ။ မိမိတို့ ဒေသပညာရေးစနစ်အတွက် အစိုးရမှ လုံလောက်သောငွေကြေးအင်အားသုံးစွဲထားခြင်းမရှိ ကြောင်း သင်စဉ်းစားမိသည်။ ပိုက်ဆံမည်မျှကျပြီးမည်သို့ အသုံးပြုသည်နှင့် မိမိတို့ ပညာရေးစနစ် အခြေအနေများ တိုးတက်စေရန် နောက်ထပ်မည်မျှကုန်ကျရမည်ကို သင် သိ ချင်သည်။

**သင်ကြားပုံနည်းလမ်း အဆင့်ဆင့်**

**၄။ နိဂုံး/ဆွေးနွေးခြင်း။**

- ပြုလုပ်ပုံ - သင်တန်းဆရာမှ အဖွဲ့များအား ပြန်ခေါ်ကာ ၎င်းတို့၏ အတွေ့အကြုံ၊ ၎င်း သင်ယူခဲ့သည့်အရာ၊ စိန်ခေါ်မှုများကိုဆွေးနွေးကာအောက်ဖော်ပြပါ အဓိက အချက်များဖြင့် အဆုံးသတ်ပါ။
- **လိုအပ်သောပစ္စည်း** - ဆရာလမ်းညွှန်

**သင်ကြားချိန်**
**၅ မိနစ်**

## သင်ခန်းစာလမ်းညွှန်

### ဆွေးနွေးရန် အဓိကအချက်များ၊

• လေ့ကျင့်ခန်းများကို ပြင်ယောင်လာအောင် သင်တန်းသားများအားမေးပါ။ ၎င်းတို့ အစိုးရအား စောင့်ကြည့်ကြပ်မတ်ရန် ၎င်းတို့မှ စမ်းသစ်တီထွင် ထားသောမည်သည့် နည်းလမ်းများရှိသည်နည်း၊ မည်သည့် စိန်ခေါ်မှုမျိုးရှိသနည်း၊

နိဂုံးချုပ်တွင် သင်တန်းဆရာမှ အောက်ဖော်ပြပါ အကြောင်းa အချက်များကိုပြောပြကာ အဆုံးသတ်ပါ။

• မိမိတို့ ခေါင်းဆောင်များနှင့် အစိုးရအားစောင့်ကြည့်ကြပ်မတ်ရန်အတွက် အသုံးပြုရန် သတင်း အချက်အလက် ရင်းမြစ်များများစွာရှိပါသည်။

• Margeret Mead ဆိုသူအမေရိကန် မနုဿဗေဒ ပညာရှင်ကပြောသည်မှာ “အမြော်မြင်ကြီးပြီး ဇောက်ချလုပ်ကိုင်တတ်သော လူနည်းစုတစ်ခုမှ ကမ္ဘာကြီးကိုပြောင်းလဲစေနိုင်ကြောင်းကို သံသယ မဖြစ်ပါနှင့်၊ အမှန်စင်စစ် ဤအချက်သာလျှင် တည်ရှိတည်မြဲသောအရာဖြစ်သည်။”

• ပြောင်းလဲမှုဆိုသည်မှာမိမိတို့ကဲ့သို့ လူများမှ နှိုးဆော်ကာတောင်းဆိုမှသာ ဖြစ်ပေါ်လာမည်ဖြစ်ပြီး ကြိုး စားအားထုတ်ကာ ရယူရမည်ဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတွင် မိမိတို့သည် သမိုင်း၏ လမ်းကွေ့ တစ်ခုတွင် စိုက်ရောက်နေပြီးအချိန်အခါ မိမိတို့ နှိုးဆော်ကာ ထိုပြောင်းလဲမှုကို တောင်းဆိုရမည်ဖြစ် ပြီး အရယူရမည်ဖြစ်သည်။

• မိမိတို့ အစိုးရနှင့် နိုင်ငံရေးသမားများအား စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် သုံးသပ်ခြင်း၊ လမ်းစဉ်များ အပေါ် မိမိတို့အားလုံအနေနှင့် တိုးတက်ကောင်း မွန်စေရန် အကြံပြုခြင်းများသည် မိမိတို့ ဒီမိုကရေစီ စနစ်နှင့်မိမိတို့အစိုးရတွက် မိမိတို့တာဝန်ဖြစ်သည်။ နည်းလမ်းများစွာအသုံးပြု၍ စောင့်ကြည့်ကြပ်မတ် နိုင်ပါသည်။ သို့သော် အရေးကြီးသည့် အချက် များမှာ -

(၁) မိမိ၏ ကိုယ်စားလှယ်ကိုစောင့်ကြည့်ပါ။

(၂) မိမိ၏ လွှတ်တော်ကိုယ်စားလှယ်အား မည်သို့ ဆက်သွယ်ရမည်ကိုသိပါ။

(၃) လူမှုအသိုင်းအဝိုင်း လှုပ်ရှားမှုနှင့် ဆွေးနွေးပွဲ များတွင် ပါဝင်ပါ။

(၄) အမှားတစ်စုံတစ်ခုမြင်လျှင် တစ်ခုခုပြောပါ။

*********

# အခန်း (၉)
# တစ်ဦးချင်းစီအတွက် လုပ်ငန်းစဉ်များ ရေးဆွဲခြင်း
# (Developing Individual Action Plan)

## ရည်ရွယ်ချက်

လုပ်ငန်းစဉ်ချမှတ်ခြင်းဆိုင်ရာ သဘောတရားကို နားလည်ရန်

စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် နိုင်ငံရေးတွင် ပါဝင်ခြင်းဆိုင်ရာ မိမိလုပ်ငန်းကို ရေးဆွဲတတ်စေရန် (Develop own action plan in regards to monitoring and engaging in politics)

## သင်ကြားနည်းစနစ်

တင်ဆက်ခြင်း

တစ်ဦးချင်းစီ လေ့ကျင့်ခြင်း

အဖွဲ့လိုက် လေ့ကျင့်ခြင်းနှင့်

အဖွဲ့လိုက်ဆွေးနွေးခြင်း

## လိုအပ်သော ပစ္စည်းများ

ပုံဆွဲခြင်း၊ Flipcharts များနှင့် Marker Pens၊

## သင်ကြားချိန်

(၉၀) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

### ၁။ တင်ဆက်ခြင်းနှင့် ဆွေးနွေးခြင်း - လုပ်ငန်းစဉ် ရေးဆွဲခြင်း။

သင်ကြားချိန် ၁၀ မိနစ်

- ပြုလုပ်ပုံ - လုပ်ငန်းစဉ်တစ်ခု၏ အဓိပ္ပါယ်၊ အောင်မြင်သည့် လုပ်ငန်းစဉ်အတွက် လိုအပ်သည့်အချက်များနှင့် တစ်ဦးချင်းလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ကို အတိုချုပ် တင်ဆက်ပေးပါ။
- **လိုအပ်သောပစ္စည်း** - ပါဝါပွိုင့် တင်ဆက်ခြင်း

### ၂။ တစ်ဦးချင်းလုပ်ငန်းစဉ်အား မူကြမ်းပြုစုခြင်း၊

သင်ကြားချိန် ၂၀ မိနစ်

- ပြုလုပ်ပုံ - သင်တန်းသားများအား နိုင်ငံရေးတွင် ပါဝင်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်း အတွက် တစ်ဦးချင်းလုပ်ငန်းစဉ်အားရေးဆွဲရန်ပြောပါ၊ နှစ်ခုစလုံးသည် ၂၀၁၅ ရွေးကောက်ပွဲနှင့် နောက်ဆက်တွဲအတွက် ပြင်ဆင်ခြင်း ဖြစ်ပါစေ။ လုပ်ငန်းစဉ် ရေးဆွဲသည့် အရည်ချင်းများသည်လည်းအမျိုးမျိုးသောစီမံခန့်ခွဲမှု လုပ်ငန်းစဉ် ရေးဆွဲခြင်း (သို့) ဘဝရည်မှန်းချက်များ အကောင်ထည်ဖော်ရာတွင် သင့်လျော်ပေသည်။
- **လိုအပ်သောပစ္စည်း** - မရှိ။

### ၃။ မိမိအတန်းဖော်နှင့် လုပ်ငန်းစဉ်အား အပြန်အလှန်ဆွေးနွေးခြင်း။

သင်ကြားချိန် ၂၀ မိနစ်

- ပြုလုပ်ပုံ - သင်တန်းသားများကိုစုံတွဲတွဲစေပါ (လူရောသည့် ကစားနည်းဖြင့် ပြုလုပ်နိုင်ပါသည်)။ သင်တန်းသားတစ်ဦးခြင်းစီသည် မိမိတို့၏ လုပ်ငန်းစဉ်အား မိမိတို့ လုပ်ဖော်ကိုင်ဘက်နှင့် အပြန်အလှန်ဆွေးနွေးစေပါ။ မိမိလုပ်ဖော်ကိုင်ဘက်၏ လုပ်ငန်းစဉ်တွင် အောက်ဖော်ပြပါ အချက်လက်များ ပါဝင်စေပါ။ ထို့နောက် တစ်ဦးနှင့် တစ်ဦးလုပ်ငန်းစဉ်များအပေါ် ပိုမိုကောင်းမွန်သည့် ရလဒ် များထွက်ပေါ်လာစေရန် အကြံပြုဆွေးနွေးချိန်ပေးပါ။

  က။ မည်သည့်လုပ်ငန်းများ (သို့) ပြောင်းလဲမှုများ ဖြစ်ပေါ်မည်နည်း?။

  ခ။ မည်သူမှ ဤပြောင်းလဲမှုများအားအကောင်ထည်ဖော်မည်နည်း?။

  ဂ။ မည်သည့် အချိန်တွင် ဖြစ်ပေါ်၍ မည်မျှကြာမည်

  ဃ။ နည်းလမ်း၊ ဤပြောင်းလဲမှုများ အကောင်ထည်ဖော်ရန် မည်သည့် အရင်းအမြစ်များ (ဥပမာ - ငွေ၊ ပစ္စည်း) လိုအပ်သနည်း?။

  - နားလည်လွယ်ပါသလား?။
  - အောင်မြင်နိုင်မည်လား? လက်တွေ့ကျသည့် ရည်ရွယ်ချက်လား? (အချိန်ကာလ၊ အရင်းအမြစ်များစသည်ကို စစ်ဆေးပါ)။

- **လိုအပ်သည့် ပစ္စည်း** - မရှိ

### ၄။ အတန်းအားလုံး ဆွေးနွေးခြင်း။

သင်ကြားချိန် ၂၀ မိနစ်

- ပြုလုပ်ပုံ - သင်တန်းသားများအားမိမိတို့၏ လုပ်ငန်းစဉ်မှ အကောင်းဆုံးအား အားလုံးနှင့် မျှဝေဆွေးနွေးရန် ဖိတ်ခေါ်ပါ။ ပိုမိုကောင်းမွန်သောလုပ်ငန်းစဉ်များ ဖြစ်ဖို့ရန်အတွက် အကြံပြုပေးရန် အခြားသင်တန်းသားများကိုဖိတ်ခေါ်ပါ၊ ၎င်းတို့အနေနှင့် ဤစိတ်ကူးအား ကြိုက်နှစ်သက်ခြင်း ရှိမရှိ၊ ဖြစ်နိုင် မဖြစ်နိုင် စသည်ဖြင့် ဆွေးနွေးအကြံပြုစေပါ။ ဤအတွက် အချိန်ကို တိုတိုတုတ်တုတ်ပြုလုပ်ကာ

အဓိကရည်ညွှန်းချက်များကို အလေးပေးပါ။

အောက်ပါ အချက်အလက်များ ပါဝင်မှုရှိပါသလား?

က။ မည်သည့်လုပ်ငန်းများ (သို့) ပြောင်းလဲမှုများ ဖြစ်ပေါ်မည်နည်း?

ခ။ မည်သူမှ ဤပြောင်းလဲမှုများအားအကောင်ထည်ဖော်မည်နည်း?

ဂ။ မည်သည့် အချိန်တွင် ဖြစ်ပေါ်၍ မည်မျှကြာမည်နည်း?

ဃ။ နည်းလမ်း၊ ဤပြောင်းလဲမှုများအကောင်ထည်ဖော်ရန် မည်သည့် အရင်းအမြစ်များ (ဥပမာ - ငွေ၊ ပစ္စည်း) လိုအပ်သနည်း။ မည်သို့ ဆက်သွယ်ရမည်နည်း (မည်သူကမည်သည်ကိုသိရမည်နည်း?)

- နားလည်လွယ်ပါသလား?
- အောင်မြင်နိုင်မည်လား? လက်တွေ့ကျသည့် ရည်ရွယ်ချက်လား? (အချိန်ကာလ၊ အရင်းမြစ်များစသည်ကိုစစ်ဆေးပါ)။

- **လိုအပ်သည့် ပစ္စည်း** - မရှိ

**၅။ နိဂုံး။**

- ပြုလုပ်ပုံ - သင်တန်းဆရာမှ လုပ်ငန်းစဉ် ရရှိပြီးနောက် မည်သို့လုပ်ဆောင်ရမည်ကို အတိုချုပ် တင်ပြသွားမည်ဖြစ်သည်။
- **လိုအပ်သည့် ပစ္စည်း** - မရှိ

**သင်ကြားချိန် ၁၀ မိနစ်**

## သင်ခန်းစာလမ်းညွှန်

### လမ်းညွှန်/ဆွေးနွေးရန် အချက်များ

လုပ်ငန်းစဉ်အားအဓိပ္ပါယ်ဖွင့်ခြင်း

လုပ်ငန်းစဉ်အားရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိ ရန် လမ်းဟုအဓိပ္ပါယ် ဖွင့်ဆိုနိုင်ပေသည် - အိပ်မက်တစ်ခု အား အကောင်ထည်ပေါ်လာစေရန် နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းရည်မှန်းချက်များကိုရရှိရန် နည်းဗျူဟာများကိုလည်း ဖော်ပြပေသည်။ လုပ်ငန်းစဉ်တစ်ခုတွင် မိမိတို့ လူမှုအသိုင်း အဝိုင်းတွင်ဖြစ်ပေါ်စေမည်

လုပ်ငန်းအဆင့်များ (သို့) ပြောင်း လဲစေမည် အချက်များစွာ ပါဝင်ပေသည်။

လုပ်ငန်းစဉ် အဆင့် (သို့) အပြောင်းအလဲတစ်ခုစီ တိုင်းတွင် အောက်ပါအချက်များ ပါဝင်သင့်ပေသည်၊

- What : မည်သည့်လုပ်ငန်းများ (သို့) ပြောင်းလဲမှု များ ဖြစ်ပေါ်မည်နည်း၊?

- Who : မည်သူမှ ဤပြောင်းလဲမှုများအား အကောင် အထည် ဖော်မည်နည်း၊?

- By When : မည်သည့် အချိန်တွင် ဖြစ်ပေါ်၍ မည်မျှကြာမည်၊

- What Resources : မည်သို့၊ ဤပြောင်းလဲမှုများ အကောင်ထည်ဖော်ရန် မည်သည့်အရင်းမြစ်များ (ဥပမာ - ငွေ၊ ပစ္စည်း) လိုအပ်သနည်း၊?

- Communication : ဆက်သွယ်ရေး (မည်သူက မည်သည်ကို သိရမည်နည်း၊)

အောင်မြင်သောလုပ်ငန်းစဉ်အတွက် စံနှုန်းများ

မိမိတို့ တစ်ဦးခြင်းစီ၏ လုပ်ငန်းစဉ်တွင် စံနှုန်းအများ အပြား ပါဝင်သင့်ပေသည်။

- ပြည့်စုံပါသလား၊ လူမှုအသိုင်းအဝိုင်းနှင့် သက်ဆိုင် သည့် အစိတ်အပိုင်းများအားလုံးတွင် လုပ်ငန်း အဆင့်များနှင့် ပြောင်းလဲမှုများအားလုံး ပါဝင်ပါ သလား (ဥပမာ - လူမှုအသိုင်းအဝိုင်း၊ ပြည်နယ်။ တိုင်းဒေသကြီး၊ ဗဟိုအစိုးရ)၊

- ရှင်းလင်းမှုရှိပါသလား၊ မည်သည့်အချိန်တွင် မည်သူ မှ ပြုလုပ်မည်ဖြစ်ကြောင်း ထင်ရှားမှုရှိပါသလား၊?

- လက်တလောလား၊လုပ်ငန်းစဉ်သည် လက်တ လောလုပ်ငန်းအား

ထင်ဟပ်မှုရှိပါသလား၊ အသစ် ပေါ်ထွက်လာမည့် အခွင့်အလမ်းများနှင့် အဟန့်အတားများကို ကြိုတင်မြင်ပါသလား၊?

တစ်ဦးချင်းလုပ်ငန်းစဉ် ရေးဆွဲခြင်း၏ ရည်ရွယ်ချက်

အမည်မသိစာဆိုတစ်ဦး၏ အဆိုအရ "လူများသည် ကျရှုံးရန် မပြင်ဆင်ကြပါ။ သို့သော် ပြင်ဆင်ရန် ကျရှုံးကြ သည်။" လုပ်ငန်းစဉ်တစ်ခုရေးဆွဲရခြင်း အကြောင်းရင်းများရှိ ပါသည်။

- မိမိတို့ ရည်ရွယ်ချက်များကိုရယူရန် ဇောက်ချလုပ် ကိုင် တတ်စေခြင်း
- မိမိတို့ အနေနှင့် အသေးစိတ်အချက်များမချန်လပ် မိစေရန် လုပ်ဆောင်ပေးခြင်း
- မိမိလုပ်ကိုင်ရာတွင် ဖြစ်နိုင်သည် မဖြစ်နိုင်သည်ကို နားလည်စေခြင်း
- ပိပိရိရိလုပ်ကိုင်ခြင်း - အချိန်၊ အင်အားနှင့် အရင်း အမြစ်များကို ချွေတာတတ်စေခြင်း

အပြောင်းအလဲများဖော်ဆောင်ရာတွင် အောင်မြင် စေရန် မိမိတို့တစ်သီးခြင်းစီ၏ လုပ်ငန်းစဉ်များကိုအကောင် ထည်ဖော်ရာတွင် အောက်ပါဒေသခံအဖွဲ့ဝင်များလည်း ပါဝင် သင့်ပေသည်။

- မိမိလုပ်ဆောင်မှုကြောင့် အကျိုးသက်ရောက်ခံရ သည့် ဒေသရှိ အဘက်ဘက်မှ အရေးပါသော ပုဂ္ဂိုလ်များအားလုံး (ဥပမာ - ဘာသာရေး အသိုင်းအဝိုင်း၊ ကျောင်းပညာရေးစနစ်၊ ဥပဒေ အသိုင်း အဝိုင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ စသည် ဖြင့်)
- ပြဿနာတွင် တိုက်ရိုက်ပါဝင်ပတ်သက်သူများ (ဥပမာ - သဘာဝ သယံဇာတ ထုတ်လုပ်ခြင်းအား ရပ်တန့်ရန် လုပ်ဆောင်သောလှုပ်ရှားမှုတွင် ဒေသ

ခံနိုင်ငံသားများပါဝင်နိုင်ပေသည်)။

• မိမိတို့ဒေသရှိ တိုင်းရင်းသားများနှင့် ယဉ်ကျေးမှု အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ။

• ပြဿနာ (သို့) အရေးကိစ္စတွင် စိတ်ဝင်စားသည့် မိမိသိသောသူများ။

• လူမှုအသိုင်းအဝိုင်းတွင် ပါဝင်ခြင်းမရှိသည့် လူငယ် များ (သို့) လူသစ်များ။

လုပ်ငန်းစဉ် ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် “သဲလွန်စများ” (သို့) အချက်အလက်များ

• မိမိတို့ လူမှု အသိုင်းအဝိုင်းတွင် မဲပေးသူများအခွင့် အရေးနှင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲအတွက် မိမိတို့အနေနှင့် ၎င်းတို့အားမည်သို့ အသိပညာမျှေဝ မည်နည်း၊ (အသေးငယ်ဆုံးမှ စတင်ပါ - မိသားစု၊ အိမ်နီးခြင်းစသည်ဖြင့်)။

• ရွေးကောက်ပွဲရလဒ်အရမိမိမှ မဲပေးတင်မြှောက်သူ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိတို့ မဲဆန္ဒနယ်အားကိုယ်စားပြုသည့် နိုင်ငံရေးသမား အားမည်သို့ စောင့်ကြည့်ကြပ်မတ်မည်နည်း၊

• မိမိတို့ လူမှုအသိုင်းအဝိုင်းမှ သိထားရမည့် အရေး ကိစ္စများအတွက် သင်မည်သို့ သတင်းပို့ရမည်နည်း (ဥပမာ - ဆိုးရွားသည့် လမ်းအခြေအနေများ၊ သဘာဝသယံဇာတထုတ်လုပ်မှု၊ ဒေသကုမ္ပဏီတစ်ခု မှ စွန့်ပစ်အမှိုက် စသည်ဖြင့်)

နိဂုံးချုပ်

မိမိတို့အားလုံးသည် အပြောင်းအလဲကိုဖော်ဆောင် များဖြစ်သည်။ ပြောင်းလဲမှုသည် မိမိတို့၏ အတွင်းပိုင်း သစ် လွင်ပြောင်းလဲမှုမှ မိမိကိုယ်တိုင်စတင်ပြီး လူမှုအသိုင်း အဝိုင်းတွင် ပြောင်းလဲမှု ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပါသည်။ တနည်းအားဖြင့်ဆိုသော် အခြားသူများအား ပြောင်းလဲလို လျှင်

မိမိကိုမိမိဦးစွာပြောင်းလဲရမည်ဖြစ်သည်။ လူ့အခွင့်အ ရေးကို သိနားလည်ခြင်းသည် မိမိတို့အထဲ၌ ပြောင်းလဲမှု တစ်ခုဖြစ်ပြီးမိမိတို့ လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဖြာထွက် စေမည့် ပြောင်းလဲမှုဖြစ်သည်။ သို့သော် လက်တွေ့မပါသည့် အသိတရားသည် ပြောင်းလဲမှုကိုထင်သလောက် ဖြစ်ပေါ်စေ မည်မဟုတ်ပေ။

ဒီမိုကရေစီလူမှု ပတ်ဝန်းကျင်ရှိ နိုင်ငံသားများအနေ နှင့် မိမိတို့အနေနှင့် နိုင်ငံရေးသမားများနှင့် စနစ်အပေါ် အမြဲ တစေသုံးသပ်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းသည် အရေး ကြီးပြီး မိမိတို့ လူမှုအသိုင်းအဝိုင်းတွင် ကြီးမားသည့် အကျိုး သက်ရောက်မှုများ ရှိစေနိုင်သည်။ မကျေနပ်မှုများကို ဖော် ထုတ်ပြောဆိုရာတွင် သတိထားရမည်ဖြစ်ပြီးမိမိတို့မှ ဝေဖန် ခံရသူများထံမှလည်း အကောင်းနှင့်အဆိုး တုံ့ပြန်မှုများရှိနေ တတ်ပေသည်။ သို့သော် ကြောက်ရွံ့နေပါက ဒီမိုကရေစီ ဖြစ်စဉ်သည် နှေးကွေး (သို့) ကျရှုံးနိုင်ပေသည်။

မိမိတို့ ခေါင်းဆောင်များနှင့် အစိုးရတွင် တာဝန် ယူနေသော မိမိတို့ကိုယ်စားလှယ်များအား စောင့်ကြည့် ကြပ်မတ်ရန်အတွက် အသုံးပြုရမည့် သတင်းအချက်လက် ရင်းမြစ်များ များစွာရှိပါသည်။

အစဉ်လိုက်သွားပါ။ ခက်ခဲသော အစိတ်အပိုင်း (ဘာလုပ်ရမည်ကိုဖော်ထုတ်ခြင်း) သည် ပြီးဆုံးသွားပြီဖြစ် သည်။ ယခုသင့်လုပ်ငန်းစဉ်အား ယူဆောင်ကာအကောင် အထည်ဖော်ပါ။ သင့်လုပ်ငန်းစဉ် ရည်မှန်းချက်များ အောင်မြင်ရန် အထောက်အကူပြုမည့် အချက်များရှိပါသည်။

(က) ဖြစ်ပေါ်နေသည့် အဖြစ်အပျက်ကိုအယောက်တိုင်း စီအားအသိပေးပါ။ ပါဝင်သူများအားလုံးကို ၎င်းတို့ ပေးပို့သည့်အချက်အလက်အားမည်သို့ ထည့်သွင်း ထားသည်ကိုဆက်သွယ်ပြောဆိုပါ။ မိမိတို့အကြံပြု ချက်များလစ်လျူရှုခံရမည်ကို မည်သူမျှ နှစ်သက် မည် မဟုတ်ပေ။

(ခ) မိမိလုပ်ဆောင်ပြီးသည့် အရာ (မည်မျှကောင်း အောင်လုပ်ထားသည်) ကို မှတ်တမ်းတင်ထားပါ။ အဖွဲ့မှ အမှန်တကယ် ပြုလုပ်ပြီးသည့်အရာများကို မှတ်တမ်းတင်ထားပါ။ ပြောင်းလဲမှု (အစီစဉ်သစ် (သို့) မူဝါဒသစ်) တစ်ခုဖြစ်ပေါ်ရန် အချိန် (သို့) အရင်းမြစ်များစွာအသုံးပြုရပါကမိမိလုပ်ကိုင်သည့် လုပ်ရပ်အပေါ် နည်းစနစ်တကျ (သို့) သမာရိုးကျ လေ့လာသုံးသပ်ရန် အခွင့်အခါကောင်းတစ်ခု ဖြစ် ပေသည်။

မိမိအတွက် သော်လည်းကောင်းအခြားသူများအ တွက်သော်လည်းကောင်းမေးခွန်းပေါင်းများစွာကိုစိတ်ထဲတွင် ထားပါ။

• မိမိတို့ လုပ်ကိုင်မည်ဟုပြောဆိုခဲ့သောအရာများကို လုပ်ကိုင်နေပါသလား၊

• မိမိတို့အနေနှင့် ကောင်းမွန်စွာ လုပ်ကိုင်နေပါ သလား၊

• မိမိတို့ လုပ်ကိုင်နေသောအရာသည် ခရီးပေါက်မှု ရှိပါသလား၊

ရိုးရှင်းကောင်းမွန်သည့် အောက်ပါ အချက်များဖြင့် မိမိတို့ ကွန်ယက်များကိုစောင့်ကြည့်ကြပ်မတ်ပါ။

• အဖွဲ့ဝင်များမှ ပုံမှန် ဖုန်းခေါ်ခြင်း (သို့)တစိုက် မတ်မတ်လုပ်ကိုင်နေသည့် စေတနာ့ဝန်ထမ်းများမှ အခြားသူများသည် တာဝန်များကို မည်ကဲ့သို့ လုပ် ဆောင်နေသည်ကိုမေးမြန်းဆက်သွယ်ပါ။ ဖုန်းခေါ် ဆိုခြင်းဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမှုကိုဖြစ် ပေါ်စေနိုင်ပြီး အဖွဲ့အနေနှင့် အကူအညီများကို ရရှိ နိုင်ပါသည်။

• အမည်များနှင့်တကွ တာဝန်များပေးအပ်ကာ လုပ်ငန်းစဉ်အား အဖွဲ့ဝင်များအားလုံးကို ရေးသား ပေးပို့ပါ။ (ထပ်လောင်းပြောရမည်ဆိုလျှင်၊ ဤ အချက်သည် လုပ်ငန်းများ “တရားဝင်” မစတင်မီ လိုအပ်သည့် အချက်များကိုမေးမြန်းရန် အချိန် ကောင်းတစ်ခုဖြစ်ပေသည်။)

• ရက်သတ်မှတ်ခြင်း၊ အချိန်သတ်မှတ်ခြင်းတို့သည် ပြည့်စုံရှင်းလင်းကာ လတ်တလောအခြေအနေနှင့် ကိုက်ညီရမည်။

• ကော်မတီ အစည်းအဝေး (သို့) ဘုတ်ဖွဲ့ အစည်း အဝေး စသည့် ပုံမှန်အဖွဲ့အစည်းအဝေးများတွင် အဖွဲ့ဝင်များအား မိမိတို့ချမှတ်ထားသည့်အတိုင်း လုပ်ကိုင်ထားရှိမှု ရှိမရှိ တင်ပြစေပါ။ ဤအချက်အား အစည်းအဝေးတွင် ပုံမှန်လုပ်ရမည့် ကဏ္ဍဟုမှတ် ယူပါ။

• လုပ်ငန်းပြီးမြောက်မှုအတွက် အောင်ပွဲခံပါ။ တစ်စုံ တစ်ခုပြီးမြောက်ခြင်းသည် အမှန်တကယ် အရေး ပါပြီး အဖွဲ့အားလုံးမှ အသိမှတ်ပြုရမည် ဖြစ်သည်။ (ဂ) မိမိတို့၏ လုပ်ငန်းစဉ်များကို ပုံမှန်အကြိမ်ကြိမ် စောင့်ကြည့်လေ့လာပါ။ မိမိသည် မိမိအဖွဲ့သားများ အား တာဝန်ခံမှုရှိစေရန် ညွှန်ကြားနေရမည်ဖြစ်ပြီး လုပ်ငန်းများကိုပုံမှန်အတိုင်း ပြီးမြောက်စေရမည် ဖြစ်သည်။ ၎င်း တို့မှ သဘောတူလျှင် မိမိအနေနှင့် ၎င်းတို့အတွက်သော်လည်းကောင်း မိမိအတွက် သော်လည်းကောင်း ရည်မှန်းချက် အောက်မြင် အောင် ကူညီသင့်ပေသည်။

*********

# အခန်း (၁၀)
# မဲပေးခြင်းနှင့် ပြည်သူလူထု၏ ပါဝင်မှု အရေးပါပုံ
# (Developing Individual Action Plan)

ဤအခန်းသည် သင်တန်း၏ နောက်ဆုံးကဏ္ဍဖြစ်ပြီးသင်တန်းသားများအတွက် သင်ခန်းစာ အသစ် မဟုတ်ပေ။ ပြီးခဲ့သည့် သင်ခန်းစာဆွေးနွေးချက်များမှ အချက်လက်များကို ပြန်လည်သတိပေးခြင်းနှင့် ရွေးကောက်ပွဲကာလတွင် မဲပေးခြင်းသည် တစ်ယောက်စီတိုင်းအတွက် အရေးကြီးကြောင်း ပြန်လည်ဆွေးနွေးခြင်းဖြစ်သည်။ မိမိတို့ လူမှုအသိုင်းအဝိုင်းတွင် အသိအမြင်ဖွင့်လုပ်ငန်းများကို တက်ကြွစွာပါဝင် လှုပ်ရှား မြင့်တင်လုပ်ဆောင်ရန် သင်တန်းသားများကိုအားပေးခြင်းaသည်လည်း ဤသင်ခန်းစာ၏ အလေး ထားမှုတစ်ခုဖြစ်သည်။

## ရည်ရွယ်ချက်

ရွေးကောက်ပွဲတွင် ပြည်သူလူထုပါဝင်ခြင်း၏ အရေးကြီးပုံနှင့် ၎င်းမှ နိုင်ငံ၏ ကံကြမ္မာကိုမည်သို့ ဆုံးဖြတ်ပေးနိုင်သည်ကို နားလည်ရန်

လူမှုအသိုင်းအဝိုင်းတွင် မဲအသိပညာပေး အသိအမြင်ဖွင့်လုပ်ငန်းများကို လုပ်ဆောင်ပေးနေသူများ၏ အရေးကြီးပုံကိုနားလည်ရန်

## သင်ကြားနည်းစနစ်

အပြန်အလှန် ရှင်းပြခြင်း၊

အပြန်အလှန် ဆွေးနွေးခြင်းနှင့်

အားလုံးပါဝင်သည့် ကစားနည်း။

## လိုအပ်သော ပစ္စည်းများ

ကစားနည်းအတွက် မေးခွန်းများ

## သင်ကြားချိန်

(၃၀) မိနစ်

## သင်ကြားပုံနည်းလမ်း အဆင့်ဆင့်

### ၁။ အပြန်အလှန် ရှင်းပြခြင်း။

သင်ကြားချိန် ၅ မိနစ်

- ပြုလုပ်ပုံ - ဤအပိုင်းကို ကျွန်ုပ်ရှင်းပြချက်ကိုသင်တန်းဆရာမှ တင်ပြပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲတစ်ခုသည် နိုင်ငံအတွက်မည်မျှအရေးကြီးသည်၊ ပြည်သူလူထု ပါဝင်ခြင်းအားဖြင့် ရွေးကောက်ပွဲရလဒ်အပေါ် မည်သို့အကျိုးသက်ရောက်နိုင်သည်ကို အလေးပေး ရှင်းပြသွားမည်ဖြစ်သည်။
- **လိုအပ်သောပစ္စည်း** - မရှိ

### ၂။ သင်ဘာရွေးမလဲ? အားလုံးပါဝင်သည့် ကစားနည်း။

သင်ကြားချိန် ၁၅ မိနစ်

- ပြုလုပ်ပုံ - သင်တန်းသားများကိုမေးခွန်းများမေးပြီး ၎င်းတို့ သဘောထားအပေါ် မူတည်ပြီး ရွေးချယ်ကြမည်။ မေးခွန်းတစ်ခုစီမေးပြီးသည့် နောက်တွင် အချို့သော သင်တန်းသားများအား ၎င်းတို့၏ သဘောထားကို ပြန်လည်ဝေမျှစေပါ။
- **လိုအပ်သောပစ္စည်း** - မရှိ။
- အဆင့်ဆင့် - သင်တန်းဆရာမှ မျဉ်းကြောင်းတစ်ကြောင်းဆွဲပါ။
  - မေးခွန်းများပေါ် မူတည်၍ တစ်နေရာတစ်ဘက်ကို ရွေးရန် သင်တန်းသားများကို မေးပါ။
  - မေးခွန်းများမေးပြီး သင်တန်းသားများနေရာယူပြီးနောက် တစ်ဘက်စီမှ သင်တန်းသားတစ်ဦးအားဘာ့ကြောင့် ရွေးရသည်ကိုမေးပါ။
  - သင်တန်းသားအားလုံးတစ်ဘက်ကိုသာ ရွေးချယ်ပါကဘာ့ကြောင့် အခြားတစ်ဘက်ကိုမရွေးရသည်ကိုသင်တန်းသားတစ်ဦးအားမေးပါ။
  - အချိန်မလောက်သော်လည်း မေးခွန်းအားလုံးကိုမေးပါ။ အချိန်ကန့်သတ်ချက်ရှိပါက လိုရင်းတိုရှင်းတင်ဆက်ရန် သင်တန်းဆရာမှ သင်တန်းသားများအား ပြောပါ။

### ၃။ အပြန်အလှန် ဆွေးနွေးခြင်း။

သင်ကြားချိန် ၂၀ မိနစ်

- ပြုလုပ်ပုံ - သင်တန်းဆရာနှင့် သင်တန်းသားများ အားလုံးအတူတကွ ခေါင်းစဉ်အချို့ကို ဆွေးနွေးကြမည်။
- **လိုအပ်သည့် ပစ္စည်း** - မရှိ

## သင်ခန်းစာလမ်းညွှန်

# လမ်းညွှန်/ဆွေးနွေးရန် အချက်များ

နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကိုဖန်တီးရာအကြောင်း အချက်များစွာရှိသော်လည်း နိုင်ငံရှိ အစိုးရ။အစိုးရ ယန္တရား သည် အဓိကကျသော သော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံ၏ ကံကြမ္မာဆိုးခြင်း ကောင်းခြင်းကို ၎င်းက ဆုံးဖြတ်ပေးနိုင်ပါ သည်။ မြန်မာနိုင်ငံတွင် ပြည်သူများအနေနှင့် အစိုးရကို ရွေးကောက်ပွဲအားဖြင့် တိုက်ရိုက်ရွေးကောက်မြှောက်ခြင်း မ ပြုနိုင်ပေ၊ သို့သော် နိုင်ငံတော်သမ္မတကို ရွေးကောက်တင် မြှောက်မည့် ၎င်းတို့၏ ကိုယ်စားလှယ်များမှတဆင့်ကို ရွေး ကောက်တင်မြှောက်နိုင်ပေသည်။ ထို့အပြင်၊ ကိုယ်စားလှယ် များ။လွှတ်တော်အမတ်များ အနေနှင့်လည်း ကဏ္ဍအသီးသီး တွင် အစိုးရအား အပြန်အလှန် ထိန်းကြောင်းပေးနိုင်ပေသည်။ ထို့ကြောင့် အစိုးရကောင်းရှိသည့်အလား မှန်ကန်သည့် ကိုယ်စားလှယ်များရရှိရန် အရေးကြီးလှပေသည်။

ရွေးကောက်ပွဲများသည် ပြည်သူတို့၏ ကိုယ်စား လှယ်များ တရားဝင်ရွေးချယ်ရသည့် တစ်ခုတည်းသော နည်း လမ်းဖြစ်လေရာ နိုင်ငံ၏ ကံကြမ္မာကိုဆုံးဖြတ်ရန် အရေးကြီး ဆုံးသောအခင်းအကျင်းတစ်ခုဖြစ်ပေသည်။ ပြည်သူများအနေ နှင့် ကိုယ်စားလှယ်များအား သတိကြီးစွာ မရွေးချယ်ပါက (သို့) ရွေးကောက်ပွဲတွင် မဲမပေးချင်ပါက ပြည်သူလူထုကို ကိုယ်စားမပြုသည့် အမတ်များ ရွေးကောက်တင်မြှောက်ခြင်း ခံရမည်ဖြစ်ကာ နိုင်ငံ၏ ကောင်းကျိုးစီးပွားအတွက် များစွာထိ ခိုက်မှုရှိမည်ဖြစ်သည်။

အချို့သောသူများသည် မိမိတွင်မဲတစ်မဲသာ ရှိလေ ရာ ရွေးကောက်ပွဲအတွက် မည်သည့် အကျိုးသက်ရောက်မှုမ မရှိနိုင်ဟု ထင်ကြပေသည်။ ဤသည်မှာမှားယွင်းသော အတွေးခေါ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်စား လှယ်တစ်ဦးအား ရွေးကောက်တင်မြှောက်သည့်

မဲများသည် အမျိုးမျိုးသောလူများထံမှ တစ်ဦးချင်းစီ၏ မဲများဖြင့် တည်ဆောက်ထားသောကြောင့် တစ်ဦးခြင်းစီ၏ မဲပေးခြင်းမှ စတင် ပါသည်။ ထို့အပြင် အရည်ချင်းပြည့်မီသောမဲပေးသူသည် ဆင်းရဲချမ်းသာ။ပညာတတ်။ပညာမတတ် မရွေးဘဲညီတူသော အခွင့်အရေးရှိသည်။ တစ်ဦးတစ်ယောက်သည် ရွေးကောက်ပွဲတွင် ပါဝင်မဲပေးခြင်း မရှိပါကအခြားသူများအနေနှင့် ၎င်းတို့အခွင့်အရေးကိုအသုံးပြုနေစဉ် မိမိသည် မိမိအခွင့်အရေးကိုစွ နှ့်ပစ်ရာအဓိပ္ပါယ်ရောက်ပေသည်။ ထို့ကြောင့် ရွေးကောက်ပွဲ တွင် ပြည်သူများအားလုံးပါဝင်ရန် အရေးကြီးပေသည်။

ကစားနည်းအတွက် မေးခွန်းများ ၁။ ရွေးကောက်ပွဲသည် သင့်အတွက်အရေးကြီးပါ သလား (အရေးကြီးပါသည်။အရေးမကြီးပါ)

၂။ ရွေးကောက်ပွဲမှ နိုင်ငံအတွက် ပြောင်းလဲမှုများ ယူဆောင်လာမည်ဟု သင်ထင်ပါသလား (ဟုတ်။ မဟုတ်)

၃။ သင်ကြိုက်နှစ်သက်သော နိုင်ငံရေးပါတီသည် ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခြင်း မရှိပါကသင် မဲပေးမှာလား (ပေး။မပေး)

၄။ အရည်ချင်းပြည့်မှီသောမဲပေးသူများအားလုံးသည် သင့်လျော်သောကိုယ်စားလှယ်ကို ရွေးချယ်တတ် မည်၊ မဲပေးတတ်မည်ဟု သင်ထင်ပါသလား (ထင် ပါသည်။မထင်ပါ)

၅။ သင့်အားလူတစ်ဦးမှ ရွေးကောက်ပွဲအကြောင်းနှင့် မဲပေးခြင်းအကြောင်း မေးမြန်းပါက သင်ဘာလုပ် မည်နည်း (သေသေချာချာဖြေပေးပါ။အခြားသူ တစ်ယောက် အားဂရုမစိုက် (သို့) မရည်ညွှန်းပါနှင့်)။

၆။ မဲပေးခြင်းသည် လွယ်ကူ (သို့) ခက်ခဲသည် ဟု ထင်ပါသလား (လွယ်ကူ။ခက်ခဲ)

အပြန်အလှန်ဆွေးနွေးရန် ခေါင်းစဉ်များ

- မဲအသိပညာပေးတွင် ပြည်သူများမည်သို့ ကူညီ ပေးနိုင်မည်နည်း၊

- မဲအသိပညာပေးနှင့် မဲပေးခြင်းအပြင် ရွေးကောက် ပွဲတွင် သာမန် ပြည်သူများ၏ ကဏ္ဍ

- ပြည်သူများ ရွေးကောက်ပွဲတွင် မဲမပေး (သို့) ပါဝင် ခြင်း မရှိပါကမည်သို့ ဖြစ်လာမည်နည်း၊

- ရွေးကောက်ပွဲနှင့် ပြည်သူများ၏ အကြားဆက်နွယ် မှု။

*********

# အခန်း (၁၀)
## ပုံစံ (၃)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင်** အမည်ထည့်သွင်းပေးပါရန် **လျှောက်လွှာ**
[ နည်းဥပဒေ ၉ ]

သို့

ဥက္ကဋ္ဌ
------------------------------ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲ
------------------------------ မြို့နယ်

(၂) လျှောက်ထားသူအမည် ------------------------------------------------------------
(၂) မှတ်ပုံတင်အမှတ် ------------------------------------------------------------
(၃) မွေးသက္ကရာဇ်(အသက်) ------------------------------------------------------------
(၄) အဘအမည် ------------------------------------------------------------
(၅) အမိအမည် ------------------------------------------------------------
(၆) နေရပ်လိပ်စာ ------------------------------------------------------------

လျှောက်ထားသူသည် မြန်မာနိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ/ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူဖြစ်၍------------------------------ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်သည့်အပြင် မဲစာရင်းတွင်ပါဝင်နိုင်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်ပါသည်။ လျှောက်ထားသူသည် အထောက်အထားအဖြစ်ဖြင့် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကိုတင်ပြပါသည်။

------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------

## ဝန်ခံချက်

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည်မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်းမရှိပါ။

တောင်းဆိုသူ သို့မဟုတ်
ကိုယ်စားလှယ်လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ -----------------------------------

တောင်းဆိုသူ ဦး/ဒေါ် ------------------------------သည် အမှတ် (      )-------------------- လမ်း၊ ---------------------------၊ ----------------------------- ရပ်ကွက်/ကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်ပါသည်။

ရက်စွဲ၊ -----------------------------------

အုပ်ချုပ်ရေးမှူး

ရက်စွဲ၊ -----------------------------------          ------------------------ရပ်ကွက်/ကျေးရွာအုပ်စု

မှတ်ချက်။ မဲစာရင်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ခြင်းဖြစ်ပါက အိမ်ထောင်စုဇယားနှင့်ပယ်ချက်ပြီးကြောင်း အထောက်အထား ပုံစံ(၄-ခ) တို့ ပူးတွဲတင်ပြရမည်။

*********

# အခန်း (၁၀)
## ပုံစံ (၃ - က)

ပုံစံ (၃-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းတွင်ထည့်သွင်းပေးပါရန် လျှောက်လွှာ**

[ နည်းဥပဒေ ၁၀ (က) ]

သို့

ဥက္ကဋ္ဌ

-------------------------- ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ

-------------------------- မြို့နယ်

| | | |
|---|---|---|
| (၁) | လျှောက်ထားသူအမည် | ---------------------------------------- |
| (၂) | ကျား/မ | ---------------------------------------- |
| (၃) | မွေးသက္ကရာဇ် | ------------------------------ အသက်(      ) |
| (၄) | မှတ်ပုံတင်အမှတ် | ---------------------------------------- |
| (၅) | အဘအမည် | ---------------------------------------- |
| (၆) | အမိအမည် | ---------------------------------------- |
| (၇) | လက်ရှိနေရပ်လိပ်စာ | ---------------------------------------- |
| (၈) | အလုပ်အကိုင် | ---------------------------------------- |
| (၉) | လက်ရှိလုပ်ကိုင်နေသောကုမ္ပဏီ/ လုပ်ငန်းအမည် | ---------------------------------------- |
| (၁၀) | အမြဲတမ်းနေရပ်လိပ်စာ | ---------------------------------------- |
| (၁၁) | အမြဲတမ်းနေရပ်၏ ရပ်ကွက်/ကျေးရွာ အုပ်စုအမည် | ---------------------------------------- |
| (၁၂) | အမြဲတမ်းနေရပ်၏ မြို့နယ်အမည် | ---------------------------------------- |
| (၁၃) | အမြဲတမ်းနေရပ်၏ မြို့အမည် | ---------------------------------------- |

လျှောက်ထားသူသည် မြန်မာနိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရသူ/ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ပြီး မဲပေးခွင့်စာရင်းတွင် ပါဝင်နိုင်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ပါသည်။ လျှောက်ထားသူသည် အထောက်အထားအဖြစ် အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် သက်သေများကို တင်ပြပါသည်။

--------------------------------------------

--------------------------------------------

--------------------------------------------

## ဝန်ခံချက်

အထက်ပါအချက်များအားလုံးမှန်ကန်ပါသည်။ တောင်းဆိုသူသည်မည်သည့်အခြားမဲဆန္ဒနယ်၏ မဲစာရင်းတွင်မျှပါဝင်ရန် တောင်းဆိုထားခြင်းမရှိပါ။

တောင်းဆိုသူ၏လက်မှတ် သို့မဟုတ်
လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ -----------------------------------

## လုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်

အထက်ပါ လျှောက်ထားသူ ဦး/ဒေါ်----------------------------သည် မိမိတို့ဌာန/ကုမ္ပဏီ/ လုပ်ငန်းတွင် ---------------------------- အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်း လုပ်ကိုင်လျက်ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ထောက်ခံပါသည်။

ဌာနတာဝန်ခံ သို့မဟုတ်
လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်၏ လက်မှတ်

ရက်စွဲ၊----------------------------------

မှတ်ချက်။ အခြားပုဂ္ဂိုလ်များအတွက်ဖြစ်လျှင် ဌာနတာဝန်ခံ သို့မဟုတ် လုပ်ငန်းရှင် / လုပ်ငန်းရှင် ကိုယ်စားလှယ်၏ ထောက်ခံချက် ဖြည့်စွက်ရန်မလို။

## ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်

လျှောက်ထားသူ ဦး/ဒေါ် --------------------------------သည်------------------------------- ဌာန/ ကုမ္ပဏီ/လုပ်ငန်းတွင် --------------------------------အဖြစ် ရက်ပေါင်း ၁၈၀ ထက်မနည်းလုပ်ကိုင်လျက်ရှိ ကြောင်း ထောက်ခံပါသည်။

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး
-------------------------ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

ရက်စွဲ၊ -----------------------------------

*********

# အခန်း (၁၀)
## ပုံစံ (၃ - ခ)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းမှအမည်ကို ပယ်ဖျက်ပေးရန်တောင်းဆိုလွှာ**
[ နည်းဥပဒေ ၁၀ (ဂ) ]

သို့

ဥက္ကဋ္ဌ

---------------------------- မြို့နယ် ကော်မရှင်အဖွဲ့ခွဲ

၁။ ဤရပ်ကွက်/ကျေးရွာအုပ်စုရှိ ------------------------------------------ ဌာန/ကုမ္ပဏီ/လုပ်ငန်းတွင် (အလုပ်အကိုင်) ------------------------------------------------------ အဖြစ်လုပ်ကိုင်လျက်ရှိသော ဦး/ဒေါ် ------------------------------ ၏ လျှောက်ထားချက်အရ ဥပဒေနှင့်အညီစိစစ်၍ ယင်း၏အမည်ကို -------------------------------------ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင် ထည့်သွင်းပြီးဖြစ်ပါသည်။

၂။ ဦး/ဒေါ် -------------------------- အမြဲတမ်းနေထိုင်သည့် အောက်ပါနေရပ်လိပ်စာရှိ သက်ဆိုင်သည့် ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင် ယင်း၏အမည်ပါဝင်ပါက ထိုအမည်ကို ပယ်ဖျက်ပေးပါရန် တင်ပြအပ်ပါသည်။

(က) အမည် ----------------------------------------------------------

(ခ) မွေးသက္ကရာဇ် ----------------------------------------------------------

(ဂ) မှတ်ပုံတင်အမှတ် ----------------------------------------------------------

(ဃ) မိဘအမည် ----------------------------------------------------------

(င) အမြဲတမ်းနေရပ်လိပ်စာ အမှတ်( )၊---------------------------------လမ်း

---------------------------------ရပ်ကွက်/ကျေးရွာအုပ်စု

-----------------------------------------------------မြို့နယ်၊

--------------------------------တိုင်းဒေသကြီး/ပြည်နယ်

ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး

--------------------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဆက်လက်အကြောင်းကြားရန်

သို့

ဥက္ကဋ္ဌ

---------------------------- မြို့နယ် ကော်မရှင်အဖွဲ့ခွဲ

ဦး/ဒေါ် ---------------------------- ၏အမည်စာရင်းသည် ------------------------------- မြို့နယ်၊ ---------------------------------- ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင်ပါဝင်ပြီးဖြစ်ပါ၍ ယင်း၏အမည်စာရင်းသည်------------------------------မြို့နယ်၊-----------------------------------ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင်ပါရှိပါက ထိုအမည်စာရင်းကို ပယ်ဖျက်နိုင်ရေးအတွက် လိုအပ်သလိုဆောင်ရွက်နိုင်ပါရန် ပုံစံ(၃-ခ)(၁)"သုံးစောင်" ကို ဆက်လက်ပေးပို့အပ်ပါသည်။

ဥက္ကဋ္ဌ

------------------------------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

*********

# အခန်း (၁၀)

## ပုံစံ (၄)

ပုံစံ (၄)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းနှင့်စပ်လျဉ်းသော ကန့်ကွက်လွှာ**

[ နည်းဥပဒေ ၁၁ (က) ]

သို့

ဥက္ကဋ္ဌ

------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ

------------------------------ မြို့နယ်

ကန့်ကွက်လိုသော မဲစာရင်း -

------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု

မဲစာရင်းပါ အမှတ်စဉ် ------------------------------------------------------------

ကန့်ကွက်လိုသော မဲဆန္ဒရှင်အမည် ------------------------------------------------

ကန့်ကွက်ရသောအကြောင်းရင်း ----------------------------------------------------

------------------------------------------------------------------------------------------

ကျွန်ုပ်သည် ဤကန့်ကွက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ်တင်ပြပါသည်။

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------

ဤကန့်ကွက်လွှာပါအကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။

ကန့်ကွက်သူ အမည် ------------------------------------------------

ကန့်ကွက်သူ ရပ်ကွက်/ကျေးရွာအုပ်စု ------------------------------------------------

ကန့်ကွက်သူ၏ မဲစာရင်းပါအမှတ်စဉ် ------------------------------------------------

ကန့်ကွက်သူ၏လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ------------------------------

*********

အခန်း (၁၀)
ပုံစံ (၄ - က)

ပုံစံ (၄-က)

**လွှတ်တော်ရွေးကောက်ပွဲများ**
**အခြားဒေသတစ်ခုသို့ပြောင်းရွှေ့မည်ဖြစ်သဖြင့် မဲစာရင်းမှအမည်ကို**
**ပယ်ဖျက်ပေးရန်လျှောက်ထားခြင်း** — **ပယ်ဖျက်ပေးရန်တောင်းဆိုလွှာ**

[ နည်းဥပဒေ ၁၄ (င) ]

သို့

ဥက္ကဋ္ဌ

------------------------------ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲ

------------------------------ မြို့နယ်

၁။ မိမိ ဦး/ဒေါ် ------------------------------သည်------------------------------ ရပ်ကွက်/ကျေးရွာ အုပ်စု၊ ------------------------------ မြို့နယ်သို့ ပြောင်းရွှေ့မည်ဖြစ်ပါသဖြင့် ------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းတွင်ပါဝင်သော မိမိ၏အမည်ကို ပယ်ဖျက်ပေးပါရန် မိမိသို့ထုတ်ပေးထားသော ပုံစံ(၁၀) သို့မဟုတ် ပုံစံ (၉၀/၁/နငသ)နှင့်အတူ တင်ပြအပ်ပါသည်။

၂။ မဲစာရင်းတွင်ပါဝင်သော မိမိ၏ ကိုယ်ရေးအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု မဲစာရင်းပါ အမှတ်စဉ် ---------------

(ခ) အမည် ------------------------------

(ဂ) မှတ်ပုံတင်အမှတ် ------------------------------

(ဃ) မွေးသက္ကရာဇ်(အသက်) ------------------------------

(င) လူမျိုး ------------------------------

(စ) အဘအမည် ------------------------------

(ဆ) အမိအမည် ------------------------------

(ဇ) နေရပ်လိပ်စာ ------------------------------

မဲဆန္ဒရှင်၏လက်မှတ်

သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ ------------------------------

*********

# အခန်း (၁၀)
ပုံစံ (၄ - ၈)

ပုံစံ (၄-ဂ)

**လွှတ်တော်ရွေးကောက်ပွဲများ**
**မဲစာရင်းနှင့်စပ်လျဉ်းသော ပြင်ဆင်လွှာ**
[ နည်းဥပဒေ ၁၁ (က) ]

သို့

ဥက္ကဋ္ဌ

------------------------------ ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲ

------------------------------ မြို့နယ်

------------------------------ မြို့

ပြင်ဆင်လိုသော မဲစာရင်း -

------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု

မဲစာရင်းပါ အမှတ်စဉ် --------------------------------------------

ပြင်ဆင်ရသောအကြောင်းရင်း ----------------------------------------------------------------------

------------------------------------------------------------------------------------------------------------

ကျွန်ုပ်သည် ဤပြင်ဆင်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ သို့မဟုတ် အသိသက်သေများကို အထောက်အထားအဖြစ်တင်ပြပါသည်။

------------------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------------------

ဤပြင်ဆင်လွှာပါအကြောင်းအရာများကို ကျွန်ုပ်ကိုယ်တိုင် သိ/ကြားသမျှ ဟုတ်မှန်ကြောင်း ဝန်ခံပါသည်။

(၁) အမည် ------------------------------------------------------------

(၂) ကျား/မ ------------------------------------------------------------

(၃) မွေးသက္ကရာဇ် -------------------------------------- အသက်(           )

(၄) မှတ်ပုံတင်အမှတ် ------------------------------------------------------------

(၅) အဘအမည် ------------------------------------------------------------

(၆) အမိအမည် ------------------------------------------------------------

(၇) အမြဲတမ်းနေရပ်လိပ်စာ ------------------------------------------------

လျှောက်ထားသူအမည် ------------------------------------------------

လျှောက်ထားသူ၏ ---------------------------------------- ရပ်ကွက်/ကျေးရွာအုပ်စု၊

လျှောက်ထားသူ၏ မဲစာရင်းပါအမှတ်စဉ် --------------------------------------------

လျှောက်ထားသူ၏ လက်မှတ်
သို့မဟုတ် လက်ဝဲလက်မလက်ဗွေ

ရက်စွဲ၊ --------------------------

*********

အခန်း (၁၀)
ပုံစံ (၁၅)

ပုံစံ (၁၅)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍
## ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

------------------------------ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------------------ သည် ------------------------------ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပသို့ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည်။

(၁) တောင်းဆိုသူအမည် ------------------------------------------------------------

(၂) တိုင်းရင်းသား၊ လူမျိုး ------------------------------------------------------------

(၃) မှတ်ပုံတင်အမှတ် ------------------------------------------------------------

(၄) မွေးသက္ကရာဇ်(အသက်) ------------------------------------------------------------

(၅) အဘအမည် ------------------------------------------------------------

(၆) အမိအမည် ------------------------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ အမှတ် ( )၊ --------------------လမ်း/
ကျေးရွာ ------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု၊------------------------------
မြို့နယ်၊ ------------------------------တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူယခုရောက်ရှိနေသည့် ---------------------------------------- နေရပ်/ဌာန
(ပြည်တွင်း/ပြည်ပ) ----------------------------------------
ခွဲခြားဖော်ပြရန်

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ------------------------------

(*တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။)

*********